bible educational services

# ဆရာများ အတွက် လမ်းညွှန်

## သမ္မာကျမ်းစာသင်ယူလေ့လာချိန် အဆင့် ၁ နှင့် အဆင့် ၂

အတွဲ ခ

သင်ခန်းစာ ၇-၁၂

www.besweb.com

# Bible Educational Services

## သမ္မာကျမ်းစာ ပညာရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်း

Registered Charity UK (No 1186004)

**သာသနာတော် အတွက် သဘောထား**
အစီအစဉ်အလိုက်ဖြစ်သည့် ကျမ်းစာသင်ခန်းစာများကို ယခုလက်ရှိအချိန်နှင့် နောင်လာမည့်မျိုးဆက်များအား ဘုရားသခင်၏စကားတော်ကို သင်ကြားပေးနိုင်ရန်အတွက်နှင့် အမှုတော်မြတ်တွင်အစေခံသည့်အခါ ကမ္ဘာအနှံ့အသုံးပြုနိုင်ရန် သင်ခန်းစာများကို ထုတ်လုပ်ပေးခြင်းအားဖြင့် အစေခံနေခြင်းဖြစ်သည်။

**ရှုပါရုံထားရှိခြင်း**
သမ္မာကျမ်းစာ ပညာရေးဆိုင်ရာများကို ကမ္ဘာဘာသာစကားအသီးသီးဖြင့် လွယ်ကူစွာထုတ်ဝေနိုင်ရန်နှင့် ဆက်နွယ်မှုအမျိုးမျိုးအားဖြင့် တစ်ဦးနှင့်တစ်ဦး လက်တွဲလုပ်ဆောင်ရာတွင် အကျိုးပြုစေရန် ကျွန်ုပ်တို့၏ တန်ဖိုးအရှိဆုံးသော အရာများကို ဝေငှပေးခြင်းဖြစ်သည်။

## အထွေထွေအသိပေးချက်

**ဓမ္မပညာရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းမှ လုပ်ဆောင်ပေးချက်များ**
"Bibletime", "New Life" နှင့် "Gleaners" ကျမ်းစာသင်ခန်းစာများကို အင်္ဂလိပ်ဘာသာဖြင့်ထုတ်ဝေပြီး တွင်ရှိသော ကျမ်းစာကျောင်းများနှင့် သင်ခန်းစာများကို အသုံးပြုသောအဖွဲ့အစည်းအသီးသီးသို့ စာတိုက်မှပို့ပေးခြင်းများ၊ သွားရောက်လည်ပတ်ခြင်းအားဖြင့်လည်းကောင်း၊ အဆက်အသွယ်များ၊ ပြုလုပ်ခြင်းဖြင့်လည်းကောင်း အကြံညှာဏ်ပေးခြင်းများ၊ သင်တန်းပို့ချခြင်းများ ပြုလုပ်ပေးသည်။ ဤ BES အဖွဲ့သည်သင်ခန်းစာများကိုဘာသာပြန်ပေးခြင်း၊ ထုတ်ဝေပေးခြင်းများဖြင့် အခြားနိုင်ငံများရှိအဖွဲ့အစည်းများနှင့်လည်း လက်တွဲလုပ်ဆောင်သည်။ သင်ခန်းစာများအား ကျောင်းသားတိုင်းအတွက် အခမဲ့ ပြင်ဆင်ထားပေးသည်။

Bibletime သင်ခန်းစာများကို လွန်ခဲ့သောနှစ်ပေါင်း (၅၀)ကျော် အိုင်ယာလန်တောင်ပိုင်းတွင် ပထမဆုံး အသုံးပြုခဲ့ပြီးဖြစ်သည်။ အင်္ဂလိပ်ဘာသာနှင့် လည်းကောင်း၊ နိုင်ငံခြား ဘာသာအသီးသီးဖြင့်လည်းကောင်း၊ သင်ခန်းစာများအတွက် စာမူနှင့်ပတ်သက်၍ ပညာရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းမှ တာဝန်ယူထိန်းသိမ်းထားသည်။ အချို့နေရာများတွင် ကျောင်းသားများအတွက် အထောက်အကူပြုစေရန် Bibletime သင်ခန်းစာများကို သာမာန် A4 ပုံစံဖြင့် ထုတ်ဝေထားသည်။ လေးပတ်မြောက်တိုင်း သင်ခန်းစာများကို ကျမ်းစာကျောင်းရုံးချုပ်သို့ အမှတ်စစ်ဆေးရန် ပြန်ပို့ပေးရမည်ဖြစ်သည်။ Belfast ရှိ (နိုးထမှုအစီအစဉ်) Every Home For Crusade သို့ကျေးဇူးတင်ပါသည်။ များမကြာမီက A5 ပုံစံဖြင့် ခြောက်လစာ သင်ခန်းစာများကို ထုတ်ဝေနိုင်ခဲ့သည်။ ထိုသင်ခန်းစာများကို အထူးသဖြင့် ထိရောက်မြန်ဆန်သည့်စာပို့မှုစနစ်မရှိသောနေရာများတွင်ရှိသည့် အသင်းတော်နှင့် ကျောင်းများတွင် အသုံးပြုနိုင်ရန် ဖြစ်သည်။

BES သင်ခန်းစာများသည် အလွန်ကောင်းမွန်ပြီး အိမ် (သို့) အဖွဲ့အစည်း (အသင်းတော်၊ ကျောင်း၊) များတွင်သင်ယူနိုင်ရန် ပြင်ဆင်ထားခြင်းဖြစ်သည်။ ကျောင်းသားများအသက်(၂၀)နှစ်အထိ ဆက်လက်သင်ယူနိုင်ခွင့်ရရန် သင်ရိုးမာတိကာများကို ပြင်ဆင်ပေးထားသည်။ အဆင့် ၅ ဆင့်၏ သင်ခန်းစာများသည် တိကျစွာသက်မှတ်ထားသည့် အသက်အပိုင်းအခြားများအတွက်ဖြစ်သည်။ မူကြို ၊ ၅-၇ နှစ်၊ ၈-၁၀နှစ်၊ ၁၁-၁၃နှစ်၊ ၁၄-၁၆နှစ်၊ တို့ဖြစ်သည်။ အသက်အပိုင်းအခြားတစ်ခုစီအတွက် သုံးနှစ်စာအတွက် သင်ရိုးမာတိကာ ရှိသည်။ အဖွဲ့တစ်ခုစီသည် စွမ်းရည်ခြားနားမှုရှိနိုင်သည်။ ဘုရားသခင်၏ စကားတော်ကို ကလေးသူငယ်များ သင်ယူနိုင်သော အခွင့်အရေးနှင့် သမ္မာကျမ်းစာပုံပြင်များကို သူတို့၏အသက်တာ၌ သင်ယူခြင်းဖြင့် သတင်းကောင်းနှင့် ပတ်သက်၍ စိန်ခေါ်မှုများကို မြင်တွေ့ခံစားနိုင်ရန် သမ္မာကျမ်းစာသင်ယူချိန် (Bibletime) သင်ခန်းစာမှ ပြုလုပ်ပေးထားသည်။

သင်ခန်းစာမိတ္တူများကို အင်္ဂလိပ်ဘာသာစကားဖြင့် BES Website www.besweb.com တွင်၎င်း International Secretary တွင်၎င်း ရရှိနိုင်သည်။ အခြားသောဘာသာစကားများအားဖြင့် Website တွင်ရရှိနိုင်သည်။ ရေးဆွဲထားခြင်း ဖြစ်သည်။ သင်အလိုရှိပါက သင့်အားအကူအညီပေးနိုင်သော စာရွက်စာတမ်းများ BES တွင်ရှိသည်။ ထိုစာရွက်စာတမ်းများကို Website တွင်ရရှိနိုင်ပါသည်။

## ဆက်သွယ်ရန်လိပ်စာ


**UK (Northern Ireland) Office (stockist of all English lessons)**
37a Belmore Street, Enniskillen, Northern Ireland BT74 6AA
Phone: 0286 632 2462

**UK Secretary**
Mr Stephen Gillham
Email: stephen.gilllham@besweb.com

**Web address:** www.besweb.com
**Email address:** info@besweb.com

## ဆရာများအတွက်လမ်းညွှန်

မူလပထမတွင် Bibletime သင်ခန်းစာများကို ကျမ်းစာကျောင်းအဝေးသင်ဌာန နှင့် စာပို့စနစ်ဖြင့် အသုံးပြုရန် ထုတ်လုပ်ထားခြင်းဖြစ်သော်လည်း စာပို့စနစ်မလွယ်ကူသောနေရာများ (သို့) အာဖရိကရှိ နေရာအတည်တကျမရှိသောကျောင်းများ၊ အသင်းတော်များ၊ အိန္ဒိယ နှင့် အခြားသောနေရာများတွင် ဤသင်ခန်းစာများကို ပိုမိုအသုံးပြုလာကြသည်။ ထိုကဲ့သို့သောအခြေအနေမျိုးတွင် Bibletime သင်ခန်းစာများကို အသုံးပြုနိုင်ရန်အတွက် ဆရာ့လမ်းညွှန်အဆင့် ၁ နှင့် ၂ သင်ခန်းစာအတွက် ဖြစ်ပြီး အသက်အပိုင်းအခြားအားဖြင့် ၅-၁၀ နှစ် အထိ ကလေးများအတွက် လိုက်နာရေးဆွဲထားခြင်း ဖြစ်သည်။

လမ်းညွှန်တစ်ခုချင်းစီသည် Bibletime သင်ခန်းစာတွင် ဖော်ပြထာသည့် ကျမ်းအကိုးအကားအတိုင်း တူညီစေရန် ရေးဆွဲထားခြင်း ဖြစ်သည်။ Bibletime သင်ခန်းစာများနှင့် လမ်းညွှန်များသည် အပတ်စဉ်အသုံးပြုနိုင်ရန် ပြုလုပ်ထားခြင်းဖြစ်သည်။ ဧပြီလအတွက် သင်ခန်းစာများသည် (Easter) နှင့်ဆက်နွယ်သည့် အကြောင်းအရာများဖြစ်ပြီး ဒီဇင်ဘာလအတွက် သင်ခန်းစာများသည် ခရစ္စမတ်နှင့် ဆက်နွယ်သည့် သင်ခန်းစာများ ဖြစ်သည်။

အချို့နေရာမျာတွင် A4 ပုံစံဖြင့်သင်ခန်းစာများကို ထုတ်လုပ် အသုံးပြုသွားမည်ဖြစ်သည်။ အချို့နေရာများတွင် သင်ခန်းစာ ၂၄ ခုပါဝင်သည့် A5 ပုံစံကိုအသုံးပြုသွားမည်ဖြစ်သည်။ သာမန်အားဖြင့် ဆရာ သို့မဟုတ် ခေါင်းဆောင်သည် လစဉ် A4 သင်ခန်းစာကိုပေးပြီး အသင်းတော်၊ ကျောင်း၌ သို့မဟုတ် အိမ်သို့ယူသွားစေပြီး အပတ်စဉ် ထိုသင်ခန်းစာကို ဖြည့်ရမည်ဖြစ်သည်။ နောက်တပတ်တွင် ထိုဖြည့်ပြီးသာ သင်ခန်းစာကို ပြန်အပ်စေရမည် ဖြစ်သည်။ လကုန်ပြီးနောက် ဆရာ သိုမဟုတ် ခေါင်းဆောင်သည် သင်ခန်းစာများကိုစုစည်းပြီး ဖြစ်နိုင်ခြေအရှိဆုံး အမှတ်များကိုပေးပြီး ထိုရမှတ်များကို အမြန်နိုင်ဆုံး ကျောင်းသားများထံ ပြန်ပေးရမည်ဖြစ်သည်။

သင်ခန်းစာ စာအုပ်ငယ်ရှိ သင်ခန်းစာများကို အစီအစဉ်အတိုင်း အသုံးပြုသည့်အခါ အခန်းတခုစီ၏အဆုံးတိုင်းတွင် စာအုပ်များကို စုစည်းပြီး ရမှတ်များ ပေးသွားရမည်ဖြစ်သည်။ မည်သည့်အခြေအနေတွင်မဆို ဤအရာသည် အလွန်အရေးကြီးကြောင်း ကျွန်ုပ်တို့နားလည်ထားရမည်ဖြစ်သည်။ ထို့ကြောင့် စုထားသည့် အဖြေလွှာစာအုပ်များကို စာသင်ခန်းထဲရှိ အဖြေလွှာရှင်မဟုတ်သော ကျောင်းသားမျာထံ ဝေပေးပါ။ ခေါင်းဆောင် သို့မဟုတ် ဆရာသည် သင်ခန်းစာပါ အမှတ်ပေးစည်းမျဉ်းအတိုင်း ဦးဆောင်ညွှန်ကြားသွားပြီး ကျောင်းသားများက သူငယ်ချင်းများ၏ သင်ခန်းစာများကို ရမှတ်များ ပေးသွားမည်ဖြစ်သည်။ လစဉ်သင်ခန်းစာအတွက် ရမှတ်များရေးရန် နေရာကို သင်ခန်းစာစာအုပ်၏ နောက်ပိုင်းတွင် ပေးထားသည်။ ကျောင်းသားများ၏ အဖြေလွှာနှင့် ပတ်သက်၍ ဝေဖန်ချက်များရေးရန် နေရာကိုလည်း ပေးထားသည်။ ခြောက်လစာ သင်ခန်းစာအတွက် ကျောင်းသားရရှိထားသော ရမှတ်၏ အမှတ်ရာခိုင်နှုန်းအရ အဆင့်အတန်း မခွဲခြားပဲ အောင်လက်မှတ်များကို ပေးသွားမည်ဖြစ်သည်။

## ဆရာ/ဆရာမများ အတွက် ကြိုတင်ပြင်ဆင်ခြင်း

သင်ကြားပေးသူသည် မိမိတို့၏ ကိုယ်ပိုင်အရည်အချင်း၊ ကိုယ်ပိုင်နည်းလမ်း၊ ကိုယ်ပိုင်အတွေးအခေါ်များကို အသုံးပြုရန်နေရာမရှိအောင် ကျွန်ုပ်တို့ မပြုလုပ်လိုပေ။ Bibletime သင်ခန်းစာများကို အသုံးပြုရာတွင် အကူအညီပေးနိုင်ရန် ဤအရာများသည် အကြံပြုချက်များသာ ဖြစ်သည်။

- **ပုံပြင်နှင့် ကျွမ်းဝင်မှုရှိပါ။ -** သင်ကြားပေးသူသည် ကျမ်းစာပုံပြင်များနှင့်လည်းကောင်း၊ သင်ခန်းစာပါပုံပြင်များနှင့်လည်းကောင်း၊ အတတ်နိုင်ဆုံးကျွမ်းဝင်မှုရှိရမည်။ သင်ခန်းစာအတွက် ရည်ရွယ်ချက်ရှိရှိနှင့် ရေးဆွဲထားသည့် သင်ခန်းစာတစ်ခုချင်းစီ၏ လမ်းညွှန်များကိုလည်း ဂရုဂရုတစိုက် စဉ်းစားဆင်ခြင်သင့်သည်။ သင်ခန်းစာကို စတင်မသင်ကြားမီ ဆရာသည်သင်ခန်းစာများကို လေ့လာပြီးဖြစ်ရမည်။
- **သင်ယူနိုင်ရန်သင်ခန်းစာများကို နားလည်ထားပါ။ -** - သင်ခန်းစာတစ်ခုချင်းစီတိုင်း၏ ခေါင်းစဉ်တွင်ပါရှိသော ရည်ရွယ်ချက်အတိုင်း ကျွန်ုပ်တို့သင်ယူသွားနိုင်သည့် စကားလုံးများကို သင်မှတ်သားသွားပါ။ ဤအချက်ကို လိုက်နာခြင်းအားဖြင့် ဆရာ၏တင်ဆက်မှုနှင့် သင်ခန်းစာပြီးဆုံးပြီးနောက်တွင် သင်ယူခြင်း၏ ရည်ရွယ်ချက်နှစ်ခုကို ကလေးများ အမှန်ပင်နားလည်သဘောပေါက် သွားပေမည်။ ပထမ သင်ယူခြင်း၏ ရည်ရွယ်ချက်သည် ပုံပြင်၏အကြောင်းကို သိနားလည်စေရန် လုပ်ဆောင်ပေးခြင်းဖြစ်ပြီး ဒုတိယ အနေဖြင့် ကလေးများအား တိုက်တွန်းခွန်အားပေးလိုသည့်အချက်မှာ သူတို့သိထားသည့် ပုံပြင်ပါအကြောင်းအရာကို စဉ်းစားဆင်ချင်ပြီး သူတို့အသက်တာတွင် လိုက်လျှောက်ကျင့်သုံးပြီး မှန်ကန်စွာတုန့်ပြန်သွားရန် ဖြစ်သည်။ ဤသင်ခန်းစာ၏ ရည်ရွယ်ချက်များသည် သင်ခန်းစာထဲ၌ အဓိကသင်ကြားပေးသော သမ္မာတရား၏ မှန်ကန်သောဖော်ပြချက်များ ဖြစ်သည်။ ဖြစ်ပျက်ခဲ့သည့်အရာများအားဖြင့် ဆရာများသည်လည်း မိမိတို့၏ သင်ယူခြင်း နှင့် သင်ကြားခြင်းကို သုံးသပ်နိုင်သည်။
- **မိတ်ဆက်ပေးပါ။ -** ကလေးများသည် မိမိတို့၏ ကိုယ်ပိုင်အတွေ့အကြုံနှင့် အခြေအနေများ ရှိနေနိုင်သည့်အတွက် သင်ခန်းစာတစ်ခုချင်းစီကို အစပြုတိုင်း ထိုသင်ခန်းစာနှင့် မိတ်ဆက်ပေးပါ။ ပုံပြင်ကို စတင်ဆွေးနွေးသည့်အချက်မှာပင် ကလေးများ၏ တုန့်ပြန်မှုကို ရရှိနိုင်ရန် ပုံပြင်မိတ်ဆက်ရာတွင် အသုံးပြုနိုင်သည့် နည်းလမ်းများကို အကြံပြုထားသည်။
- **သင်ကြားပေးပါ။ -** ပုံပြင်ထဲတွင် အဓိကသော့ချက်ကို ကျွန်ုပ်တို့ ပေးထားသည် ။ ပုံပြင်ကို ပြောသည့်အခါ ဤ လှုံ့ဆော်ပေးသော နည်းလမ်းဖြင့် သင်ကြားပေးရမည် ဆရာတစ်ယောက်သည် ပုံပြင်မှ သင်ခန်းစာများကို ကျောင်းသားများအားနားလည်စေလိုသည့် ဆန္ဒရှိနေရမည် ဖြစ်သည် ။ ပုံပြင်မှသင်ခန်းကို သင်ယူပြီးနောက် တုန့်ပြန်မှုချမှတ်ရမည်ကို ကလေးများနားလည်နိုင်ရန် ကူညီပေးရမည် ။ပုံပြင်ပြောရာတွင် အချို့သောရှင်းလင်းချက်များကိုလည်း သင့်လျော်သလို ရော၍ကြိုးစားထည့်ထားပေးပါသည် ။ ဤအရာကို အမြဲအက္ခရာစောင်းဖြင့်ဖော်ပြလေ့ရှိသည်။
- **သင်ယူစေပါ။ -** ပုံပြင်တစ်ခုချင်းစီကို ချုပ်ထားသည့် အဓိကသော့ချက် တစ်ခုစီရှိသည်။ အချို့သော အခြေအနေများတွင် အဓိကသော့ချက်ကျမ်း နှစ်ခုတွေ့ရသည်။ ကလေးများသင်ယူရာတွင် ပိုမိုလွယ်ကူစေရန် အခြားအဓိကသော့ချက်ကျမ်း တစ်ခုကိုလည်း ပေါင်းထည့်ပေးထားခြင်းဖြစ်သည်။ ကလေးများသည် အဓိကသော့ချက်ကျမ်းကိုသင်ယူနိုင်ပြီး၊ သူတို့၏အသက်တာထဲတွင် ကျန်ရှိနေမည် ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ထို့ကြောင့် အဓိကသော့ချက်ကျမ်း၏ အသိပညာများကို သူတို့အသက်တာတွင် စတင်တည်ဆောက်မည်ဖြစ်သည် ။

- **အဆုံးသက်ပါ။** - ကျောင်းတစ်ကျောင်း၏ အခြေအနေတွင် ဆရာများ တောင်းဆိုသည့် အရေအတွက်နှင့်ပြီးမြောက်အောင် လုပ်နိုင်သည့် ကလေးများ၏ အရည်အချင်းကို သင်သိထားရပေလိမ့်မည်။ အချို့သော သူများအတွက် သင်ခန်းစာပါအကြောင်းအရာကို ဆရာက ရှေ့မှ ဦးဆောင်ဖတ်ပြပြီး ကလေးများအား နောက်မှလိုက်ဖတ်စေခြင်းဖြင့် ပုံပြင်ပါဇာတ်လမ်းနှင့် အကျွမ်းဝင်စေပါ။ အခြားသောကလေးများသည် သူတို့ကိုယ်တိုင် သင်ခန်းစာများကို ဖတ်နိုင်ကြပေလိမ့်မည်။ အခြားတဖတ်တွင် တိကျသော လမ်းညွှန်မှုဖြင့် ဆက်စပ်သည့် မေးခွန်းများ မေးခြင်းသည် ကလေးများ အာရုံစူးစိုက်စေရန် အကြံဉာဏ်ကောင်းတစ်ခုဖြစ်နိုင်သည်။ အကယ်၍ သင်သည် ကျောင်းတက်ရောက်ခြင်းမရှိဘဲ Bibletime သင်ခန်းစာကို အသုံးပြုနေပါက အကူအညီရရန် အလွန်အရေးကြီးလှသည်။ သို့မှသာ ဤသင်ခန်းစာသည် ငြီးငွေ့စရာ ကောင်းသောအရာ သို့မဟုတ် စမ်းသက်မှုတစ်ခု ဖြစ်သည်ဟု မှာယွင်းစွာ မတွေးထင်မိမည်ဖြစ်သည်။ သင်ခန်းစာရှိ အရေကြီးသည့် အရာကိုသင်ယူနေစဉ်မှာပင် ချီးမွမ်းစရာ၊ ခွန်အားယူစရာ နှင့် အလွန်ဝမ်းမြောက်စရာ ဖြစ်သင့်ပါသည်။
- **သင်ခန်းစာကိုမှတ်မိသတိရစေပါ။** - ပုံပြင်ကိုပြန်လည်စိစစ်သည့်အနေဖြင့် သင်ခန်းစာကို ကူညီပေးသည့် အမူအရာများ ၊ ပဟေဠိများ ပြုလုပ်ခြင်းသည် မည်သည့်နေရာတွင်မဆို ဖြစ်နိုင်ကြောင်း ကျွန်ုပ်တို့အကြံပြုထားပြီးဖြစ်သည် ။
- **ပြပါ။** - အချို့သောအခြေအနေများတွင် သင်ထောက်ကူရုပ်ပုံများ ရရှိရန်မှာ အလွန်ခက်ခဲလှပါသည်။ သို့သော် ပုံပြင်ကို နားလည်နိုင်ရန် ကူညီပေးသည့်အရာဝတ္ထု သို့မဟုတ် ရုပ်ပုံများကို ဦးတည်ဖော်ပြခြင်းသည် မည်သည့်နေရာတွင်မဆို အလွန်အရေးကြီးလှကြောင်း တိုက်တွန်းလိုသည်။ ပုံပြင်ပြောရာတွင် ရုပ်ပုံများသည် များစွာအထောက်အကူပြုသည်။ သင်ခန်းစာတိုင်းအတွက် သင့်လျော်သည့် ရုပ်ပုံအကြောင်း အကြံပြုချက်ကို www.freebibleimages.org pictures (FBI) တွင်ဖော်ပြထားသည်။ ၎င်းတို့ကို website မှလည်းကူးယူနိုင်သည်။ သင်ခန်းစာအတွက် ရုပ်ပုံများကို ဆေးရောင်ခြယ်ရန်နှင့် အသုံးပြုနိုင်ရန်သင်ခန်းစာအတွင်း ထည့်သွင်းဖေါ်ပြ၍ရသောနေရာအချို့တွင် ထည့်သွင်းဖော်ပြထားသည်။

## အဓိကသော့ချက်ကျမ်းသင်ကြားခြင်း။

(၁) • ကျမ်းချက်များကို စာရွက် သို့မဟုတ် သင်ပုန်းပေါ်တွင် ဖျက်နိုင်သည့် အနေအထားဖြင့် ရေးထားရမည်။ ထို့နောက် ကျောင်းသားများကို အကြိမ်ကြိမ်ရွတ်ဆိုစေခြင်းဖြင့် စကားလုံး တစ်လုံးပြီးတစ်လုံး တစ်ခုမကျန်သည့်အထိ ဖျက်ပေးရမည်။ နောက်ဆုံးတွင် ကျောင်းသားများသည် ကျမ်းချက်ကို အလွတ်ရွတ်ဆိုနိုင်မည်ဖြစ်သည်။

(၂) အဓိကသော့ချက်ကျမ်းကို မိတ်ဆက်ပေးရန် သင်အသုံးပြုနိုင်သောနည်းမှာ

(က)ဒိုင်လူကြီးတစ်ဦးမှအဖွဲ့နှစ်ဖွဲ့ ဖွဲ့စေပါ။ အဓိကကျမ်းချက် စကားလုံးများကို ခွဲရေးပြီး ရောထားပါ။ ကျမ်းချက်ပါ စာလုံးများကို အစီအစဉ်တကျ ပြန်စီစေခြင်းဖြင့် အဖွဲ့နှစ်ဖွဲ့ကို ယှဉ်ပြိုင်စေပါ။

(ခ) ထိုနောက်မှ မိမိတို့ ပြီးဆုံးသွားခဲ့သော ကျမ်းပိုဒ်ကိုသူတပါးထက် ဦးစွာ ရွတ်ဆိုစေပါ ။

## အချိန်အသုံးပြုပုံ

- **ညွှန်ကြားချက်။** သင်ခန်းစာတစ်ခုချင်းစီအတွက် ပေးထားသည့်ဆရာ့လမ်းညွှန်ကို ကျွန်ုပ်တို့သိထားပြီးဖြစ်သည်။ သို့သော် ဆရာများသည်

အချိန်နှင့်အညီ ပြောင်းလဲလိုကြပေမည်။

(၁) မိတ်ဆက်ခြင်းနှင့် ပုံပြင်ပြောခြင်း (အကြာဆုံး ၁၅ မိနစ်)

(၂) အဓိကသော့ချက်ကျမ်း သင်ကြားပေးခြင်း (၅ -၁၀ မိနစ်)

(၃) သင်ခန်းစာများကိုပြီးဆုံးစေခြင်း (၂၀ မိနစ်)

(၄) မေးခွန်းမေးခြင်းနှင့်ပါဝင်လုပ်ဆောင်ချိန် (၅-၁၀ မိနစ်)

အရေးကြီးပြောရမည့် စကားများကို သတိထားပါ။

"ကျွန်ုပ်မေ့နိုင်သည့်အတွက်  ကျွန်ုပ်ကိုပြောပါ။
ကျွန်ုပ်သတိရအောင်  ကျွန်ုပ်ကိုပြပါ။
ကျွန်ုပ်နားလည်နိုင်ရန်  ကျွန်ုပ်နှင့်အတူပါဝင်ပါ ။"

# Bibletime သင်ခန်းစာ မာတိကာ

| | အဆင့် ၀ မူကြို<br>အဆင့် (၁) အသက် ၅-၇နှစ်<br>အဆင့် (၂) အသက်၈-၁၀နှစ် | အဆင့် (၃) အသက်၁၁-၁၃ | အဆင့် (၄) အသက်၁၄နှစ် နှင့်အထက် |
|---|---|---|---|
| အစပြုသင်ခန်းစာ | ၁။အစပြုသင်ခန်းစာ-မိတ်ဆက် | ၁။အစပြုသင်ခန်းစာ-မိတ်ဆက် | ၁။အစပြုသင်ခန်းစာ-မိတ်ဆက် |
| အတွဲ (က) | ၁။ ဖန်ဆင်းခြင်း<br>၂။ နောဧ<br>၃။ ပေတရု<br>၄။ ပေတရု-လက်ဝါးကပ်တိုင်<br>၅။ အာဗြဟံ<br>၆။ အာဗြဟံ<br>၇။ ပေတရု<br>၈။ ပေတရု<br>၉။ ယာကုပ်<br>၁၀။ ကနဦးခရစ်ယာန်များ<br>၁၁။ ပေါလု<br>၁၂။ ခရစ္စမတ်ပုံပြင် | ၁။ ဖန်ဆင်းခြင်း<br>၂။ နောဧ<br>၃။ ပေတရု<br>၄။ ပေတရု-လက်ဝါးကပ်တိုင်<br>၅။ ပေတရု<br>၆။ အာဗြဟံ<br>၇။ ယာကုပ်<br>၈။ ဆုတောင်းခြင်း<br>၉။ ပေါလု<br>၁၀။ ပေါလု<br>၁၁။ ပေါလု<br>၁၂။ ခရစ္စမတ်ပုံပြင် | ၁။ ဖန်ဆင်းခြင်း -အပြစ်နွံကျခြင်း<br>၂။ ကနဦးဖွံ့ဖြိုးခြင်း-ကမ္ဘာဦးကျမ်း<br>၃။ ပေတရု<br>၄။ ပေတရု-လက်ဝါးကပ်တိုင်<br>၅။ ပေတရု<br>၆။ အာဗြဟံ<br>၇။ ယာကုပ်<br>၈။ ခရစ်ယာန်အသက်တာ<br>၉။ ပေါလု<br>၁၀။ ပေါလု<br>၁၁။ ပေါလု<br>၁၂။ ခရစ္စမတ်ပုံပြင် |
| အတွဲ (ခ) | ၁။ ခရစ်တော်၏ကနဦးအသက်တာ<br>၂။ အံ့ဖွယ်နမိတ်လက္ခဏာ<br>၃။ ဗေသနိ<br>၄။ လက်ဝါးကပ်တိုင်<br>၅။ ပုံဥပမာ<br>၆။ ယောသပ်<br>၇။ ယောသပ်<br>၈။ ယေရှုတွေ့ဆုံသောသူများ<br>၉။ မောရှေ<br>၁၀။ မောရှေ<br>၁၁။ မောရှေ<br>၁၂။ ခရစ္စမတ်ပုံပြင် | ၁။ ပုံဥပမာ<br>၂။ အံ့ဖွယ်နမိတ်လက္ခဏာ<br>၃။ ဗေသနိ<br>၄။ လက်ဝါးကပ်တိုင်<br>၅။ ကနဦးခရစ်ယာန်<br>၆။ ယောသပ်<br>၇။ ယောသပ်<br>၈။ သတင်းကောင်းရေးသူများ<br>၉။ မောရှေ<br>၁၀။ မောရှေ<br>၁၁။ မောရှေ<br>၁၂။ ခရစ္စမတ်ပုံပြင် | ၁။ ပုံဥပမာ<br>၂။ အံ့ဖွယ်နမိတ်လက္ခဏာ<br>၃။ ဗေသနိ<br>၄။ လက်ဝါးကပ်တိုင်<br>၅။ ကနဦးခရစ်ယာန်<br>၆။ ယာကုပ်နှင့်မိသားစု<br>၇။ ယောသပ်<br>၈။ တမန် ၂း၄၂ ဦးဆောင်သည့်နည်းလမ်း<br>၉။ မောရှေ<br>၁၀။ မောရှေ<br>၁၁။ ပညာတ်တော်<br>၁၂။ ခရစ္စမတ်ပုံပြင် |
| အတွဲ (ဂ) | ၁။ ဒံယေလ<br>၂။ ပို၍များသော အံ့ဖွယ်နမိတ်လက္ခဏာ<br>၃။ ယေရှုတွေ့ဆုံသောသူများ<br>၄။ ခရစ်တော်၏သေခြင်း<br>၅။ ရှုသနှင့် ရှုမွေလ<br>၆။ ဒါဝိဒ်<br>၇။ ဒါဝိဒ်<br>၈။ ယောရှု<br>၉။ ဧလိယ<br>၁၀။ ဧလိရှဲ<br>၁၁။ ယောန<br>၁၂။ ခရစ္စမတ်ပုံပြင် | ၁။ ဒံယေလ<br>၂။ယေရှုနှင့်တွေ့ဆုံသူများ<br>၃။ ပို၍များသော အံ့ဖွယ်နမိတ်လက္ခဏာ<br>၄။ ခရစ်တော်၏သေခြင်း<br>၅။ ရှုသ<br>၆။ ရှုမွေလ<br>၇။ ဒါဝိဒ်<br>၈။ ယောရှု<br>၉။ ဧလိယ<br>၁၀။ ဧလိရှဲ<br>၁၁။ ဓမ္မဟောင်းကာလ ဘုရားသခင်အသုံးပြုသူများ<br>၁၂။ ခရစ္စမတ်ပုံပြင် | ၁။ ဒံယေလ<br>၂။ ယေရှု၏စကားတော်များ<br>၃။ ဘုရားသခင်၏ တန်ခိုးတော်<br>၄။ ခရစ်တော်၏သေခြင်း<br>၅။ ရှုသ<br>၆။ ရှုမွေလ<br>၇။ ဒါဝိဒ်<br>၈။ ယောရှု<br>၉။ ဧလိယ<br>၁၀။ ဧလိရှဲ<br>၁၁။ ဓမ္မဟောင်းဇာတ်ကောင်များ<br>၁၂။ ခရစ္စမတ်ပုံပြင် |

## ၁ ၇ ပုံပြင် ၁

ယောသပ်၏အစ်ကိုများ ရောက်ရှိလာသည် - ဤပုံပြင်သည် မှားယွင်းသည့် လုပ်ရပ်များအတွက် ရရှိသည့်အကျိုးရလဒ် အကြောင်းဖြစ်သည်။

**ကျွန်ုပ်တို့ သင်ယူသွားမည့်အရာ။**

- သူ၏အစ်ကိုများနှင့် ပတ်သက်သည့် ယောသပ်၏ အိပ်မက်များသည် အမှန်ဖြစ်လာသည်။
- ကျွန်ုပ်တို့၏ မှားယွင်းမှုများသည် ကျွန်ုပ်တို့အား ဖမ်းမိမည်မှာ အနေးနှင့်အမြန်ပင်ဖြစ်သည်။

**အဓိကသော့ချက်ကျမ်း** *ဂလာတိ၊ ၆း၇*
**ဖတ်ရန်ကျမ်းညွှန်း** *ကမ္ဘာဦး၊ ၄၂း ၁-၂၆*

### သင်ခန်းစာကို အစပြုမိတ်ဆက်ပေးပါ။

ယောသပ်၏ ပုံပြင်အား ဤအဆင့် ရောက်သည်အထိ ကလေးများကို နှစ်ယောက်တစ်တွဲ ဆွေးနွေးစေပါ။ သူ၏ အသက်တာတွင် ဖြစ်ပျက်ခဲ့ပြီးဖြစ်သည့် အကောင်း နှင့် အဆိုးများကို ဖော်ထုတ်ပါ။ အစ်ကိုများသည် သူ့အား မည်သို့ပင် ဆက်ဆံစေကာမူ သူကြုံတွေ့ရသည့် အရာအားလုံးသည် သူ၏ အသက်တာတွင် အဆင်ပြေချောမွေ့ နေသည်ကို အကျဉ်းချုပ် ပြောပြပါ။ သို့သော် အစ်ကိုများသည် ခါနာန်ပြည်တွင် မည်သို့ လုပ်ကိုင်စားသောက် နေကြမည်နည်း။ အဓိကသော့ချက်ကျမ်းဖြစ်သည့် ***တောလည်ရာ၊ ၃၂း ၂၃*** ကို ကလေးများထံ ပြန်လည်သတိပေး ပြောပြပါ။ ***"ထိုအပြစ်သည် သင်တို့ကို လိုက်၍မှီလိမ့်မည်။"***

### သင်ကြားပေးပါ။

- ခါနာန်ပြည်တွင် လူများတို့သည် အစာခေါင်းပါးခြင်းနှင့် ကြုံတွေ့နေကြရသည်။ အစာခေါင်းပါးခြင်း ကျရောက်လာသည့်အတွက် လူများစားသောက်ရန် အစားအစာ မရှိပေ။ ယာကုပ်သည် အဲဂုတ္တုပြည်တွင် အစာများစွာသိုလှောင်ထားသည့် သတင်းကို ကြားသိခဲ့သည်။ ထိုကြောင့် ယာကုပ်သည် ယောသပ်၏ အစ်ကိုများအား မိသားစုအတွက် အစားအစာများ ဝယ်ယူရန် အဲဂုတ္တုပြည်သို့ စေလွှတ်ခဲ့သည်။ ယောသပ်၏ညီ ဗယ်ာမိန်မှအပ အစ်ကိုများအားလုံးသည် အစားအစာများ ဝယ်ယူရန် သွားခဲ့ကြသည်။ ***(ကမ္ဘာဦး၊ ၄၂း ၁-၅)***
- ယောသပ်သည် အဲဂုတ္တုပြည်တွင် အစားအစာများကို ရောင်းချသည့် တာဝန်ခံ ဖြစ်သည်။ သူ၏အစ်ကိုများ ရောက်ရှိလာသည့်အချိန်တွင် အဲဂုတ္တုပြည်၏ ပြည်အုပ်ဖြစ်သည့် ယောသပ်ထံ သူတို့အားလုံး ဦးညွှတ်ချကြသည်။ ***(ကမ္ဘာဦး၊ ၄၂း ၆-၇)***
- *ယောသပ်၏ အိပ်မက်များကို ကလေးများထံ ပြန်လည်သတိပေးပြောပြပါ။ အစ်ကိုများသည် သူတို့ ရောင်းစားခဲ့ကြသည့် ယောသပ်၏ရှေ့တွင် ရောက်ရှိလာကြပြီး ဖြစ်သည်။ ယခုတွင် ယောသပ်၏ အိပ်မက်များ ပြည့်စုံလာပြီး ဖြစ်သည်။*
- ယောသပ်သည် အစ်ကိုများကို သိသော်လည်း မသိဟန်ဆောင်ခဲ့သည့်အတွက် အစ်ကိုများသည် သူ့အား မမှတ်မိခဲ့ကြပေ။ သူသည် အစ်ကိုများကို မသိသောလူစိမ်းများကဲ့သို့ ဆက်ဆံပြောဆိုခဲ့သည်။ 'သင်တို့သည် သူလျှိုဖြစ်ကြပြီး၊ ပြည်တော်ကို စူးစမ်းစေခြင်းငှါသာ လာကြပြီး၊' အစ်ကိုများက မဟုတ်ပါသခင် ဟု ဖြေခဲ့ကြသည်။ သူတို့သည် တစ်ယောက်တည်းသောသူ၏ သားများဖြစ်ကြပါသည်။ ဖြောင့်မတ်သောသူများလည်း ဖြစ်ကြပါသည်။ သူတို့တွင် ညီအစ် တစ်ဆယ့်နှစ်ယောက်ရှိပါသည်။ တစ်ယောက်သည် မရှိတော့ပါ။ ညီအငယ်ဆုံးသည် အိမ်တွင် ကျန်ရစ်ပါသည်ဟု ယောသပ်ထံ ပြောပြခဲ့ကြသည်။ သူတို့သည် အမှန်ကို ပြောမပြော စမ်းသပ်ရန် ယောသပ်သည် သူတို့အား ခါနာန်ပြည်သို့ ပြန်ပြီး ညီအငယ်ဆုံးကို သူတို့နှင့်အတူ ခေါ်လာရန် ပြောခဲ့သည်။ သူတို့ သေချာပြန်လာရန်အတွက် ယောသပ်သည် ရှိမောင် အမည်ရှိသည့် အစ်ကိုတစ်ဦးကို ဖမ်းချုပ်ပြီး အကျဉ်းချထားသည်။ ***(ကမ္ဘာဦး၊ ၄၂း ၈-၂၀)***
- အစ်ကိုများသည် အလွန်စိုးရိမ်ပူပန်ကြပြီး သူတို့ အသက်တာတွင် ကြုံတွေ့နေသည့်အရာများအတွက် အချင်းချင်းပြောဆိုနေကြသည်။ လွန်ခဲ့သည့် နှစ်ပေါင်းများစွာက သူတို့သည် ယောသပ်အပေါ် အလွန်ဆိုးစွာ ဆက်ဆံခဲ့ကြသည်ကို သူတို့ သိခဲ့ကြသည်။ *ယခုတွင် သူတို့သည် အပြစ်ရှိကြောင်း ခံစားရပြီး၊ သူတို့၏အပြစ်သည် သူတို့အား ချည်နှောင်ထားကြောင်း ရှင်းပြပါ။*
- ယောသပ် အပေါ် သူတို့ဆက်ဆံခဲ့သည့်အတိုင်း ဘုရားသခင်သည် သူတို့အား အပြစ်ပေးနေသည်မှာ အမှန်ပင်ဖြစ်ကြောင်း သူတို့ကောင်းစွာ နားလည်ကြသည်။ သူတို့ပြောသမျှကို ယောသပ် ကောင်းကောင်းကြားနေရသည်။ ထို့ကြောင့် သူသည် အဝေးသို့ထွက်သွားပြီး ငိုခဲ့သည်။ ***(ကမ္ဘာဦး၊ ၄၂း ၂၁-၂၄)***

**သင်ခန်းစာကို ပြီးမြောက်စေပါ။**
**ပြပါ။** FBI ယောသပ်၏ အစ်ကိုများ အဲဂုတ္တုပြည်သို့ ရောက်ရှိလာခြင်း။

### သင်ယူစေပါ

အဓိကသော့ချက်ကျမ်းဖြစ်သည့် ***(ဂလာတိ၊ ၆း ၇)*** ၏ အရေးပါမှုကို ရှင်းပြပြီး၊ သင်ကြားပေးပါ။ အပြစ်သည် ကျွန်ုပ်တို့ကို အမြဲအခက်အခဲတွေ့စေကြောင်း ကလေးများထံ သတိပေးပြောပြပါ။ ကျွန်ုပ်တို့ စိုက်ပျိုးသည့်အတိုင်း တစ်နေ့ အမှန်ရိတ်ရမည်ဖြစ်ကြောင်း ကျမ်းစာမှ ကျွန်ုပ်တို့အား သွန်သင်ထားသည်။

### သင်ခန်းစာကို မှတ်မိသတိရစေပါ။

ပုံပြင်အား ပြန်လည်သုံးသပ်သည့်အနေဖြင့် ကလေးများထံ အောက်ပါမေးခွန်းများကို မေးပါ။

- အစ်ကိုများသည် အဘယ်ကြောင့် အဲဂုတ္တုပြည်သို့ လာရခြင်းဖြစ်သနည်း။
- အဲဂုတ္တုပြည်တွင် စပါးရောင်းချသည့် တာဝန်ခံမှာ မည်သူနည်း။
- အစ်ကိုများသည် ယောသပ်အား မှတ်မိကြပါသလား။
- ယောသပ်သည် အစ်ကိုများကို မည်သို့ စွပ်စွဲခဲ့သနည်း။
- ယောသပ်သည် မည်သူအား အဲဂုတ္တုပြည်သို့ ခေါ်ဆောင်လာရန် အလိုရှိသနည်း။
- မည်သူအား ထောင်တွင် အကျဉ်းချထားသနည်း။
- သူတို့အသက်တာတွင် ဤအရာများနှင့် ကြုံတွေ့ရခြင်းမှာ ဘယ်ကြောင့် ဟု သူတို့ထင်ကြသနည်း။

## ၁ ၇ ပုံပြင် ၂

ဗယ်ာမိန်နှင့် သတင်းဆိုး - ဤပုံပြင်သည် ကျွန်ုပ်တို့၏အပြစ်များ မည်သို့ပေါ်လာသည့် အကြောင်းဖြစ်သည်။

**ကျွန်ုပ်တို့ သင်ယူသွားမည့်အရာ။**

- အစ်ကိုများသည် ယောသပ်အား မည်သို့ပင် ဆက်ဆံခဲ့စေကာမူ ယောသပ်သည် အစ်ကိုများကို ချစ်နေဆဲ ဖြစ်သည်။
- ဘုရားသခင်သည် ကျွန်ုပ်တို့အယောက်စီတိုင်းကို ချစ်ပြီး၊ ကျွန်ုပ်တို့ ပြစ်မှားမိခဲ့ကြသည့် အပြစ်များအားလုံးကို ခွင့်လွှတ်ပေးရန် အလိုတော်ရှိသည်။

**အဓိကသော့ချက်ကျမ်း** *ဧဖက်၊ ၄း ၃၂*
**ဖတ်ရန်ကျမ်းညွှန်း** *ကမ္ဘာဦး၊ ၄၂း ၂၆ - ၄၄း ၁၃*

**သင်ခန်းစာကို အစပြုမိတ်ဆက်ပေးပါ။**

ကလေးများသည် မိမိတို့ကိုယ် မိမိတို့ အဲဂုတ္တုပြည် မှ ခါနာန်ပြည်ရှိအိမ်သို့ ပြန်နေသည့် ညီအစ်ကိုတစ်ဦးအဝင်အဖြစ် စဉ်းစားပုံဖော်စေပါ။ သင်သည် ညီအစ်ကိုထဲမှ တစ်ဦးဦးဖြစ်ခဲ့လျှင် ယခုတွင် သင်၏မိသားစုကို ကျွေးမွေးရန် အစားအစာအလုံအလောက် ရှိနေပြီးဖြစ်သည်။ သင်မည်သို့ ခံစားနေရမည်နည်း။ ယခုတွင် သင်သည်အိတ်ကို ဖွင့်လိုက်ပြီး ကြည့်လိုက်သည်။ ထိုအခါ စပါးများသာမက စပါးဖိုးပေးခဲ့သည့် ငွေများပါပြန်တွေ့ရသည်။ ထိုငွေများကို မည်သူထည့်ထားသနည်း။ ဤအရာသည် ထောင်ချောက်လား။ ထိုငွေကို သင်ခိုးလာသည်ဟု အဲဂုတ္တုမင်းက တွေးထင်နိုင်ပါသည်။ နောက်ထပ် စပါးများဝယ်ရန်တွက် အဲဂုတ္တုပြည်သို့ သင် မည်သို့ ပြန်သွားမည်နည်း။ သို့မဟုတ် အခြားတစ်နည်းအနေဖြင့် ပစ္စည်းများကို (အိတ်၊ အစားအစာ၊ ငွေများ) စုသိမ်းပြီး၊ ကလေးများအတွက် ဤသို့ သရုပ်ဆောင်ပြပါ။

**သင်ကြားပေးပါ။**

- အစ်ကိုများသည် သူတို့၏ မြည်းများပေါ်သို့ စပါးအိတ်များကိုတင်ပြီး ပြန်ခဲ့ကြသည်။ စပါးဖိုးအဖြစ် သူတို့ပေးခဲ့သည့် ငွေများသည် သူတို့၏အိတ်များအတွင်းတွင် ရှိနေကြောင်းကို ညီအစ်ကိုထဲမှတစ်ဦးက အိမ်အပြန်လမ်းတွင် သိခဲ့သည်။ သူတို့ အလွန်ကြောက်ရွံ့တုန်လှုပ်ခဲ့ရသည်။ ***(ကမ္ဘာဦး၊ ၄၂း ၂၆-၂၈)***
- *ယောသပ်သည် အိတ်များအတွင်းသို့ ငွေများပြန်ထည့်ထားခြင်း ဖြစ်သည်ဟု သူတို့တွေးထင်ကြခြင်းမှာ အဘယ်ကြောင့်နည်း။ ကလေးများကို မေးပါ။ သူတို့သည် ယောသပ်အပေါ် အပြစ်ပြုခဲ့ကြသည့်အတွက်ကြောင့် ဤအဖြစ်အပျက်များနှင့် မိမိတို့ ကြုံတွေ့ကြရခြင်းဖြစ်ကြောင်းကို အစ်ကိုများနားလည်ကြသည်ကို ကလေးများထံ သတိပေး ပြောပြပြပါ။*
- သူတို့သည် အိမ်သို့ပြန်ရောက်ကြသည့်အခါ မိမိတို့ကြုံတွေ့ခဲ့ကြသည့် အဖြစ်အပျက်များကို ဖခင်ကြီးထံပြောပြကြသည်။ အဲဂုတ္တုပြည်ကို အုပ်စိုးသောမင်းသည် သူတို့အား သူလျှိုဟု စွပ်စွဲကြောင်း ပြောပြကြသည်။ ဗယ်ာမိန်ကို သူထံသို့ ခေါ်ဆောင်လာစေလိုကြောင်း ပြောပြခဲ့သည်။ ထိုသတင်းစကား နှင့် သူတို့၏ အိတ်များအတွင်း စပါးဖိုးငွေများ ရှိနေခြင်း အကြောင်းကို ကြားသောအခါ ယာကုပ် အလွန်စိုးရိမ်တုန်လှုပ်ခဲ့သည်။ ***(ကမ္ဘာဦး၊ ၄၂း ၂၉-၃၈)*** *ယာကုပ်သည် ဗယ်ာမိန်အား အဲဂုတ္တုပြည်သို့ စေလွှတ်လိမ့်မည်ဟု သင်ထင်ပါသလား။*
- အချိန်ကြာလာသည်နှင့်အမျှ အစာခေါင်းပါးခြင်းသည် ပို၍ဆိုးလာသည်။ ယာကုပ် မိသားစုသည် အစားအစာလိုအပ်လာပြန်သည်။ ဖခင်ကြီးသည် သားတို့အား အဲဂုတ္တုပြည်သို့ တဖန်ပြန်သွားပြီး စပါးများဝယ်ယူရန် စေလွှတ်ပြန်သည်။ ထိုအခါ ယုဒက ဗယ်ာမိန်သည် မိမိတို့နှင့်အတူ လိုက်ပါခြင်းမရှိပါက မသွားလိုကြကြောင်း ဖခင်ထံ ပြန်ပြောခဲ့သည်။ ဗယ်ာမိန် ဘေးကင်းရန်အတွက် သူတာဝန်ယူ စောင့်ရှောက်လိမ့်မည်ဖြစ်ကြောင်း ဖခင်ထံပြောပြခဲ့သည်။ သူတို့တွင် အစားအစာ လိုအပ်နေသည့်အတွက် ဗယ်ာမိန်အား အဲဂုတ္တုပြည်သို့ ခေါ်သွားရန် ယာကုပ်ခွင့်ပြုပေးခဲ့ရသည်။ ယာကုပ်သည် သားတို့အား ပထမစပါးများ ဝယ်ယူခဲ့သည့်ငွေနှင့် ယခုတစ်ကြိမ် စပါးဝယ်ယူရန်အတွက်ငွေ၊ စုစုပေါင်း ငွေနှစ်ဆကို ယူဆောင်သွားရန် နှင့် ပြည်အုပ်မင်းအတွက် လက်ဆောင်များ ယူဆောင်သွားရန် ပြောခဲ့သည်။ ***(ကမ္ဘာဦး၊ ၄၃း ၁-၁၄)*** *အဲဂုတ္တုပြည်အုပ်မင်းနှင့် ရင်ဆိုင်ရန် စတင်ခရီးထွက်လာကြသည့်အခါ ညီအစ်ကိုများ မည်သို့သောခံစားချက်များ ရှိနေကြမည်နည်း။ သင်မည်သို့ ထင်ပါသနည်း။*
- အစ်ကိုများသည် အဲဂုတ္တုပြည်သို့ ရောက်ရှိလာကြပြီး ယောသပ်၏ရှေ့တွင် ရပ်နေကြသည်။ ယောသပ်သည် အစ်ကိုများနှင့်အတူ ဗယ်ာမိန်အား တွေ့လိုက်သည့် အချိန်တွင် သူ၏အိမ်တွင် စားသောက်ပွဲပြင်ဆင်ရန် အစေခံအား စေခိုင်းလိုက်သည်။ ရှိမောင်အားလည်း ထောင်မှလွှတ်ပေးခဲ့သည်။ ယောသပ်သည် စားပွဲသို့ လာသည့်အခါ ညီအစ်ကိုများသည် သူ့အားဦးညွှတ်ချကြပြန်သည်။ ယောသပ်၏ အိပ်မက်ကို ကလေးများထံ ပြန်လည်သတိပေး ပြောပြပါ။ သူသည် *အစ်ကိုများအား သင်တို့၏ ဖခင်ကြီး ကျန်းမာ၏လော ဟုမေးပြီး ဗယ်ာမိန်နှင့် စကားပြောခဲ့သည်။* ယောသပ်သည် အလွန်ဝမ်းနည်းသည့်အတွက် အခန်းတွင်းသို့ ဝင်ခဲ့သည်။ သူ၏ အသက်တာတွင် အရားအားလုံး ဖြစ်ပျက်ခဲ့သော်ငြားလည်း ယောသပ်သည် အစ်ကိုများကို ချစ်နေဆဲ ဖြစ်သည်။ *အထူးသဖြင့် သူ၏ ညီအရင်းဖြစ်သည့် ဗယ်ာမိန်ကို သူပို၍ချစ်သည်။* ယောသပ်သည် စားပွဲသို့ ပြန်လာသည့်အချိန်တွင် သူတို့သည် အတူတကွ အစာသုံးဆောင်ကြသည်။ ***(ကမ္ဘာဦး၊ ၄၃း ၁၅-၃၄)*** *ကျွန်ုပ်တို့သည် မှားယွင်းစွာ အပြစ်များပြုလုပ်နေကြသော်လည်း ဘုရားသခင်သည် ကျွန်ုပ်တို့အား ချစ်နေဆဲ ဖြစ်သည်။ ကျွန်ုပ်တို့အပြစ်များ ဝန်ချတောင်းပန်သည့် အခါတွင်လည်း သူသည် ကျွန်ုပ်တို့အား ခွင့်လွှတ်ပေးလိမ့်မည် ဖြစ်သည်။ ထိုအကြောင်းများကို ကလေးများထံ ရှင်းပြပါ။*
- နောက်တစ်နေ့ နံနက်တွင် ညီအစ်ကိုတို့သည် စပါးအပြည့်ထည့်ထားသည့် အိတ်များနှင့်အတူ ခါနာန်ပြည်သို့ ပြန်ကြတော့မည် ဖြစ်သည်။ ဤအချိန်တွင် ယောသပ်သည် သူ၏ငွေဖလားအား ဗယ်ာမိန်၏ အိတ်ထဲသို့ထည့်ထားရန် စေခိုင်းခဲ့သည်။ အစ်ကိုများ ထွက်သွားပြီးနောက်တွင် ယောသပ်သည် သူ၏ငွေဖလားကို ရှာရန် သူ့လူများကို အစ်ကိုများနောက် လိုက်သွားစေခဲ့သည်။ ဗယ်ာမိန်၏အိတ်အတွင်းတွင် ထိုငွေဖလားကို တွေ့ရှိခဲ့ကြပြီး၊ ညီအစ်ကိုတို့သည် အဲဂုတ္တုပြည်သို့ ပြန်လာခဲ့ကြရသည်။ ***(ကမ္ဘာဦး၊ ၄၄း ၁-၁၃)***

**သင်ခန်းစာကို ပြီးမြောက်စေပါ။**
**ပြပါ။** FBI ယောသပ်၏အစ်ကိုများသည် ဗယ်ာမိန်နှင့်အတူ အဲဂုတ္တုပြည်သို့ ပြန်လာခဲ့ကြသည်။

**သင်ယူစေပါ**

အဓိကသော့ချက်ကျမ်းဖြစ်သော ***ဧဖက်၊ ၄း၃၂*** ၏ လိုအပ်သောအပိုင်းကို ရှင်းပြပြီး၊ သင်ပေးပါ။ *"ခွင့်လွှတ်ခြင်း" ဆိုသော စကားလုံးကို ဆွေးနွေးပါ။ ဘုရားသခင်သည် ကျွန်ုပ်တို့ကို ချစ်ပြီး၊ ကျွန်ုပ်တို့၏အမှားများအတွက် အပြစ်ဝန်ချတောင်းပန်သည့်အခါ ကျွန်ုပ်တို့အား ခွင့်လွှတ်ပေးရန် ဘုရာသခင်သည် အမြဲအဆင်သင့် ဖြစ်နေကြောင်း ကလေးများထံ ရှင်းပြပေးပါ။*

**သင်ခန်းစာကို မှတ်မိသတိရစေပါ။**

ပုံပြင်အား ပြန်လည်သုံးသပ်သည့်အနေဖြင့် ကလေးများထံ အောက်ပါမေးခွန်းများကို မေးပါ။

- အစ်ကိုများသည် မိမိတို့၏ အိတ်များအတွင်းတွင် မည်သည့်အရာကို တွေ့ရှိခဲ့ကြသနည်း။
- ဖခင်ယာကုပ်ကြီးသည် ဗယ်ာမိန်အား အဲဂုတ္တုပြည်သို့ သွားစေလိုပါသလား။ အဘယ်ကြောင့်နည်း။
- ဗယ်ာမိန်အား စောင့်ရှောက်မည်ဟု ကတိပေးသောသူမှာ မည်သူနည်း။
- ဗယ်ာမိန်အား တွေ့ရှိသည့်အချိန်တွင် ယောသပ်မည်သို့ ခံစားခဲ့ရသနည်း။
- ယောသပ်သည် အစ်ကိုများကို ချစ်နေဆဲလား။
- မည်သူ၏ အိတ်အတွင်းတွင် ငွေဖလားကို တွေ့ရှိခဲ့သနည်း။
- ခွင့်လွှတ်ခြင်း ဆိုသည်မှာ အဘယ်နည်း။
- ကျွန်ုပ်တို့သည် ဘုရားသခင်ထံမှ ခွင့်လွှတ်ခြင်းကို လိုအပ်ပါသလား။ အဘယ်ကြောင့်နည်း။

## ၁ ၇ ပုံပြင် ၃

ခွင့်လွှတ်ခြင်း နှင့် သတင်းကောင်း - ဤပုံပြင်သည် တစ်ဦးနှင့်တစ်ဦး ကျွန်ုပ်တို့ မည်သို့ ခွင့်လွှတ်သင့်သည့် အကြောင်းဖြစ်သည်။

**ကျွန်ုပ်တို့ သင်ယူသွားမည့်အရာ။**

- အစ်ကိုများသည် ယောသပ်အား မည်သို့ပင် ဆက်ဆံခဲ့စေကာမူ ယောသပ်သည် အစ်ကိုများကို ခွင့်လွှတ်ပေးခဲ့သည်။
- ဘုရားသခင်သည် ကျွန်ုပ်တို့အယောက်စီတိုင်းကို ချစ်ပြီး၊ ကျွန်ုပ်တို့ ပြစ်မှားမိခဲ့ကြသည့် အပြစ်များအားလုံးကို ခွင့်လွှတ်ပေးရန် အလိုတော်ရှိသည်။

**အဓိကသော့ချက်ကျမ်း** *ကမ္ဘာဦး၊ ၄၅း ၈*
**ဖတ်ရန်ကျမ်းညွှန်း** *ကမ္ဘာဦး၊ ၄၄း ၁၄ - ၄၅း၂၈*

### သင်ခန်းစာကို အစပြုမိတ်ဆက်ပေးပါ။

ဤနေရာတွင် အစ်ကိုများ အဲဂုတ္တုပြည်သို့ သွားသည့်အကြောင်းကို ကလေးများထံ ပြန်လည်သတိပေး ပြောပြပါ။ ယောသပ်၏ ငွေဖလားကို ဗယ်ာမိန်၏ အိတ်အတွင်းတွင် တွေ့ရှိခဲ့သည်။ ညီအစ်ကိုတို့သည် စိတ်လေးလံစွာဖြင့် အဲဂုတ္တုပြည်သို့ ပြန်လှည့်လာခဲ့ကြသည်။ ပြည်အုပ်သည် သူတို့၌မည်သို့ပြုမည်နည်း။ ဗယ်ာမိန်အား သေဒဏ် ပေးလိမ့်မည်လော။ သို့မဟုတ် အစေခံအဖြစ် ဖမ်းဆီးထားမည်လော။ အကယ်၍ မိမိတို့သည် ဗယ်ာမိန်မပါဘဲ အိမ်သို့ပြန်သွားခဲ့ကြလျှင် သူတို့၏ဖခင်၌ မည်သို့ဖြစ်မည်နည်း။

### သင်ကြားပေးပါ။

- ညီအစ်ကိုတို့သည် ယောသပ်၏အိမ်သို့ ပြန်လည်ရောက်ရှိလာကြသည်။ သူ၏ ငွေဖလားအား ယူဆောင်သွားသည့်အတွက် အလွန်စိတ်ဆိုးသကဲ့သို့ သူဟန်ဆောင်ခဲ့သည်။ ယုဒသည် တောင်းပန်စကား စတင်ပြောသည်။ သူတို့သည် ဆိုးသွမ်းသည့် အပြစ်သားများဖြစ်ကြသည့်အတွက် သူတို့၌ဤသို့သော အဖြစ်မျိုးနှင့် ကြုံတွေ့ကြရခြင်းဖြစ်သည်ကို သူကောင်းစွာသိသည်။ *'အပြစ်' ၏တန်ပြန် အကျိုးသက်ရောက်မှုအကြောင်း ရှင်းပြပါ။* အစ်ကိုတို့သည် ယောသပ်ထံ အားလုံး ကျွန်ခံကြမည် ဟု ပြောဆိုခဲ့ကြသည်။ မည်သို့ပင်ဆိုစေကာမူ အိတ်တွင် ဖလားတွေ့သောသူသာ ကျွန်အဖြစ် ကျန်ရစ်ခဲ့ရမည်ဟု ယောသပ်ပြောခဲ့သည်။ ***(ကမ္ဘာဦး၊ ၄၄း ၁၄-၁၇)***
- ယုဒသည် ယောသပ်ထံ တဖန် တောင်းဆိုခဲ့ပြန်သည်။ အကယ်၍ ဗယ်ာမိန်သည် သူတို့နှင့်အတူ ပြန်မပါသွားခဲ့လျှင် သူတို့၏ ဖခင်အိုကြီးသည် အသက်ဆုံးပါလိမ့်မည်။ သို့ဖြစ်၍ ဗယ်ာမိန်၏ကိုယ်စား မိမိအား ကျွန်အဖြစ်ချန်ရစ်စေရန် တောင်းပန်ပြောဆိုခဲ့သည်။ ***(ကမ္ဘာဦး၊ ၄၄း ၁၈-၃၄)*** *အစ်ကိုများ၏ စိတ်သဘောများ မည်မျှ ပြောင်းလဲလာခဲ့ကြသည့်အကြောင်းကို ဆွေးနွေးပါ။ ယောသပ်အား ကျွန်အဖြစ်ရောင်းစားရန် အကြံပေးခဲ့သည့် အစ်ကိုသည် ယခုတွင် ဗယ်ာမိန်အတွက် ကျွန်ခံမည်ဟု ပြောဆိုနေပြီး ဖြစ်သည်။ သူ၏အစ်ကိုသည် ညီအစ်ကိုများ နှင့် ဖခင်ကြီးအပေါ် ဂရုစိုက်တက်နေပြီးဖြစ်ကြောင်း ယောသပ် သိမြင်လာနိုင်ခဲ့သည်။*
- မိမိသည် အမှန်တကယ် မည်သူဖြစ်သည်ကို ညီအစ်ကိုများထံ ပြောပြရန်အချိန်ကျရောက်ပြီးဖြစ်ကြောင်း ယောသပ်သိခဲ့သည်။ ယောသပ်သည် အခြားသူများကို အပြင်သို့ထွက်စေခဲ့ပြီး မိမိသည် "ယောသပ်" ဖြစ်ကြောင်း ညီအစ်ကိုများထံ ပြောပြခဲ့သည်။ ပထမတွင် အစ်ကိုများသည် အလွန်ကြောက်ရွံ့နေခဲ့ကြသည်။ ယောသပ်သည် အစ်ကိုများကို လက်စားချေလိုပါသလား။ မည်သို့ပင်ဆိုစေကာမူ ဖြစ်ပျက်ခဲ့သမျှ အရာများအားလုံးသည် ကြိုတင်စီစဉ်ထားသည့် ဘုရားသခင်၏ အစီအစဉ်များသာဖြစ်ကြောင်း ယောသပ်သည် အစ်ကိုများကို အခိုင်အမာ ပြောဆိုခဲ့သည်။ ဘုရားသခင်သည် ယောသပ်အား ဦးစွာ အဲဂုတ္တုပြည်သို့ စေလွှတ်ခဲ့ခြင်း ဖြစ်သည်။ သို့မှသာ အစာခေါင်းပါးခြင်း ကျရောက်လာသည့်အချိန်တွင် သူ၏မိသားစုများအသက်ကို ကယ်တင်ရန်အတွက် သူသည် ထိုနေရာတွင် ရှိနေမည် ဖြစ်သည်။ ***(ကမ္ဘာဦး၊ ၄၅း ၁-၈)***
- *ယောသပ်သည် သူ၏အစ်ကိုများကို ခွင့်လွှတ်ခဲ့သည့် အချက်ကို ဆွေးနွေးပါ။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏အမှားများကို အမှန်တကယ် နောင်တရသည့်အချိန်တွင် ဘုရားသခင်သည် ကျွန်ုပ်တို့ကို ခွင့်လွှတ်ပေးလိမ့်မည် ဖြစ်သည်။ ဤပုံပြင်ထဲရှိ ယုဒကဲ့သို့ပင် ကျွန်ုပ်တို့သည် အပြစ်သားဖြစ်ကြောင်း သိနားလည်ထားရမည် ဖြစ်သည်။ မိမိတို့ဘဝအသက်တာတွင် မှားယွင်းခဲ့သည့်အရာများအတွက် တာဝန်ယူတက်ရန် ပြင်ဆင်ထားရမည် ဖြစ်သည်။*
- အစာခေါင်းပါးမည့်နှစ် နောက်ထပ် ငါးနှစ်ရှိသေးကြောင်း ယောသပ် သိထားသည်။ သူ၏ မိသားစုဝင်များကို သူကယ်တင်လိုသည်။ ယောသပ်သည် အစ်ကိုများအား အိမ်သို့ပြန်ပြီး အဖြစ်အပျက်များ အားလုံးကို ဖခင်ကြီးထံ သွားရောက်ပြောပြကြရန် ပြောခဲ့သည်။ ထိုနောက် သူတို့သည် အိမ်သို့ပြန်ပြီး သူတို့ပိုင်ဆိုင်သမျှနှင့် မိသားစုများကို ခေါ်၍ အဲဂုတ္တုတွင် နေထိုင်ရန် ရောက်ရှိလာခဲ့ကြသည်။ ***(ကမ္ဘာဦး၊ ၄၅း ၉-၂၈)***

**သင်ခန်းစာကို ပြီးမြောက်စေပါ။**
**ပြပါ။** FBI ယောသပ် သူ၏မိသားစုနှင့် ပြန်လည်ဆုံတွေ့ခဲ့သည်။

### သင်ယူစေပါ

အဓိကသော့ချက်ကျမ်းဖြစ်သော ***(ကမ္ဘာဦး၊ ၄၅း ၈)*** ၏ လိုအပ်သောအပိုင်းကို ရှင်းပြပြီး၊ သင်ပေးပါ။ ဖြစ်နိုင်လျှင် ကျမ်းချက်၏ ပထမပိုင်းကိုသာ အသုံးပြု သင်ပေးပါ။ ယောသပ်၏ အသက်တာတွင် ကျရောက်ခဲ့သည် အဖြစ်အပျက်များသည် အစာခေါင်းပါးရာ ကာလတွင် ယာကုပ်၏မိသားစုကို ကယ်တင်ရန်အတွက် ဘုရားသခင်၏ အစီအစဉ်များသာ ဖြစ်ကြောင်း ကလေးများကို ပြန်လည်ပြောပြပါ။

### သင်ခန်းစာကို မှတ်မိသတိရစေပါ။

ပုံပြင်အား ပြန်လည်သုံးသပ်သည့်အနေဖြင့် ကလေးများထံ အောက်ပါမေးခွန်းများကို မေးပါ။

- ဗယ်ာမိန်၏ အိတ်အတွင်းတွင် မည်သည့်အရာကို တွေ့ရှိခဲ့သနည်း။
- ယောသပ်သည် သူ၏ကျွန်အဖြစ် မည်သူအား ကျန်ရစ်စေလိုခဲ့သနည်း။
- ဗယ်ာမိန်၏ ကိုယ်စား ကျွန်အဖြစ် ကျန်ရစ်လိုသောသူမှာ မည်သူနည်း။
- အကယ်၍ ဗယ်ာမိန်သည် အိမ်သို့မပြန်နိုင်ခဲ့လျှင် ယာကုပ်၌မည်သို့ ဖြစ်မည်နည်း။
- ယောသပ်သည် သူ၏အစ်ကိုများ စိတ်သဘောထား ပြောင်လဲလာကြကြောင်းကို မည်သို့ သိခဲ့သနည်း။
- ယောသပ်သည် သူ၏အစ်ကိုများကို ခွင့်လွှတ်ပေးခဲ့ပါသလား။
- ကျွန်ုပ်တို့၏ အပြစ်များအတွက် ဘုရားသခင်၏ ခွင့်လွှတ်ခြင်းခံစားရရန် ကျွန်ုပ်တို့ မည်သည့်အရာ လုပ်ဆောင်ရမည်နည်း။

## ၁၇ ပုံပြင် ၄

အဲဂုတ္တုပြည်၌ အတူနေထိုင်ခြင်း - ဤပုံပြင်သည် ကျွန်ုပ်တို့ဘဝအတွက် ဘုရားသခင်၏ အစီအစဉ်များအကြောင်း ဖြစ်သည်။

**ကျွန်ုပ်တို့ သင်ယူသွားမည့်အရာ။**

- ယောသပ်သည် သူ၏ဖခင် ယာကုပ် နှင့် ပြန်လည်ဆုံတွေ့ခဲ့သည်။
- ကျွန်ုပ်တို့သည် ဘုရားသခင်အား လုံးလုံးယုံကြည်ကိုးစားလျှင် အလွန်ဆိုးသည့်အခြေအနေမှာပင် ဘုရားသခင်သည် ကောင်းသောအရာများကို သယ်ဆောင်လာနိုင်သည်။

**အဓိကသော့ချက်ကျမ်း** *ကမ္ဘာဦး၊ ၅၀း၂၀*

**ဖတ်ရန်ကျမ်းညွှန်း** *ကမ္ဘာဦး၊ ၄၆း ၁-၃၄*

**သင်ခန်းစာကို အစပြုမိတ်ဆက်ပေးပါ။**

အိမ်ပြောင်းရွှေ့ဘူးသော သူများ ရှိပါသလားဟု ကလေးများထံ မေးပါ။ အခြားတိုင်းပြည်များသို့ သွားရောက်နေထိုင်ဘူးသည့် သူများ ရှိပါသလား။ အိမ်ပြောင်းရွှေ့သည့်အခါ ပစ္စည်းများ စုစည်းသိမ်းဆည်ရသဖြင့် အလွန်အလုပ်ရှုပ်ရပါသည်။ ထိုအချိန်တွင် မည်သို့ခံစားရကြောင်း ကလေးများကို မေးပါ။ သူတို့ စိုးရိမ်နေမည်းလား။ စိတ်လှုပ်ရှားနေမည်လား။
ယာကုပ်နှင့် မိသားစုများသည် အဲဂုတ္တုပြည်ရှိ ဂေါရှင်ပြည်တွင် ပြောင်းရွှေ့နေထိုင်ကြသည့်အကြောင်း ကလေးများထံ သတိပေးပြောပြပါ။

**သင်ကြားပေးပါ။**

- ယာကုပ် (ဣသရေလ) နှင့် သူ၏မိသားစုတို့သည် ပိုင်ဆိုင်သမျှ ပစ္စည်းများ စုသိမ်းကြသည်။ သူတို့၏ တိရိစ္ဆာန်များကို စုသိမ်းပြီး အဲဂုတ္တုပြည်သို့ ခရီးထွက်ခဲ့ကြသည်။ သူတို့သည် ခရီးသွားကြပြီး ဗေရရှေဘအရပ်သို့ ရောက်သည့်အခါ ထာဝရဘုရားအား ယဇ်ပူဇော်ခြင်းကို ပြုကြလေသည်။ *ထာဝရဘုရားသည် သူတို့အား ကြည့်ရှုစောင့်ရှောက်တော်မူသည့်အတွက် သူတို့သည် ထဝရဘုရားကို အလွန်ကျေးဇူးတင်ကြသည်။* ***(ကမ္ဘာဦး၊ ၄၆း ၁)***
- ထဝရဘုရားသည် အိပ်မက်အားဖြင့် ယာကုပ်ထံ စကားပြောခဲ့သည်။ အဲဂုတ္တုပြည်သို့ သွားရမည့်အခွင့်ကို မစိုးရိမ်နှင့်။ အဲဂုတ္တုပြည်၌ထာဝရဘုရားသည် သူ့အား ဆက်လက်ကောင်းကြီး ပေးတော်မူလိမ့်မည်။ သူ၏ သားစဉ်မြေးဆက်အား လူမျိုးကြီး ဖြစ်စေမည် ဟု မိန့်တော်မူခဲ့သည်။ ထာဝရဘုရားသည် ယာကုပ်နှင့်အတူ ရှိတော်မူလိမ့်မည်ဟု ကတိထားတော်မူခဲ့သည်။ ***(ကမ္ဘာဦး၊ ၄၆း ၂-၄)*** *ထာဝရဘုရားသည် သူ၏ကတိတော်များကို အမြဲစောင့်ထိန်းတော်မူသည့်အကြောင်း ကလေးများနှင့်အတူ ဆွေးနွေးပါ။*
- ယာကုပ်နှင့် မိသားစုများသည် ဗေရရှေဘအရပ်မှ ထွက်ခွါပြီး အဲဂုတ္တုပြည်သို့ သွားခဲ့ကြသည်။ သူတို့သည် လူအများစုဖြစ်ကြသည်။ ယခုတွင် အဲဂုတ္တုပြည်သို့ ရောက်လာသည့် သူတို့၏ မိသားစုဝင်အားလုံး စုစုပေါင်း ၇၀ဦး ဖြစ်သည်။ ***(ကမ္ဘာဦး၊ ၄၆း ၅-၂၇)***
- သူတို့သည် ဂေါရှင်အရပ်သို့ ရောက်ရှိလာကြသည့်အခါ ယောသပ်သည် သူတို့နှင့် လာရောက်တွေ့ဆုံသည်။ ယောသပ်သည် နှစ်ပေါင်းများစွာကြာပြီးမှ ဖခင်အား တွေ့ဆုံရသည့်အတွက် အလွန်ဝမ်းမြောက်ခဲ့သည်။ သူသည် ဖခင်၏လည်ပင်ကို ပွေ့ဖတ်၍ ကြာကြာငိုကြွေးခဲ့သည်။ ယောသပ်၏ မိသားစုများ ရောက်ရှိလာသည့်သတင်းကို ဖါရောမင်း ကြားသိခဲ့သည်။ ဖါရောမင်းသည် သူတို့အား နွေးထွေးစွာကြိုဆိုပြီး သူတို့အား ဂေါရှင်အရပ်တွင် နေထိုင်ခွင့် ပြုခဲ့သည်။ ***(ကမ္ဘာဦး၊ ၄၆း ၂၈-၃၄)***
- *ဤဝမ်းမြောက်စရာကောင်းသည့် နိဂုံးကို ကလေးများနှင့်အတူ ဆွေးနွေးပါ။ ကျွန်ုပ်တို့သည် ယောသပ်ကဲ့သို့ပင် ကောင်းစားသည့်အချိန် နှင့် ဆင်းရဲခံရသည့်အချိန် နှစ်ချိန်လုံးတွင် ထာဝရဘုရားအား ကိုးစားရမည်ဖြစ်သည်။ ကျွန်ုပ်တို့သည် ထာဝရဘုရားအား လုံးလုံးကိုးစားလျှင် အလွန်ဆိုးရွားသည့် အခြေအနေမှာပင် ကောင်းမွန်သည့်အရာ ခံစားရနိုင်ရန် ထာဝရဘုရားအား ကျွန်ုပ်တို့ အမှီပြုအားထားနိုင်သည်။*

**သင်ခန်းစာကို ပြီးမြောက်စေပါ။**

**ပြပါ။** FBI ယောသပ်သည် ယာကုပ် နှင့် ပြန်လည်ဆုံတွေ့ခဲ့သည်။

**သင်ယူစေပါ**

အဓိကသော့ချက်ကျမ်းဖြစ်သော ***ကမ္ဘာဦး၊ ၅၀း ၂၀*** အရေးပါမှုကို ရှင်းပြပြီး၊ သင်ပေးပါ။ ပုံပြင်တစ်ခုလုံးကို အကျဉ်းချုပ်ဖော်ပြနိုင်ရန် ဤကျမ်းချက်ကို အသုံးပြုပါ။ အစ်ကိုများသည် ယောသပ်အား မည်သို့ နာကျင်စေခဲ့ကြသနည်း။ ထိုမျှဆိုးသော အခြေအနေကို ဘုရားသခင်သည် ကောင်းသောအခြေအနေအဖြင့် မည်သို့ ပြောင်းလဲ ပေးခဲ့သနည်း။ ထဝရဘုရားသည် ကျွန်ုပ်တို့၏ ဘဝအသက်တာများအားလုံးကို ထိန်းချုပ်ထားကြောင်း ကလေးများကို ကောင်းစွာ နားလည်သဘောပေါက်စေပါ။

**သင်ခန်းစာကို မှတ်မိသတိရစေပါ။**

ပုံပြင်အား ပြန်လည်သုံးသပ်သည့်အနေဖြင့် ကလေးများထံ အောက်ပါမေးခွန်းများကို မေးပါ။

- ယာကုပ်၏ မိသားစုများသည် မည်သည့်အရပ်သို့ ပြောင်းရွှေ့နေထိုင်ကြသနည်း။
- သူတို့သည် ထာဝရဘုရားအား ယဇ်ပူဇော်ရန် မည်သည့်အရပ်တွင် ရပ်နားခဲ့ကြသနည်း။
- ယာကုပ်ထံ ထာဝရဘုရားပေးသည့် ကတိတော်များမှာ အဘယ်နည်း။
- သူတို့သည် ဂေါရှင်အရပ်သို့ ရောက်ရှိလာကြသည့်အခါ မည်သူသည် သူတို့နှင့် တွေ့ဆုံရန် ရောက်ရှိလာခဲ့သနည်း။
- ယခုတွင် အဲဂုတ္တုပြည်သို့ ရောက်ရှိလာသည့် ယာကုပ်၏ မိသားစုဝင်ပေါင်း မည်မျှနည်း။
- ဤပုံပြင်သည် အလွန်ဝမ်းနည်းစရာကောင်းသည့် အခြေအနေနှင့် အစပြုထားသည်။ ထိုဝမ်းနည်းစရာ အခြေအနေမှ ဝမ်းမြောက်စရာ နိဂုံးဖြစ်စေရန် ဘုရားသခင်သည် မည်သို့ ပြောင်းလဲပေးခဲ့သနည်း။

<u>၁ ၈ ပုံပြင် ၁</u>

ယေရှုတွေ့ဆုံခဲ့သောသူ၊ ဖျားနာသောအမျိုးသမီးတစ်ဦး - ဤပုံပြင်သည် သခင်ယေရှု၏ တန်ခိုးတော်အကြောင်းဖြစ်သည်။

**ကျွန်ုပ်တို့ သင်ယူသွားမည့်အရာ။**

- ယေရှုသည် ဘုရားသခင်၏ သားတော် ဖြစ်တော်မူသောကြောင့် လူများကို ကျန်းမာခြင်းပေးသည်။
- သခင်ယေရှုသည် ကျွန်ုပ်တို့၏အသက်တာတွင် ကောင်းမွန်သောအရာများကို ပြုလုပ်ပေးနိုင်သည်။

**အဓိကသော့ချက်ကျမ်း** *တမန်တော်၊ ၁၀း ၃၈*

**ဖတ်ရန်ကျမ်းညွှန်း** *ရှင်လုကာ၊ ၄း ၃၈-၄၄*

**သင်ခန်းစာကို အစပြုမိတ်ဆက်ပေးပါ။**

ကလေးများအား မတ်တတ်ရပ်စေပြီး အောက်ပါ ကိုယ်လက်လှုပ်ရှားမှုကို လိုက်လံပြုလုပ်စေပါ။ "အားကစားများဖြစ်သည့်" ဥပမာ အမြင့်ခုန်ခြင်း၊ ဖြေဖြေမှန်မှန်ပြေးခြင်း၊ တာတိုပြေးပွဲ၊ ခြေစုံခုန်ခြင်း၊ တူညီသည့်ခြေလှမ်းဖြင့်ချီတက်ခြင်း၊ လက်နှစ်ဘက်ကို အသုံးပြုပြီး လေကို ရှေ့သို့တွန်းခြင်း၊ သို့မဟုတ် အကယ်၍ နေရာရှိပါက ကလေးများသည် မီးပွိုင့်ကစားနည်းကို (အချက်ပြကစားနည်း) ကစားနိုင်သည်။ ဆရာမှ အရောင်အမည်များကို ခေါ်ပေးသည့်အခါ ကလေးများမှ လမ်းညွှန်မှုများကို ပြုလုပ်နိုင်သည်။ အနီရောင်- ငြိမ်ငြိမ်ရပ်နေပါ၊ လိမ္မော်ရောင်-ဖြေဖြေမှန်မှန်ပြေးပါ၊ အစိမ်းရောင်-ပတ်ချာလှည့်ပါ။ စည်းကမ်းအတိုင်းမကစားသော ကလေးသည် ပြိုင်ပွဲမှထွက်ရမည် ဖြစ်သည်။

ကလေးများသည် ကျန်းမာပြီး၊ သန်စွမ်းကြသည့်အတွက် ဤသို့ကိုယ်လက်လှုပ်ရှားကစားခြင်းသည် အလွန်ပျော်စရာကောင်းကြောင်းကို ကစားပြီးသည့် အဆုံးတွင် ကလေးများကို ရှင်းပြပါ။ ကလေးများသည် ဖျားနာပြီး၊ အိပ်ယာထဲ လဲလျောင်းနေရလျှင် ပျော်ရွှင်စရာ ကောင်းလိမ့်မည် မဟုတ်ပေ။ သခင်ယေရှု လောကတွင် နေထိုင်ခဲ့သည့်အချိန်တွင် ဖျာနာသည့် လူနာများစွာ ရှိခဲ့သည်။ သို့သော် ကူညီပေးမည့် မည်သည့်ဆရာဝန်မျှမရှိ၊ မည်သည့်ကျန်းမာရေးဝန်ထမ်းမျှမရှိခဲ့ပေ။

ဤလမ်းညွှန်မှုတွင် မပါဝင်နိုင်သည့် ကလေးတစ်စုံတစ်ဦး ရှိမရှိသေချာဆန်းစစ်ပါ။ အခြားနည်းလမ်းအနေဖြင့် ယနေ့ခေတ်တွင် ဆရာဝန်တစ်ဦး၏ အခြေအနေသည် မည်သို့ဖြစ်ကြောင်း ပြောပါ။ ဆရာဝန်တစ်ဦးသည် ရောဂါအမျိုးမျိုးအကြောင်း သိရမည်။ ဆေးညွှန်းပေးတက်ရသည်။ အလုပ်အလွန်များသည်။ တစ်ခါတစ်ရံတွင် ကူညီပေးနိုင်သည်။ တစ်ခါတစ်ရံတွင် လူနာအား အကူအညီမပေးနိုင်ပါ။ ယနေ့ ပုံပြင်တွင် ဆရာဝန်အားလုံးထက် သာလွန်ကောင်းမွန်သည့် အံ့ဩဖွယ် ဆရာဝန်ဖြစ်သည့် သခင်ယေရှုအကြောင်းကို ကျွန်ုပ်တို့ သင်ယူလေ့လာသွားမည် ဖြစ်ကြောင်း ရှင်းပြပါ။

**သင်ကြားပေးပါ။**

- ယေရှုသည် တရားဇရပ်တွင် *(ယုဒလူတို့သည် ဘုရားသခင်၏အကြောင်းကို သင်ကြားရန် တွေ့ဆုံကြသည့် နေရာ)* လူတို့အား ဆုံးမဩဝါဒပေးရန် ရောက်ရှိနေသည်။ မကျန်းမာသည့် လူနာများကိုလည်း ကျန်းမာခြင်းပေးသည်။ ယခုတွင် အခြားသောတပည့်တော်များနှင့်အတူ ရှိမုန်အိမ်သို့ သွားရောက် လည်ပတ်သည့်အချိန် ဖြစ်သည်။ ရှိမုန်အိမ်တွင် အခက်အခဲရှိနေသည်။ ရှိမုန်၏ ယောက္ခမသည် အလွန်ဖျားနာနေသည်။ *ဖျားနာပြီး၊ အပူအလွန်ကြီးပါက မည်သို့ ခံစားနေရမည်ကို ကလေးများကို ရှင်းပြပါ။* သခင်ယေရှုသည် ထိုလူနာအား ကျန်းမာခြင်းပေးပိုင်နိုင်ကြောင်း ရှိမုန်နှင့် အခြားတပည့်တော်များက သိကြသည့်အတွက် ကူညီပေးရန် ယေရှုထံ တောင်းလျှောက်ခဲ့ကြသည်။ *သခင်ယေရှုသည် လူနာအား ကျန်းမာစေနိုင်သည်ဟု သူတို့တွေးထင်ရခြင်းမှာ အဘယ်ကြောင့်နည်း။* ***(လုကာ၊ ၄း ၃၈)***
- သခင်ယေရှုသည် လိုလိုလာလာကူညီပေးလိုသည်။ ယေရှုသည် သူမ၏လက်ကို တို့ထိပြီး၊ ဖျားနာအားဆုံးမတော်မူပြီး၊ သူမအား ကူညီထူမပေးခဲ့သည်။ လူနာသည် ရောဂါကင်းပျောက်ပြီး ဧည့်သည်ဝတ်ကို ပြုလေသည်။ သူမတွင် မည်သည့်အရာမျှ မဖြစ်ခဲ့သကဲ့သို့ ဖြစ်နေမည်လား။ *လူများတစ်ဦးနှင့်တစ်ဦး ပြောသင့်သည့် အကြောင်းအရာအချို့ကို ကလေးများအား စဉ်းစားစေပါ။* ***(လုကာ၊ ၄း ၃၉)***
- ထိုနေ့ညနေခင်း နေဝင်ခါနီးအချိန်တွင် လူများတို့သည် အမျိုးမျိုးသော ဖျားနာဝေဒနာသည် လူနာများကို ယေရှုထံတော်သို့ ခေါ်ဆောင်လာခဲ့ကြသည်။ *ထိုနေရာတွင် ရှိနေသော လူအမျိုးမျိုး နှင့် အဘယ်ကြောင့် သူတို့ရောက်ရှိလာကြခြင်း ဖြစ်သည်ကို စဉ်းစားပါ။ ထိုညနေတွင် ယေရှု မည်မျှခံစားခဲ့ရမည်နည်း။* မည်မျှ အချိန်နောက်ကျနေစေကာမူ လူတိုင်းအတွက် ယေရှုတွင် အချိန်ရှိသည်။ လူနာတိုင်းအပေါ်သို့ လက်တော်ကိုတင်၍ ကျန်းမာစေခဲ့သည်။ *ကျန်မာခြင်းမခံစားရဘဲ မည်သူတစ်ဦးတစ်ယောက်ကိုမျှ ပြန်မလွှတ်ခဲ့ပေ။ လူတို့၏ တုန့်ပြန်မှုကို စဉ်းစားပါ။* ***(လုကာ၊ ၄း ၄၀)***
- နောက်တစ်နေ့ နံနက်တွင် ယေရှုသည် သူ၏ခမည်းတော်ထံ ဆုတောင်းနိုင်ရန်အတွက် တိတ်ဆိတ်သည့်နေရာကို ရှာခဲ့သည်။ သို့သော် လူတို့သည် သူ၏ နောက်တော်သို့ လိုက်ခဲ့ကြသည်။ သူတို့သည် ယေရှု၏ အံ့ဩဖွယ်တန်ခိုးတော်ကို သိကြသည်။ ***(လုကာ၊ ၄း ၄၂)***
- *ယနေ့ပင်လျှင် ယေရှုသည် လူတို့အား ဂရုစိုက်ပြီး၊ ကူညီပေးလိုသည်။ ကျွန်ုပ်တို့သည် ယေရှုအား လုံးလုံးယုံကြည်ကိုးစားသော အချိန်တွင် သူသည် ကျွန်ုပ်တို့ အသက်တာတွင် ကောင်းမွန်သည့်အရာများကို ပြုလုပ်ပေးသွားမည် ဖြစ်သည်။*

**သင်ခန်းစာကို ပြီးမြောက်စေပါ။**

**ပြပါ။** FBI ယေရှု ကပေရနောင်မြို့၌ ဆုံးမဩဝါဒပေးသည်။ ကျန်းမာခြင်း ပေးသည်။ (slides 7-11)

**သင်ယူစေပါ**

အဓိကသော့ချက်ကျမ်းဖြစ်သော ***တမန်၊ ၁၀း ၃၈*** ၏ လိုအပ်သည့်အပိုင်းကို ရှင်းပြပြီး၊ သင်ပေးပါ။ သင်၏ ကျောင်းသားများ သင်ယူနိုင်သည့် အတိုင်းအတာအလိုက် ကျမ်းချက်ကို ရွေးချယ်ကန့်သက်ပေးပါ။

**သင်ခန်းစာကို မှတ်မိသတိရစေပါ။**

ပုံပြင်အား ပြန်လည်သုံးသပ်သည့်အနေဖြင့် ကလေးများထံ အောက်ပါမေးခွန်းများကို မေးပါ။

- ယေရှုသည် တရားဇရပ်တွင် မည်သည့်အရာ လုပ်ဆောင်နေသနည်း။
- ယေရှုသည် မည်သူ၏အိမ်သို့ သွားရောက်လည်ပတ်ခဲ့သနည်း။
- ဖျားနာနေသောသူမှာ မည်သူနည်း။
- သူမအား ကျန်းမာစေရန်အတွက် ယေရှု လုပ်ဆောင်ခဲ့သည့်အရာ နှစ်ခုမှာ အဘယ်နည်း။
- သူမသည် ကျန်းမာပြီးနောက်တွင် မည်သည့်အရာ လုပ်ဆောင်ခဲ့သနည်း။
- လူများတို့သည် ယေရှုထံ ပိုမိုလာရောက်ရခြင်းမှာ အဘယ်ကြောင့်နည်း။
- နောက်တစ်နေ့နံနက်တွင် ယေရှုပြုခဲ့သည့် အရေးကြီးသည့် အရာတစ်ခုမှာ အဘယ်နည်း။
- လိုနေသည့် စကားလုံးကို ဖြည့်ပါ။ "ယေရှု၏ _______ သည်လည်း ပတ်ဝန်ကျင်အရပ်ရပ်တို့၌ _______ လေ၏။"

## ၁၈ ပုံပြင် ၂

ယေရှုတွေ့ဆုံခဲ့သောသူ၊ နူနာစွဲသောသူတစ်ဦး - ဤပုံပြင်သည် ကျွန်ုပ်တို့အား သခင်ယေရှု မည်မျှချစ်တော်မူသည့် အကြောင်းဖြစ်သည်။

**ကျွန်ုပ်တို့ သင်ယူသွားမည့်အရာ။**

- နူနာရောဂါသည်အား ကျန်းမာစေခဲ့ခြင်းဖြင့် ယေရှုသည် သူ၏ချစ်ခြင်းမေတ္တာကို ဖော်ပြခဲ့သည်။
- သခင်ယေရှုသည် ကျွန်ုပ်တို့အား ချစ်ပြီး ကျွန်ုပ်တို့၏အသက်တာများကို ပြောင်းလဲပေးလိုသည်။

**အဓိကသော့ချက်ကျမ်း** *ရှင်လုကာ၊ ၇း ၂၂*
**ဖတ်ရန်ကျမ်းညွှန်း** *ရှင်လုကာ၊ ၅း ၁၂- ၁၆*

### သင်ခန်းစာကို အစပြုမိတ်ဆက်ပေးပါ။

ကလေးများ ကူးစက်ရောဂါ ဝေဒနာတစ်မျိုးမျိုး ခံစားခဲ့ရဘူးပါက သူတို့၏အတွေ့အကြုံများကို ဝေမျှပြောပြစေပါ။ ဥပမာ- ရေကျောက်ရောဂါ၊ ဝက်သက်ရောဂါ။ အခြားလူများနှင့် ဝေးရာတွင်နေရခြင်း နှင့် တစ်ခုခုလိုနေသည်ဟု ခံစားရခြင်း စသည့်အကြောင်းအရာများကို ပြောပါ။ သခင်ယေရှု လောကတွင် နေထိုင်ခဲ့သည့် အချိန်ကာလတွင် နူနာရောဂါသည် အရေပြားရောဂါတစ်မျိုးဖြစ်ပြီး၊ ထိုရောဂါဝေဒနာ ခံစားရသူသည် အခြားသူများနှင့် ဝေးဝေးနေရသည်။ ထိုရောဂါ ကူးစက်ခံထားရသူသည် သူတို့၏မိသားစုများနှင့်အတူ နေထိုင်ခွင့်မရှိပေ။ အလုပ်လည်းသွားခွင့်မရှိပေ။ ဆေးဝါး ကုသနိုင်ခြင်းလည်း မရှိပေ။ ယနေ့တွင် မည်သည့်ရောဂါမဆို ဆေးဝါကုသမှု ခံယူနိုင်သည့်အခွင့်အရေးရှိသည့်အတွက် မည်မျှကောင်းမွန်ကြောင်း ကလေးများထံ ပြောပြပါ။ ဤအချက်ကို ဆုတောင်းခြင်းတွင်လည်း ထည့်သွင်းဖော်ပြနိုင်သည်။

### သင်ကြားပေးပါ။

- တစ်နေ့တွင် အလွန်ဆိုးသည် နူနာရောဂါခံစားနေရသည့် လူနာတစ်ဦးသည် ယေရှုထံတော်သို့ ရောက်ရှိလာခဲ့သည်။ သူသည် ယေရှု၏ခြေတော်ရင်းတွင် ဒူးထောက်လျက် ကျန်းမားခြင်းပေးရန် တောင်းလျှောက်နေလေသည်။ ထိုသူက "ကိုယ်တော်အလိုတော်ရှိလျှင် ကျွန်ုပ်အား သန့်ရှင်းစေနိုင်သည်" ဟု တောင်းပန်ခဲ့သည်။ *ယေရှုသည် အလိုတော်ရှိလျှင် ထိုသူအား သန့်ရှင်းစေနိုင်သည့်တန်ခိုးတော် ယေရှုတွင် ရှိကြောင်း သူသိသည်ဟု ဤစကားများအားဖြင့် ဖော်ပြနေသည်။ ယေရှုသည် နူနာသည်အား ကျန်းမာခြင်းပေးရန် အလိုတော်ရှိလိမ့်မည်လော။ ယေရှုသည် ကူးစက်ရောဂါ ခံစားနေရသည့် လူနာအား တစ်စုံတစ်ခု လုပ်ပေးရန် အလိုရှိမည်လော။ ခန့်မှန်းသုံးသပ်ပါ။* ***(လုကာ၊ ၅း ၁၂)***
- မှန်ပါသည် ယေရှုသည် ထိုသူအား ကူညီပေးလိုသည်။ ယေရှုသည် ထိုသူအား ချစ်ပြီး၊ ထိုသူသည် ယေရှု၏အကူအညီကို မည်မျှလိုအပ်နေကြောင်း ယေရှုသိသည်။ ထို့နောက် ယေရှုသည် အံ့သြဖွယ်အမှုကို ပြုခဲ့သည်။ ယေရှုသည် လက်တော်ကိုဆန့်လျက် ထိုသူအား တို့ထိပြီး "ငါအလိုရှိသည် သန့်ရှင်းခြင်းသို့ ရောက်စေ" ဟု မိန့်တော်မူလိုက်သည်။ ထိုသူအား တို့ထိသည့်အတွက် ယေရှု၌ရောဂါကူးစက်ခြင်း မခံစားရပေ။ သို့သော် ထိုသူသည် ချက်ခြင်း သန့်ရှင်းခြင်းသို့ ရောက်ခဲ့သည်။ ထိုသူ၏ အသားအရေများ ကျန်းမာပြီး မည်မျှချောမွတ်မည့်အကြောင်း ဆွေးနွေးပါ။ *ထိုသူ၏ အံ့သြဝမ်းမြောက်မည့်အရာ နှင့် မည်မျှ ကျေးဇူးတင်နေမည့်အကြောင်း စဉ်းစားကြည့်ပါ။* ***(လုကာ၊ ၅း ၁၃)*** ဤအရာသည် အံ့ဖွယ်နိမိတ်လက္ခဏာတစ်ခုပင် ဖြစ်သည်။ လူတို့၏အသက်တာများကို ပြောင်းလဲစေခြင်း နှင့် အနာရောဂါကို ငြိမ်းစေခြင်းဖြင့် ယေရှုသည် သူ၏ကြီးမားသော တန်ခိုးတော်ကို သက်သေပြခဲ့သည်။
- သမ္မာကျမ်းစာထဲတွင် ကျွန်ုပ်တို့၏အပြစ်များကို နူနာရောဂါနှင့် ခိုင်းနှိုင်းထားသည်။ *ထိုအပြစ်သည် မည်သည့်အပြစ်ဖြစ်ပြီး၊ ကျွန်ုပ်တို့၏ အသက်တာများကို မည်မျှဖျက်ဆီးကြောင်း ပြောပြပါ။* ကျွန်ုပ်တို့သည် အပြစ်သားများဖြစ်ပြီး အပြစ်များကို ပြုနေကြသော်လည်း သခင်ယေရှုသည် ကျွန်ုပ်တို့ကို ချစ်နေဆဲ ဖြစ်သည်။ ကျွန်ုပ်တို့သည် အလိုဆန ်ရှိပါက ယေရှုသည် ကျွန်ုပ်တို့၏အပြစ်များကို ခွင့်လွှတ်ပေးပြီး၊ ကျွန်ုပ်တို့၏အပြစ်မှလည်း သန့်ရှင်းစင်ကြယ်စေရန် ပြုလုပ်ပေးနိုင်သည်။ ကျွန်ုပ်တို့၏ အသက်တာများ လုံးဝပြောင်းလဲသွားမည် ဖြစ်သည်။
- ယေရှုသည် ထိုသူအား ကျန်းမာစေပြီးနောက်တွင်၊ သူသည် သန့်ရှင်းခြင်းသို့ရောက်ပြီးဖြစ်ကြောင်း ဖော်ပြရန် ယဇ်ပရောဟိတ်ထံသွား၍ ကိုယ်ကိုပြစေခဲ့သည်။ ယခုမှစ၍ သူ၏အသက်တာသည် မည်မျှပြောင်းလဲခဲ့ပြီနည်း။ ***(လုကာ၊ ၅း ၁၄)*** ကျွန်ုပ်တို့၏ အပြစ်များကို ခွင့်လွှတ်ပေးရန် သခင်ယေရှုထံ ကျွန်ုပ်တို့ တောင်းပန်လျှင် ထိုနေ့သည် ကျွန်ုပ်တို့ဘဝအတွက်လည်း အကောင်းဆုံးဖြစ်ပေလိမ့်မည်။

**သင်ခန်းစာကို ပြီးမြောက်စေပါ။**
**ပြပါ။** FBI တွင် သင့်လျော်သည့် ပုံမရှိပါ။

### သင်ယူစေပါ

အဓိကသော့ချက်ကျမ်းဖြစ်သော ***ရှင်လုကာ၊ ၇း ၂၂*** ၏ လိုအပ်သောအပိုင်းကို ရှင်းပြပြီး၊ သင်ပေးပါ။ ဤကျမ်းချက်တွင် သခင်ယေရှုသည် လူတို့၏ အသက်တာကို ပြောင်းလဲပေးသည့် နည်းလမ်းခြောက်ခုကို ဖော်ပြထားသည်။ ထိုအရာများကို အစဉ်အတိုင်း မှတ်မိစေရန် ပြုလုပ်ပေးပါ။ စကားစုတစ်ခုစီကို အမူအရာဖြင့် မှတ်သားစေပါ။ ဥပမာ - မျက်စိကန်းသူ - မျက်စိသို့ညွှန်ပြပါ။ ခြေမစွမ်းသူလှမ်းသွားသည် - လမ်းဖြတ်လျှောက်စေပါ။ နူနာရောဂါသည်များ - လက်ချောင်းလေး များကိုကွေးပြီးအရေပြားကို ထိတွေ့ကိုင်တွယ်စေပါ။ သို့မဟုတ် အကယ်၍ ကျမ်းချက်သည် ရှည်လွန်းပါက အခြားတစ်နည်းအနေဖြင့် စကားစုတစ်ခုစီကို အဖွဲ့များခွဲ၍ ရွတ်ဆိုစေပါ။ အခြေအနေ တစ်ခုချင်းစီမှ ယေရှု ကျန်းမာခြင်း ပေးခဲ့သည့် လူတစ်ဦးချင်းစီ၏ တိကျသည့် ပုံဥမာများကို အဆင့် ၂ ကလေးများ ကျမ်းစာဗဟုသုတကောင်းများ ရရှိစေရန်အတွက် ကြိုးစားပြောပြပါ။

### သင်ခန်းစာကို မှတ်မိသတိရစေပါ။

နှုတ်မေးနှုတ်ဖြေအနေဖြင့် အောက်ပါဖော်ပြချက်များကို မှား/မှန် ဖြေဆိုစေပါ။

- နူနာရောဂါသည် ကူးစက်ရောဂါတစ်မျိုးဖြစ်သည်။
- ထိုနူနာရောဂါသည်များသည် သူတို့၏မိသားစုဝင်များနှင့်သာ နေထိုင်ခွင့်ရှိသည်။
- သူသည် ယေရှု၏ ရှေ့တော်မှောက်တွင် ဒူးထောက်ခဲ့သည်။
- ယေရှုသည် သူအား ကျန်းမာခြင်း ပေးနိုင်/မပေးနိုင် သူသေခြာစွာမသိပေ။
- ယေရှုသည် သူအားတို့ထိခဲ့သည်။
- ယေရှုသည် ဘုရားသခင်၏ သားတော်ဖြစ်တော်မူသောကြောင့် သူအားကျန်းမာခြင်း ပေးပိုင်နိုင်သည်။
- မိနစ် အနည်းငယ်ကြာပြီးနောက်တွင် သူကျန်းမာခဲ့သည်။
- သူသည် ယဇ်ပရောဟိတ်ထံသွားပြီး ကိုယ်ကို ပြရသည်။
- ကျွန်ုပ်တို့အယောက်စီတိုင်းတွင် အပြစ်ဟုခေါ်သည့် ရောဂါရှိကြသည်။
- သခင်ယေရှုသည် ကျွန်ုပ်တို့အားချစ်ပြီး၊ ကျွန်ုပ်တို့၏အပြစ်များကို ခွင့်လွှတ်ပေးရန် အလိုတော်ရှိသည်။

## <u>ခ ၈ ပုံပြင် ၃</u>

ယေရှုတွေ့ဆုံခဲ့သောသူ - အကူအညီမဲ့နေသောသူတစ်ဦး - ဤပုံပြင်သည် သခင်ယေရှု မည်မျှခွင့်လွှတ်တက်သည့် အကြောင်းဖြစ်သည်။

**ကျွန်ုပ်တို့ သင်ယူသွားမည့်အရာ။**

- ယေရှုတွင် လက်ခြေသေသောသူအား ကျန်းမာစေနိုင်သည့် တန်ခိုးသာမက ထိုသူ၏အပြစ်ကိုလည်း ခွင့်လွှတ်ပေးနိုင်သည့် တန်ခိုးတော် ရှိသည်။
- ယေရှုတွင် ကျွန်ုပ်တို့၏ အပြစ်များကို ခွင့်လွှတ်ပေးနိုင်သည့် တန်ခိုးတော်ရှိသည်။

**အဓိကသော့ချက်ကျမ်း** *ရှင်လုကာ၊ ၅း ၂၄*
**ဖတ်ရန်ကျမ်းညွှန်း** *ရှင်လုကာ၊ ၅း ၁၇ -၂၆*

**သင်ခန်းစာကို အစပြုမိတ်ဆက်ပေးပါ။**

အိမ်တွင် သို့မဟုတ် ကျောင်းတွင် သူငယ်ချင်းများကို ကလေးများ ကူညီပေးခဲ့သည့်အရာများမှာ အဘယ်အရာဖြစ်သည်ကို မေးပါ။ သူတို့၏ ကူညီပေးမှုများကို ချီးကျူးပေးပါ။ ယနေ့ပုံပြင်တွင် သူငယ်ချင်းလေးယောက်တို့သည် လမ်းမလျှောက်နိုင်သည့် သူတို့၏ သူငယ်ချင်းအား သခင်ယေရှုထံတော်သို့ သယ်ဆောင်လာပေးသည့် အကြောင်းဖြစ်သည်။ သူငယ်ချင်းများသည် လူနာအား မည်သို့သယ်ဆောင်လာကြသည်ကို ရှင်းပြနိုင်ရန် ဖြစ်နိုင်လျှင် လိုအပ်သည့် ဖျာ၊ အိပ်ယာ အသုံးအဆောင်များကို ထားရှိပါ။ သူတို့သည် လူနာအား အဘယ်ကြောင့် ယေရှုထံတော်သို့ သယ်ဆောင်လာရခြင်းဖြစ်သနည်း။ မှန်ပါသည် သူတို့၏ သူငယ်ချင်းအား ကျန်းမာစေနိုင်သည့် တန်ခိုးတော် ယေရှုတွင် ရှိကြောင်းကို သိထားကြသည်။

**သင်ကြားပေးပါ။**

- ယေရှုထံတော်သို့ ရောက်ရှိရန်မှာ မလွယ်ကူနိုင်ကြောင်း သူတို့သိပါသည်။ သခင်ယေရှု၏ ဆုံးမဩဝါဒကို ကြားနာခံယူနေသည့် လူများသည် အိမ်အပြည့် ရှိနှင့်နေပြီး ဖြစ်သည်။ ကျွန်ုပ်တို့၏ အသက်တာတွင်လည်း ယေရှု၏စကားတော်ကို ကြားနာလိုသည့် စိတ်ဆန္ဒ ရှိရန် အလွန် အရေးကြီးလှပါသည်။ အိမ်တံခါးမှ အထဲသို့ဝင်ရန်မှာ သူတို့အတွက် မဖြစ်နိုင်ပေ။ ထို့ကြောင့်သူတို့သည် လူနာအား အိမ်၏ခေါင်မိုးပေါ်သို့ သယ်ဆောင်သွားခဲ့ကြသည်။ သူတို့သည် လွယ်လွယ်နှင့် အလျှော့မပေးခဲ့ကြပေ။ အဘယ်ကြောင့်ဆိုသော် ယေရှု တပါးတည်းသာ သူတို့၏ သူငယ်ချင်းအား ကျန်းမာခြင်းပေးပိုင်နိုင်သည်ကို သူတို့ သိကြသောကြောင့် ဖြစ်သည်။ *အိမ်ခေါင်မိုးသည် အပေါက်ဖြစ်နေပြီး ထိုအမိုးပေါ်တွင် လူလေးယောက်တို့သည် ရပ်လျှက်ရှိသည်ကို မြင်နေရပြီး၊ ထိုလူတို့သည် လက်ခြေသေသောသူအား ယေရှုရှေ့မှောက်တည့်တည့်သို့ ဂရုစိုက်စွာ လျှော့ချနေပုံကို ကလေးများအား မြင်ရောင်ကြည့်စေပါ။* ***(လုကာ၊ ၅း ၁၈-၁၉)***
- ယေရှုသည် ထိုလူနာအား မည်သို့ ကျန်းမာစေနိုင်မည်နည်း။ ရှိမုန်ပေတရု၏ ယောက္ခမ နှင့် နူနာရောဂါသည်အား ယေရှုသည် မည်သို့ ကျန်းမာခြင်း ပေးခဲ့သည့်အကြောင်းကို ကလေးများအား ပြန်လည်တွေးတောစေပါ။ သို့သော် ယနေ့ပုံပြင်တွင် ယေရှုသည် ထိုလူနာအား " သင်၏အပြစ်ကို လွှတ်ပြီး " ဟု မိန့်တော်မူခဲ့သည်။ ထိုအိမ်အတွင်းတွင်ရှိသည့် လူအချို့က စိတ်ဆိုးကြသည်။ ယေရှုသည် အပြစ်လွှတ်ပိုင်သောသူ ဖြစ်ကြောင်းကို သူတို့ မယုံကြည်ကြသောကြောင့် ဖြစ်သည်။ ဘုရားသခင်တစ်ပါးတည်းသာ အပြစ်လွှတ်ပိုင်သည်ဟု သူတို့ ထင်ကြသည်။ ယေရှုအား ဘုရားသခင်၏ သားတော်ဖြစ်တော်မူကြောင်းကို သူတို့ မယုံကြည်ကြပေ။ ထိုသူတို့ တွေထင်နေသည့်အရာကို ယေရှုသိသည်။ *ထို့နည်းတူပင် ကျွန်ုပ်တို့၏ အတွေးများကိုလည်း ယေရှုသိသည်။* ***(လုကာ၊ ၅း ၂၀-၂၄)***
- ထိုသူတို့သည် လူနာ၏အသက်တာထဲကို မမြင်နိုင်သော်လည်း ယေရှုသည် ထိုလူနာ၏ အပြစ်ကို အမှန်တကယ် ခွင့်လွှတ်ကြောင်း သူတို့ထံ သက်သေပြလိုသောကြောင့် ထိုလူနာအား ထလော့ ကိုယ်အိပ်ရာကို ဆောင်၍ ကိုယ်အိမ်သို့ သွားလော့ ဟု မိန့်တော်မူခဲ့သည်။ ထိုလူနာသည် ချက်ခြင်းထ၍ အိပ်ရာကို ဆောင်လျက်၊ ဘုရားသခင်၏ ဂုဏ်တော်ကို ချီးမွမ်းလျက် မိမိအိမ်သို့ သွားလေသည်။ လူအပေါင်းတို့သည် မိန်းမောတွေဝေခဲ့ကြသည်။ သခင်ယေရှု၏ တန်ခိုးတော်သည် လူနာ၏ လက်ခြေများကို ကျန်းမာစေနိုင်ရုံသာမက လူနာ၏ အပြစ်ကိုလည်း ခွင့်လွှတ်ပေးနိုင်သည်။ ယေရှုတွင် ရှိသော တန်ခိုးကဲ့သို့ မည်သူတစ်ဦးတစ်ယောက်တွင်မျှ မရှိပါ။ ***(လုကာ၊ ၅း ၂၄-၂၆)***
- အလိုအပ်ဆုံးသောအရာတစ်ခုမှာ ကျွန်ုပ်တို့၏ အပြစ်များ ခွင့်လွှတ်ခြင်း ခံစားရရန်သာ ဖြစ်သည်။ *ပုံပြင် ၂ တွင် ကလေးများ သင်ယူခဲ့သည့်အရာကို ပြန်လှန်ပါ။* အပြစ်ဆိုသည်မှာ မည်သို့နည်း။ ဘုရားသခင် နှင့် ကျွန်ုပ်တို့၏ ဆက်ဆံရေးကို မည်သို့ဖျက်ဆီးသနည်း။ ကျွန်ုပ်တို့ကို ကောင်းကင်နှင့် ဝေးကွာစေသည်။ ကျွန်ုပ်တို့အား ခွင့်လွှတ်ပေးနိုင်သည့် တန်ခိုးတော် သခင်ယေရှု၌ရှိသည်။ အဘယ်ကြောင့်ဆိုသော် သူ၌အပြစ်မရှိသောကြောင့် ဖြစ်သည်။ ကျွန်ုပ်တို့ အပြစ်များအတွက် သူသည် လက်ဝါးကပ်တိုင်ပေါ်တွင် အသေခံပြီး အပြစ်ကြွေးပေးဆက်ရန် အလိုတော်ရှိသည်။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ အပြစ်များအတွက် စစ်မှန်သော နောင်တရရန် လိုအပ်သည်။ ကျွန်ုပ်တို့ အပြစ်များ ခွင့်လွှတ်ခြင်း ခံစားရရန် ဘုရားသခင်ပြင်ဆင်ပေးသည့် နည်းလမ်းအတွက် သခင်ယေရှုအား ကျေးဇူးတင်ရမည် ဖြစ်သည်။

**သင်ခန်းစာကို ပြီးမြောက်စေပါ။**
**ပြပါ။** FBI ခြေလက်သေသော လူနာအား ခေါင်မိုးပေါက်မှ လျှော့ချသည်။

**သင်ယူစေပါ**

အဓိကသော့ချက်ကျမ်းဖြစ်သော ***လုကာ၊ ၅း၂၄*** ၏ လိုအပ်သည့်အပိုင်းကို ရှင်းပြပြီး၊ သင်ပေးပါ။ "ဘုရားသခင်၏ သားတော်" ဆိုသည်မှာ ယေရှု၏ အခြားအမည်နာမ ဖြစ်သည်။

**သင်ခန်းစာကို မှတ်မိသတိရစေပါ။**

ပုံပြင်အား ပြန်လည်သုံးသပ်သည့်အနေဖြင့် ကလေးများထံ အောက်ပါမေးခွန်းများကို မေးပါ။

- လူနာတွင် သူငယ်ချင်း မည်မျှရှိသနည်း။
- ထိုလူနာသည် မည်သည့် ဝေဒနာကို ခံစားနေရသနည်း။
- သူငယ်ချင်းများသည် လူနာအား ယေရှု ခြေတော်ရင်းအရောက် ပို့ဆောင်ရန် ခက်ခဲရခြင်းမှာ အဘယ်ကြောင့်နည်း။
- သူတို့သည် အိမ်ထဲသို့ မည်သည့်နည်းလမ်းဖြင့် ဝင်ခဲ့ကြသနည်း။
- ယေရှုသည် ထိုလူနာအား ပထမဦးဆုံး မိန့်တော်မူသောစကားမှာ အဘယ်နည်း။
- လူအချို့ အဘယ်ကြောင့် စိတ်ဆိုးကြသနည်း။
- ယေရှုသည် လူနာ၏အပြစ်ကို ခွင့်လွှတ်ပေးနိုင်ကြောင်း မည်သို့ သက်သေပြခဲ့သနည်း။
- ကျွန်ုပ်တို့ အသက်တာအတွက် သခင်ယေရှု ပြုလုပ်ပေးနိုင်သည့် အရေးကြီးဆုံးအရာမှာ အဘယ်နည်း။

## ၁၈ ပုံပြင် ၄

ယေရှုတွေ့ဆုံခဲ့သောသူ - မဿဲ - ဤပုံပြင်သည် သခင်ယေရှု၏ နောက်တော်သို့လိုက်သည့် အကြောင်းဖြစ်သည်။

**ကျွန်ုပ်တို့ သင်ယူသွားမည့်အရာ။**

- မဿဲသည် မည်သို့ကဲ့သောသူ ဖြစ်သည်ကို ယေရှု သိသည်။ သို့သော် မဿဲအား သူ၏နောက်တော်သို့လိုက်ရန် အလိုတော်ရှိသည်။
- ယေရှုသည် ကျွန်ုပ်တို့အား သူ၏နောက်တော်သို့ လိုက်စေလိုသည်။

**အဓိကသော့ချက်ကျမ်း** *ရှင်လုကာ၊ ၅း ၃၂*
**ဖတ်ရန်ကျမ်းညွှန်း** *ရှင်လုကာ၊ ၅း ၂၇ - ၃၂*

### သင်ခန်းစာကို အစပြုမိတ်ဆက်ပေးပါ။

ကလေးများကြီးပြင်းလာသည့်အချိန် လုပ်ကိုင်လိုသည့် အလုပ်အမျိုးမျိုးအကြောင်းကို ကလေးများနှင့်အတူ ဆွေးနွေးပါ။ ဤအလုပ်များနှင့် ပတ်သက်၍ မည်သည့်အရာသည် ကောင်းမွန်ကြောင်း ဆန်းစစ်ပါ။
**သို့မဟုတ်**
အနာဂတ်တွင် မိမိတို့လုပ်ဆောင်မည့်အလုပ်နှင့် ပတ်သက်၍ ကလေးများ ခန့်မှန်းနိုင်ရန်အတွက် သင်တို့၏ ပတ်ဝန်းကျင်တွင်ရှိသော လုပ်ငန်းခွင်များ၏ ရိုးရှင်းသည့် သရုပ်ဖော်အချို့ ပြုလုပ်ပါ။ ယနေ့ပုံပြင်သည် မဿဲဟုခေါ်သည့် (လေဝိ) အခွန်ခံတစ်ဦး၏ အကြောင်းဖြစ်သည်။ ထိုသူသည် လမ်းမကြီးဘေးတွင် ထိုင်နေပြီး တိုင်းပြည်အတွင်းမှ ရောမသို့ ဖြတ်သန်းသွားလာသည့် လူများထံမှ အခွန်များကို ကောက်ခံနေသည်။ ဤအချက်နှင့် ဆက်စပ်ပြီး ယနေ့တွင် ကျွန်ုပ်တို့သည် အခွန်များ ပေးဆောင်နေရကြောင်းနှင့် ထိုအခွန်များကို မည်သည့်အတွက် အသုံးပြုကြောင်းကို ကလေးများထံ ပြောပြနိုင်သည်။ စိတ်မကောင်းစွာပင် မဿဲအား မည်သူမျှ မနှစ်သက်ကြပေ။ အခွန်ခံတို့အား လူတို့သည် မနှစ်သက်ကြပေ။ အဘယ်ကြောင့်ဆိုသော် သူတို့သည် ရန်သူ (ရောမအစိုးရ) အတွက် အလုပ်လုပ်သောသူများ ဖြစ်ကြသည့်အတွက် ဖြစ်သည်။ ထိုပြင်သူတို့သည် မိမိတို့အကျိုးအတွက် ကောက်ခံသင့်သည့် ငွေပမာဏထက်ပို၍ ကောက်ခံတက်ကြသည်။

### သင်ကြားပေးပါ။

- တစ်နေ့တွင် မဿဲ အလုပ်လုပ်နေသည်ကို ယေရှု သတိထားမိသွားသည်။ *ယေရှုသည် မဿဲ၏ အကြောင်းနှင့်ပတ်သက်ပြီး မည်သို့ တွေးနေမည်ကို သုံးသပ်ကြည့်ပါ။ မဿဲသည် မည်သို့သောသူဖြစ်သည်ကို သခင်ယေရှု သိပါသလား။ မှန်ပါသည် သူသိပါသည်။ ကျွန်ုပ်တို့ အယောက်စီတိုင်းသည် မည်သို့သောသူ ဖြစ်ကြသည်ကို ယေရှုသိပါသည်။ ယေရှုသည် မဿဲအား တစ်စုံတစ်ခုပြုလုပ်ပေးရန် အလိုတော်ရှိပါသလား။ မှန်ပါသည် မဿဲ ကဲ့သို့သောသူသည် ယေရှု အကူအညီပေးလိုသော လူစားမျိုး ဖြစ်သည်။ မဿဲ၏ အသက်တာကို ယေရှု ပြောင်းလဲပေးနိုင်သည်။* ထို့ကြောင့် ယေရှုသည် မဿဲ၏ဘေးတွင် ရပ်လိုက်ပြီး "ငါ့နောက်သို့ လိုက်လော့" ဟု မိန့်တော်မူခဲ့သည်။ ***(လုကာ၊ ၅း၂၇)*** *မဿဲသည် မည်သည့်အရာကို လုပ်ဆောင်လိမ့်မည်နည်း။ မဿဲသည် ရွေးချယ်မှု ပြုရတော့မည်ဖြစ်သည်။*
- မဿဲသည် မိမိ မည်သည့်အရာ ပြုလုပ်ရမည်ကို ချက်ခြင်းသိလိုက်သည်။ သူသည် ယေရှုနောက်တော်သို့ လိုက်ခဲ့သည်။ ယေရှုသည် သူအားဖိတ်ခေါ်ခဲ့သည်မှာ မည်မျှအံ့သြဖွယ် ဖြစ်ပါသနည်း။ သူသည် အရာအားလုံးကို ထားခဲ့ပြီး ယေရှုနောက်တော်သို့ လိုက်ခဲ့သည်။ ***(လုကာ၊ ၅း၂၈)*** *သခင်ယေရှုသည် ကျွန်ုပ်တို့ အယောက်စီတိုင်းကို ဖိတ်ခေါ်နေပြီး၊ ကျွန်ုပ်တို့အသက်တာတွင် သူအားရယူပိုင်ဆိုင်ရန် အခွင့်အရေး ပေးထားကြောင်း ကလေးများကို ရှင်းပြပါ။ ကျွန်ုပ်တို့သည်လည်း ရွေးချယ်မှုပြုရန် လိုအပ်သည်။*
- မဿဲသည် သူ၏သူငယ်ချင်းများကို ယေရှုနှင့် ပေးတွေ့စေလိုသည်။ ထို့နောက် သူ့အသက်တာ ပြောင်းလဲခြင်းကိုလည်း သူငယ်ချင်းများထံ ပြောပြလိုသည်။ ထိုကြောင့် သူသည် ယေရှု၊ တပည့်တော်တို့ နှင့်အတူ သူငယ်ချင်းများကိုပါ မိမိအိမ်တွင် ညစာစားရန် ဖိတ်ခေါ်လိုက်သည်။ ယေရှုသည် မဿဲ၊ မဿဲ၏ သူငယ်ချင်းများနှင့် တွေ့ဆုံနေခြင်းသည် အလွန်မှားသည်ဟု ထိုအရပ်တွင် ရှိသောသူအချို့က တွေးထင်ခဲ့ကြသည်။ ယေရှုသည် အပြစ်သားများနှင့်အတူ မိတ်ဖွဲ့နေမည့်အစား လူကောင်းများနှင့်သာ မိတ်ဆွေဖွဲ့သင့်သည်ဟု သူတို့ ထင်ကြသည်။ လူတိုင်းသည် အပြစ်သားဖြစ်ကြောင်းကို သူတို့နားမလည်ကြပေ။ ယေရှုသည် မိမိကိုယ်မိမိ သူတော်ကောင်းဟု ထင်သောသူများအတွက် ဤလောကသို့ ကြွလာခြင်းမဟုတ်ပဲ မိမိကိုယ်မိမိ အပြစ်သားဖြစ်ကြောင်း သိပြီး မိမိ၏အပြစ်အတွက် အမှန်တကယ် နောင်တရလိုသောသူများအတွက် ဤလောကသို့ ကြွလာခြင်း ဖြစ်ကြောင်း ရှင်းပြခဲ့သည်။ ***(လုကာ၊ ၅း ၂၉-၃၂)***
- ယေရှုသည် အပြစ်ကို မနှစ်သက်ပါ။ သို့သော် မဿဲ နှင့် ကျွန်ုပ်တို့ကဲ့သို့သော အပြစ်သားများကို သူချစ်သည်။ ကျွန်ုပ်တို့သည်လည်း အပြစ်ခွင့်လွှတ်ခြင်း ခံစားရရန်အတွက် သူအား ယုံကြည်ကိုးစားပြီး၊ သူ့နောက်လိုက်ရန် လိုအပ်သည်။
- နောင်တွင် အလွန်အရေးပါသည့်အလုပ်ကို လုပ်ဆောင်ရန်အတွက် ဘုရားသခင်သည် မဿဲအား ရွေးချယ်ခဲ့သည်။ မဿဲသည် ဓမ္မသစ်ကျမ်း၏ ပထမဦးဆုံး စာအုပ်ကို ရေးသားခဲ့သည်။ ယေရှုနောက်လိုက်ရန် သူဆုံးဖြတ်ခဲ့သည့်နေ့သည် အလွန်အံ့သြဖွယ်ကောင်းသောနေ့ ဖြစ်ခဲ့သည်။ သူ့အသက်တာ၏ မကောင်းမှုများနှင့် ပတ်သက်၍ ယေရှုအား ဖြေရှင်းခွင့် ပေးခဲ့သည်။ ထိုအချိန်မှစ၍ သူ၏အသက်တာ လုံးဝပြောင်းလဲခဲ့သည်။

**သင်ခန်းစာကို ပြီးမြောက်စေပါ။**
**ပြပါ။** FBI ယေရှုသည် အခွန်ခံ မဿဲအား တပည့်တော်ဖြစ်စေရန် ဖိတ်ခေါ်ခဲ့သည်။

### သင်ယူစေပါ

အဓိကသော့ချက်ကျမ်းဖြစ်သော ***လုကာ၊ ၅း ၃၂*** ၏ လိုအပ်သည့်အပိုင်းကို ရှင်းပြပြီး၊ သင်ပေးပါ။ ခက်ခဲသည့် စကားလုံးများကို ရှင်းပြပါ။ ဥပမာ ဖြောင့်မတ်ခြင်း၊ နောင်တရခြင်း စသည်ဖြင့်။

### သင်ခန်းစာကို မှတ်မိသတိရစေပါ။

ကလေးများသည် ဤသင်ခန်းစာများတွင် ယေရှုနှင့် တွေ့ဆုံခဲ့ကြသည့် မတူညီသည့် လူပုဂ္ဂိုလ်များ၏ ရုပ်ပုံများကို စက္ကူ ပိတ်စ၊ ဓာတ်ပုံများကို အသုံးပြု၍ ဖြတ်ညှပ်ကပ်ပုံများ ဖန်တီးကား အခန်းတွင်း ပြင်ဆင်မှုများ ပြုလုပ်နိုင်သည်။ သို့မဟုတ် သင်သည် ၁၈ ပုံပြင်များကိုအခြေခံပြီး မေးခွန်းတိုများ ပြန်လည် မေးမြန်းနိုင်သည်။ ပြန်လည်သုံးသပ်သည့် မေးခွန်းများမှ မေးခွန်းအချို့ကို ရွေးချယ်ပြီး မေးပါ။ ဥပမာ မဿဲ၏ အကြောင်းအချို့-

- မဿဲ၏ အလုပ်မှာ အဘယ်နည်း။
- ယေရှုသည် မဿဲထံ မည်သို့ မိန့်တော်မူခဲ့သနည်း။
- မဿဲသည် ယေရှုနောက်တော်သို့ လိုက်ပြီးနောက်တွင် မည်သည့်အရာ လုပ်ဆောင်ခဲ့သနည်း။

## ၁ ၉ ပုံပြင် ၁

မောရှေ၏ မွေးဖွားခြင်း။  ဤပုံပြင်သည် ဘုရားသခင်၏ စောင့်မခြင်း အကြောင်းဖြစ်သည်။

**ကျွန်ုပ်တို့ သင်ယူသွားမည့်အရာ။**

- ဘုရားသခင်သည် မောရှေအား စောင့်ရှောက်ပြီး၊ ကျွန်ုပ်တို့အားလည်း စောင့်ရှောက်သည်။ (အဆင့် ၁)
- မောရှေအတွက် ဘုရားသခင်၌အစီအစဉ်ရှိသကဲ့သို့ ကျွန်ုပ်တို့အသက်တာအတွက် သူ၌အစီအစဉ်ရှိသည်။ (အဆင့် ၂)

**အဓိကသော့ချက်ကျမ်း** *ဟေဗြဲ၊ ၁၁း ၂၃*
**ဖတ်ရန်ကျမ်းညွှန်း** *ထွက်မြောက်ရာ၊ ၂း ၁-၁၀*

### သင်ခန်းစာကို အစပြုမိတ်ဆက်ပေးပါ။

ကျွန်ုပ်တို့ အယောက်စီတိုင်း၏ ဘဝအသက်တာအတွက် ဘုရားသခင်၌အစီအစဉ်ရှိကြောင်း ရှင်းပြပေးပါ။ ကျွန်ုပ်တို့မွေးဖွားပြီး ဝင်ရောက်လာသည့် မိသားစု နှင့် ကျွန်ုပ်တို့အသက်တာထဲတွင် ဖြစ်ပျက်ခဲ့သမျှအရာအားလုံးသည် နမော်နမဲ့နှင့် သင့်လျော်သလိုဖြစ်လာခြင်း မဟုတ်ပေ။ ကျွန်ုပ်တို့သည် ထာဝရဘုရားအား အစေခံရန်အတွက် ဘုရားသခင်သည် သူ၏အစီအစဉ်အတိုင်း ထိုအရာများကို အသုံးချခဲ့ခြင်းသာဖြစ်သည်။ ဤပုံပြင်တွင် မောရှေ၏ အကြောင်းကို ကျွန်ုပ်တို့ လေ့လာသင်ယူသွားမည် ဖြစ်သည်။ ဘုရားသခင်၌မောရှေအတွက် အလွန်အရေးပါသည့်အလုပ်ရှိသည်။ မောရှေ ကြီးပြင်းလာသည့်အချိန်တွင် လုပ်ဆောင်ရန် ဖြစ်သည်။ မောရှေ ကလေးဘဝကတည်းကပင် ဘုရားသခင်သည် သူ့အား ကာကွယ်စောင့်ရှောက်ပေးခဲ့သည့်အကြောင်းကို ယနေ့ ကျွန်ုပ်တို့ လေ့လာသွားမည် ဖြစ်သည်။ မောရှေ၏ ပုံပြင်အကြောင်းကို ကျမ်းစာ၏ ဒုတိယစာအုပ်တွင် တွေ့ရသည်။ ထိုကျမ်းစာအုပ်၏ အမည်ကို တစ်ယောက်ယောက်သိပါသလားဟု မေးပါ။ မည်သည့်နေရာတွင် ရှိကြောင်း ကျမ်းစာအုပ်ကို ဖွင့်၍ ပြစေပါ။ အခြားတစ်နည်းအနေဖြင့် - သင်သည် အဆင့် ၁ ကလေးများထံ ဤပုံပြင်ကို မိတ်ဆက်ပေးသည့် အခါတွင် ကလေးငယ်လေးတစ်ဦးအကြောင်း သင်ပြောပြနိုင်သည်။ ဖြစ်နိုင်လျှင် ကလေးငယ်လေးများ ဘေးကင်းပြီး လုံခြုံစေရန်အတွက် လိုအပ်သည့် အသုံးအဆောင်များကို သင်ပြင်ဆင်ထားနိုင်သည်။

### သင်ကြားပေးပါ။

- ဣသရေလလူမျိုး (ဟေဗြဲလူမျိုးများ) ကျွန်ခံခဲ့ရသည့် အကြောင်းကို အကျဉ်းချုပ်၍ ရှင်းပြပါ။ အဆင့် ၂ သင်ခန်းစာ၏ အစပြုနိဒါန်းတွင် ကြည့်ပါ။ **(ထွက်မြောက်ရာ၊ ၁း ၁- ၁၁)** များပြားလာသည့် ဣသရေလလူမျိုးများကို ရပ်တန့်စေရန်နှင့် ဖာရောမင်းသည် အလွန် ရမ်းကားကြမ်းတမ်းလာသည်။ ထို့ကြောင့် ဣသရေလလူမျိုး မိသားစုများတွင် သားယောကျ်ားလေး မွေးဖွားလာလျှင် နိုင်မြစ်ဝှမ်းအတွင်း ပစ်ချရန်အမိန့်ပေးခဲ့သည်။ ***(ထွက်မြောက်ရာ၊ ၁း၂၂)*** *အကယ်၍ သားယောကျ်ားလေး မွေးဖွားလာခဲ့လျှင် မိခင်၊ ဖခင်တို့သည် မည်သို့ ခံစားကြမည်နည်း။*
- မိသားစုတစ်စုတွင် အလွန်ချစ်စရာကောင်းပြီး ကျန်းမာသန်စွမ်းသည့် သားယောကျ်ားလေးတစ်ဦး မွေးဖွားလာခဲ့သည်။ သူ၏မိဘများသည် သူ့အား အိမ်အတွင်းတွင် ဝှက်၍ထိန်းကျောင်းခဲ့ကြသည်။ ထိုသားငယ် ဘေးကင်းရန်အတွက် ဘုရားသခင်ကို သူတို့ ယုံကြည်ကိုးစားခဲ့ကြသည်။ သို့သော် သုံးလကြာပြီးနောက်တွင် မိဘတို့သည် သားငယ်အား ဝှက်မထားနိုင်ကြတော့ပေ။ အဘယ်ကြောင့် ဟု သင်ထင်ပါသနည်း။ သူ၏မိခင်သည် ဂမာကိုင်းပင်ဖြင့် ခြင်းတောင်းပြုလုပ်ပြီး၊ ရေမဝင်စေရန် ရေညှိနှင့်သစ်စေးဖြင့် လူးခဲ့သည်။ *(ရှင်းပြပါ။)* ထို့နောက် သားငယ်အား ခြင်းတောင်းအတွင်းထည့်ပြီးလျှင် မြစ်ကမ်းနားရှိ ကိုင်းတောတွင် ထားလေသည်။ ကလေးငယ်လေးတွင် မည်သည့်အရာ ဖြစ်လာမည်ကို သူ၏အစ်မသည် စောင့်ကြည့်နေခဲ့သည်။ သို့သော် ဘုရားသခင် တစ်ပါးတည်းသာ သူငယ်အား ဘေးကင်းစေရန် စောင့်ရှောက်နိုင်မည် ဖြစ်သည်။ ***(ထွက်မြောက်ရာ၊ ၂း ၁-၄)***
- ပုံပြင်၏ ဒုတိယပိုင်းကို ဇာတ်ဟန်ပါပါဖြင့် (ပြဇာတ်ဟန်) ပြောပြပါ။ (ဖါရောမင်း၏သမီးတော်) မင်းသမီးကို မိရိအံသည် မည်သို့သတိပြုမိကြောင်း နှင့် မင်းသမီးသည် သူမ၏ အစေခံများနှင့်အတူ လာနေသည့် ကြောင်းအရာကိုဖော်ပြပါ။ မင်းသမီးသည် ကလေးငယ်လေးကို သတိပြုမိပါသလား။ မင်းသမီးသည် ထိုအကြောင်းအရာကို ရှင်ဘုရင်ထံ ပြောပြလိမ့်မည်လော။ မှန်ပါသည် မင်းသမီးသည် ဝှက်ထားသည့် ခြင်းတောင်းကို သူမထံယူလာရန် သူမ၏အစေခံတို့အား ခိုင်းစေလိုက်သည်။ ခြင်းတောင်းအတွင်း ဟေဗြဲကလေးငယ်ကို မြင်သည့်အခါ သူမ၏ အပြုအမူကို ဖော်ပြပါ။ မင်းသမီးသည် ကလေးငယ်လေးအား အန္တရာယ်နှင့် မကြုံတွေ့စေလိုပေ။ ကလေးငယ်လေး ဘေးကင်းစေရန်အတွက် ဘုရားသခင်သည် ဆက်လက်အလုပ် လုပ်ခဲ့သည်။ ***(ထွက်မြောက်ရာ၊ ၂း၅-၆)***
- ထို့နောက် မိရိအံသည် ရှေ့သို့ တစ်ဆင့်တိုးပြီး နို့ထိန်းရှာပေးရန် လိုသလားဟု ပြောခဲ့သည်။ မိရိအံသည် မည်သူကို *ခေါ်ခဲ့မည်နည်း။* မင်းသမီးသည် နို့ထိန်းရှာရန် သဘောတူခဲ့သည်။ မိရိအံသည် သူ၏မိခင်အား ခေါ်ရန် ပြေးသွားခဲ့သည်။ ထို့ကြောင်း ကလေးငယ်လေး၏ မိခင်သည် သူမ၏ သားငယ်အား လုံးလုံးလျားလျား ဘေးကင်းစွာ စောင့်ရှောက်နိုင်ခဲ့သည်။ အဘယ်ကြောင့်ဆိုသော် ထိုသို့ကျွေးမွေးခွင့်ရရန် မင်းသမီးနှင့် သဘောတူထားသောကြောင့် ဖြစ်သည်။ သားငယ်ကြီးပြင်းလာပြီးနောက်တွင် မင်းသမီးသည် သူ့အား ဖါရောဘုရင်၏ နန်းတော်တွင် နေထိုင်ရန် ခေါ်ဆောင်သွားခဲ့သည်။ မင်းသမီးသည် သူ့အား မောရှေ ဟု အမည့်မှည့်ခေါ်ခဲ့သည်။ အကြောင်းမူကား "ရေထဲမှ ငါနှုတ်ယူသည်" ဟု ဆိုသတည်း။ ***(ထွက်မြောက်ရာ၊ ၂း ၇-၁၀)*** ယခုတွင် မောရှေသည် အဲဂုတ္တုပြည်၏ မင်းသားတစ်ပါး ဖြစ်လာခဲ့သည်။
- *အဖြစ်အပျက်များ အားလုံး၏ နောက်ကွယ်တွင် ဘုရားသခင် ထိန်းချုပ်ထားကြောင်းကို ကလေးများ နားလည်စေရန် ကူညီပြောပြပါ။ ဖါရော၏ ဥပဒေအရ ကလေးငယ်အား မြစ်ထဲသို့ ချပစ်ရမည် ဖြစ်သည်။ မောရှေ၏ မိဘများသည် ဘုရားသခင်ကို ယုံကြည်ကြသည်။ သူတို့၏ သားငယ်လေးအား ကျွေးမွေးစောင့်ရှောက်နိုင်ရန် သူတို့သည် ဘုရားသခင်ကို ယုံကြည်ကြသည်။ ဘုရားသခင်သည် သူတို့စောင့်ရှောက်နိုင်ရန် ပြုလုပ်ပေးခဲ့သည်။ ဤအချက်သည် ဘုရားသခင့် အစီအစဉ်၏ အစပိုင်းပြီးမြောက်ခဲ့ခြင်း ဖြစ်သည်။ ကျွန်ုပ်တို့သည် ဘုရားသခင်အား ကိုးစားရန် နှင့် သူ၏အစီအစဉ်များ ကျွန်ုပ်တို့အသက်တာတွင် ပြီးပြည့်စုံစေရန် ဘုရားသခင်အလိုတော်ရှိသည်။*

**သင်ခန်းစာကို ပြီးမြောက်စေပါ။**
**ပြပါ။** FBI ကလေးငယ် မောရှေ

### သင်ယူစေပါ

အဓိကသော့ချက်ကျမ်းဖြစ်သော ***ဟေဗြဲ၊ ၁၁း ၂၃*** ၏ လိုအပ်သည့် နေရာများကို ရှင်းပြပြီး၊ သင်ပေးပါ။ (အဆင့်၂) အဆင့် ၁ ကလေးများအတွက်မူ ကျမ်းချက်၏ ပထမပိုင်းကို သင်ပေးနိုင်သည်။

### သင်ခန်းစာကို မှတ်မိသတိရစေပါ။

- မောရှေ၏ အကြောင်းကို ကျမ်းစာထဲရှိ မည်သည့်ကျမ်းစာအုပ်တွင် တွေ့ရသနည်း။
- ဖါရောမင်းသည် ဟေဗြဲ သားယောကျ်ားလေးများ အားလုံးကို မည်သို့ လုပ်ဆောင်ရန် ဆုံးဖြတ်ခဲ့သနည်း။
- သားငယ်လေးကို အိမ်တွင် မည်မျှကြာကြာ ဝှက်ထားနိုင်ခဲ့သနည်း။
- မိခင်သည် မည်သည့်အရာကို လုပ်ဆောင်ခဲ့သနည်း။
- မိခင်သည် သားငယ်အား မည်သည့်အထဲသို့ ထည့်လိုက်သနည်း။
- မြစ်ဆိပ်တွင် သားငယ်အား မည်သူစောင့်ကြည့်နေခဲ့သနည်း။
- သားငယ်အား မည်သူတွေ့ရှိခဲ့သနည်း။
- ထိုအချိန်မှစ၍ မောရှေ၏ အသက်တာတွင် ဘေးအန္တရာယ်မရှိရတော့ခြင်းမှာ အဘယ်ကြောင့်နည်း။
- ပုံပြင်ထဲတွင် မည်သူတို့၏ ယုံကြည်ခြင်းကို ဖော်ပြထားသနည်း။
- မည်သူသည် မောရှေ ဘေးကင်းစေရန် ကာကွယ်စောင့်ရှောက်ပေးခဲ့သနည်း။

# ၁၉ ပုံပြင် ၂

မောရှေ၏ မဟာအမှား - ဤပုံပြင်သည် အကောင်းဆုံးဟု ကျွန်ုပ်တို့ထင်သည့်အရာများကို လုပ်ဆောင်ခြင်း အကြောင်းဖြစ်သည်။။

**ကျွန်ုပ်တို့ သင်ယူသွားမည့်အရာ။**

- မောရှေသည် ဒေါသနှင့်လျှင်မြန်စွာ ပြုမူခဲ့သောအချိန်တွင် အမှားပြုလုပ်မိခဲ့သည်။
- မှားယွင်းစွာ ပြုမူခြင်း၏ အကျိုးဆက်မှ ကျွန်ုပ်တို့ မလွတ်မြောက်နိုင်ပါ။

**အဓိကသော့ချက်ကျမ်း** *ထွက်မြောက်ရာ၊ ၂း ၁၁- ၁၅*
**ဖတ်ရန်ကျမ်းညွှန်း** *တောလည်ရာ၊ ၃၂း ၂၃*

## သင်ခန်းစာကို အစပြုမိတ်ဆက်ပေးပါ။

တခါတရံတွင် ကျွန်ုပ်တို့သည် မိမိတို့ သိသောအရာများကို အကောင်းဆုံး ဟု ထင်တက်ကြသည်။ ကလေးများသည် အလုပ်တစ်ခုခု လုပ်ဆောင်ရန် လူကြီးများ၏ လမ်းညွှန်ခြင်းကိုခံရသော်လည်း ထိုလမ်းညွှန်မှုအတိုင်း မလုပ်ဆောင်ဘဲ မိမိတို့စိတ်တိုင်းကျ လုပ်ဆောင်သည့်အခါ အလုပ်မပြီးမြောက်ရသည့် အကြောင်းကို ဖော်ပြရန် ဥပမာ တစ်ခုခုကို ရွေးချယ်ပါ။ ပြီးခဲ့သည့်အပတ်တွင် မောရှေ၏အကြောင်းကို ကျွန်ုပ်တို့ လေ့လာခဲ့ပြီး ဖြစ်သည်။ သင်ခန်းစာကို ပြန်လှန်အနေဖြင့် မေးခွန်းအချို့ မေးပါ။ မောရှေသည် လူငယ်လေးဖြစ်သောအချိန်တွင် မည်သည့်နေရာတွင် သွားရောက်နေထိုင်ခဲ့သနည်း။ သူ၏ကိုယ်ပိုင်လူမျိုးကို မည်သို့ခေါ်သနည်း။ (ဣသရေလလူမျိုး/ဟေဗြဲလူမျိုး) သူတို့လူမျိုးများသည် ကျွန်များဖြစ်ကြပြီး အဲဂုတ္တု လူမျိုးများ၏ ညှင်းပန်းနှိပ်စက်ခြင်းကို ခံစားရကြောင်း ကလေးများထံ ပြန်လည်သတိပေး ပြောပြပါ။ ယနေ့ပုံပြင်တွင် မောရှေသည် အသက်အရွယ်ကြီးလာပြီး ဖြစ်သည်။ မိမိသိသောအရာသည် အကောင်းဆုံးဖြစ်သည်ဟု မောရှေ တွေးထင်သည့် အခြေအနေ အကြောင်းကို ဂရုစိုက်၍ ကောင်းစွာနားထောင်ပါ။

## သင်ကြားပေးပါ။

- တစ်နေ့သောအခါတွင် မောရှေသည် မိမိလူမျိုးများထံ အကြည့်အရှုသွားခဲ့သည်။ အဲဂုတ္တုလူတစ်ယောက်သည် ဟေဗြဲလူတစ်ဦးအား ရိုက်ပုတ်နေသည်ကို သူသတိထားမိလိုက်သည်။ *မောရှေမည်သို့ ခံစားရမည်နည်း။ (စိတ်ဆိုးမည်၊ သူ၏လူမျိုးများကို ကာကွယ်ပေးလိုမည်။)* မောရှေသည် အနီးအနားသို့ ကြည့်လိုက်သည် မည်သူကိုမျှမမြင်သည့်အခါ ထိုညှင်းဆဲနေသည့် အဲဂုတ္တုလူကို သူသတ်လိုက်သည်။ ထို့နောက် လူသေအလောင်းကို သဲတောထဲတွင် မြှုပ်ပစ်လိုက်သည်။ မိမိသည် အကောင်းဆုံးကို လုပ်ဆောင်သည်ဟု သူ့ကိုယ်သူ ထင်ခဲ့သည်။ သူသည် အကောင်းဆုံးကို လုပ်ဆောင်ခဲ့ပါသလား။ မဖြစ်နိုင်ပါ။ *မောရှေ၏ အပြုအမူသည် အလွန်မှားယွင်းကြောင်း ကလေးများသိမြင်နိုင်ပါသည်။ (အဆင့် ၂ အဲဂုတ္တုလူများ၏ မှာယွင်းသောအပြစ်နှင့် ပတ်သက်၍ ဘုရားသခင် မည်သို့အမြင်ရှိသည်ကို သင်အကြံပြု ပြောပြနိုင်သည်။ အနာဂတ်တွင် ထိုမှားယွင်းသည့်အပြစ်များကို ဘုရားသခင် မည်သို့ကိုင်တွယ် ဖြေရှင်းသွားမည့် အကြောင်းများကိုလည်း ရည်ညွှန်းပြောပြနိုင်သည်။) အဲဂုတ္တုလူကိုသတ်ပြီ ချက်ခြင်း မောရှေ ထွက်ပြေးသွားလိမ့်မည်ဟု သင်ထင်ပါသလား။ မထွက်ပြေးရခြင်းမှာ အဘယ်ကြောင့်နည်း။* ***(ထွက်မြောက်ရာ၊ ၂း ၁၁-၁၂)***
- နောက်တစ်နေ့ နံနက်တွင် ဟေဗြဲလူနှစ်ယောက် ရန်ဖြစ်နေကြသည်ကို မောရှေမြင်တွေ့ခဲ့သည်။ မောရှေကလည်း အဘယ်ကြောင့် အချင်းချင်းရိုက်ရသနည်းဟု ညှင်းဆဲသောသူအား မေးလိုက်သည်။ ထိုသူက "မည်သူသည် သင်ကို တရားသူကြီးအရာ၌ခန့်ထားသနည်း။ အဲဂုတ္တုလူအား သတ်သကဲ့သို့ ငါ့အား သတ်လိုသလော" ဟုပြန်ပြောခဲ့သည်။ ယခုတွင် မိမိ အဲဂုတ္တုလူကို သတ်သောအမှု ထင်းရှားကြောင်းကို မောရှေသိခဲ့သည်။ *မောရှေ မည်သို့ ခံစားနေမည်နည်း။ (ရှင်ဘုရင် ကြားသိသွားမည်ကို ကြောက်လန့်နေခဲ့သည်။)* များမကြာမီအချိန်အတွင်းတွင် မောရှေ အဲဂုတ္တုလူအား သတ်ခဲ့သည့်အကြောင်း ဖါရောမင်း သိရှိသွားခဲ့ပြီး၊ မောရှေအား သတ်ရန် အလိုရှိခဲ့သည်။ မောရှေသည် အသက်ဘေးလွတ်ရန် မိဒျန်ဟုခေါ်သော အခြားတိုင်းပြည်သို့ ထွက်ပြေးခဲ့ရသည်။ ထိုနေရာတွင် မောရှေသည် ယေသရော အမည်ရှိသောသူ၏ သိုးများကို ထိန်းကျောင်းသည့် သိုးထိန်းအလုပ်ကို လုပ်ကိုင်ခဲ့သည်။ ***(ထွက်မြောက်ရာ၊ ၂း ၁၃-၁၅)***
- မောရှေ ပြုလုပ်ခဲ့သည့် မှားယွင်းသောလုပ်ရပ်ကို ဘုရားသခင် သိထားသည်။ *ကျွန်ုပ်တို့ ပြုလုပ်သည့်အရာအားလုံးကို ဘုရားသခင်သည် မည်သို့ မြင်နိုင်ကြောင်း နှင့် ကျွန်ုပ်တို့သည် မိမိတို့၏ အပြစ်များကို ဘုရားသခင်မမြင်နိုင်အောင် ဝှက်၍မထားနိုင်သည့် အကြောင်းများကို ပြောပါ။* မောရှေသည် အရွယ်ရောက်ပြီးသာ လူကြီးတစ်ယောက် ဖြစ်သော်လည်း အမှားကို ကျူးလွန်ပြီး၊ မှန်သောအရာကို မပြုလုပ်တက်ပါ။ သူသည် ခေါင်းဆောင်တစ်ဦး ဖြစ်ရန် အရည်အချင်း ပြည့်မှီသည့်အထိ အရာရာကို ဆက်လက်သင်ယူနေရ မည်ဖြစ်သည်။ မောရှေ၏ အမှားမှ ကျွန်ုပ်တို့ သင်ယူရန် လိုအပ်ပါသည်။ ဘုရားသခင်၏ စိတ်တော်နှင့် တွေ့သောအရာဖြစ်သည့် မှန်ကန်ဖြောင့်မတ်သော အသက်တာနှင့်ပြုမူနိုင်ရန် ဘုရားသခင်၏ ကူညီမစမှုကို ကျွန်ုပ်တို့ အားထားရမည် ဖြစ်သည်။

**သင်ခန်းစာကို ပြီးမြောက်စေပါ။**
**ပြပါ။** FBI အဲဂုတ္တုပြည်၏ မင်းသားတစ်ပါးအဖြစ် မောရှေ

## သင်ယူစေပါ

အဓိကသော့ချက်ကျမ်းဖြစ်သော ***တောလည်ရာ၊ ၃၂း ၂၃*** ၏ လိုအပ်သည့် နေရာများကို ရှင်းပြပြီး၊ သင်ပေးပါ။ မောရှေ၏ အမှားနှင့် စပ်ဆက်၍ ပြောပြပါ။ မောရှေ၏ အပြစ်မှာ အဘယ်နည်း။ သူ မည်သို့ သိမြင်ခဲ့သနည်း။ ကလေးများ၏ အတွေ့အကြုံနှင့် စပ်ဆက်စေရန် သင်သည် အခြေအနေတစ်ရပ်ကို တိကျသည့် ဥပမာကိုပေး၍ ပြောပြနိုင်သည်။

## သင်ခန်းစာကို မှတ်မိသတိရစေပါ။

မေးခွန်းတိုများအနေဖြင့် အောက်ပါဖော်ပြချက်များကို မှား/မှန် ဖြေဆိုစေပါ။

- မောရှေသည် ဣသရေလလူကို သတ်ခဲ့သည်။
- မည်သူတစ်ဦးတစ်ယောက်မျှ မိမိအား မမြင်ကြဟု သူထင်ခဲ့သည်။
- အခြားဟေဗြဲလူ တစ်ဦးသည် သူအား မြင်ခဲ့သည်။
- ဖြစ်ပျက်ခဲ့သမျှကို ဘုရားသခင်မြင်သည်။
- ဖါရောသည် မောရှေအား ထောင်ချခဲ့သည်။
- သူသည် ခေါင်းဆောင်တစ်ဦး ဖြစ်ရန် အရည်အချင်း ပြည့်မှီသည့်အထိ အရာရာကို ဆက်လက်သင်ယူနေရန် မလိုပါ။

## ခ ၉ ပုံပြင် ၃

မောရှေသည် မီးလောင်နေသည့် ချုံပုတ်အားမြင်သည်။ - ဤပုံပြင်သည် ဘုရားသခင်၏ စကားတော်ကို နားထောင်ခြင်း အကြောင်းဖြစ်သည်။

**ကျွန်ုပ်တို့ သင်ယူသွားမည့်အရာ။**

- ထာဝရဘုရားသည် သန့်ရှင်းတော်မူသည့် ဘုရားဖြစ်ကြောင်းကို ကျွန်ုပ်တို့အမြဲသတိရနေရမည် ဖြစ်သည်။
- မောရှေသည် မရဲရင့်သော ခေါင်းဆောင်တစ်ဦးဖြစ်သော်လည်း ဘုရားသခင်သည် သူအား ကူညီပေးရန် ကတိပေးခဲ့သည်။

**အဓိကသော့ချက်ကျမ်း** *ထွက်မြောက်ရာ၊ ၃း ၁၂*
**ဖတ်ရန်ကျမ်းညွှန်း** *ထွက်မြောက်ရာ၊ ၃ - ၄း ၁၇*

### သင်ခန်းစာကို အစပြုမိတ်ဆက်ပေးပါ။

အလွန်စိတ်လှုပ်ရှာစရာကောင်းပြီး အရေးကြီးသည့် လုပ်ငန်းဆောင်တာများ လုပ်ဆောင်ရန် စေလွှတ်ခြင်း ခံရသည့်အကြောင်း ပြောပါ။ ဥပမာ၊ ကလေးများနှင့် စပ်ဆက်သည် တာဝန်များအကြောင်း။ သင့်အား ခိုင်းစေသည့် အချိန်တွင် သင်မည်သို့ ခံစားမည်နည်း။ *(တုန်လှုပ်မည်၊ အခြားတစ်ဦးဦး စေခိုင်းစေလိုမည်။)*
ယနေ့ပုံပြင်သည် မောရှေ အမှားလုပ်ပြီး နှစ်ပေါင်း ၄၀ ကြာပြီးနောက်တွင် ဖြစ်ပျက်ခဲ့သည့် အဖြစ်အပျက် ဖြစ်သည်။ မောရှေသည် တောထဲတွင် နှစ်ပေါင်း ၄၀ ကြာ သိုးထိန်းခဲ့သည်။ ဘုရားသခင်သည် သူအား မေ့လျော့ခြင်းမရှိခဲ့ပေ။ ဘုရားသခင်သည် သူအား ခွင့်လွှတ်ပေးလိုပြီး၊ ယခုတွင် အထူးတာဝန်ကို ထမ်းဆောင်ရန် သူ့အတွက် ထားရှိပြီး ဖြစ်သည်။

### သင်ကြားပေးပါ။

- မောရှေသည် နေစဉ် တောထဲတွင် သိုးကျောင်းနေခဲ့သည်။ တစ်နေ့သောအခါတွင် မီးလောင်နေသည့်ချုံပုတ်ကို သူမြင်တွေ့ခဲ့သည်။ ထူးဆန်းသည့်အရာမှာ ချုံပုတ်သည် မီးတောက်လောင်နေသော်လည်း သစ်ရွက်များမှာ လောင်ကျွမ်းသွားခြင်းမရှိပေ။ မောရှေသည် ထိုထူးဆန်းသည့်အရာအား ကြည့်ရှုရန် အနားသို့ သွားခဲ့သည်။ ထို့နောက် ထဝရဘုရာက သူအား "မောရှေ" ဟု ခေါ်တော်မူခဲ့သည်။ နောက်ထပ်အပိုင်းကို ပြောပြရန် ကျမ်းစာထဲမှာ စကားလုံးများကို အသုံးပြုပါ။ *"သန့်ရှင်းသောမြေ" ဆိုသည်မှာ ဘုရားသခင်ရှိသည့်နေရာ အထူးကောင်းမွန်သန့်ရှင်းသည့် နေရာဖြစ်ကြောင်း ရှင်းပြပါ။ ထာဝရဘုရားသည် အလွန်သန့်ရှင်းပြီး ကျွန်ုပ်တို့နှင့် မတူဘဲ ခြားနားကြောင်းကို ကျွန်ုပ်တို့ ကောင်းစွာ နားလည်ထားရန် လိုအပ်သည်။ ကျွန်ုပ်တို့ကဲ့သို့ ဘုရားသခင်၌အပြစ်မရှိပါ။ မောရှေသည် သူ၏ ခြေနင်းကို ချွတ်လိုက်ပြီး၊ သူ၏မျက်နှာကို ဖုံးထားလိုက်သည်။ အဘယ်ကြောင့်ဆိုသော် ဘုရားသခင်၏ ကြီးမြတ်ခြင်းကို သူကောင်းစွာ သိသောကြောင့်ဖြစ်သည်။* ***(ထွက်မြောက်ရာ၊ ၃း ၁-၆)***
- *ထာဝရဘုရား၏ သန့်ရှင်းခြင်းကို ကျွန်ုပ်တို့ ရိုသေလေးမြတ်ရမည် ဖြစ်သည်။ အဲဂုတ္တုပြည်တွင် ဣသရေလလူမျိုးတို့၏ဘဝသည် မည်ကဲ့သို့ ဖြစ်နေသည့်အကြောင်းကို ကလေးများထံ ပြန်ပြောပြပါ။* ဣသရေလလူမျိုးများ ကြုံတွေ့နေရသည့် အခက်အခဲများကို ဘုရားသခင်သိကြောင်း နှင့် ယခုတွင် သူတို့အား အဲဂုတ္တုပြည်မှ အခြားတိုင်းပြည်အသစ်သို့ ပို့ဆောင်မည်ဖြစ်ကြောင်း ဘုရားသခင်သည် မောရှေထံ ပြောပြခဲ့သည်။ ဘုရားသခင်သည် မောရှေအား ထိုသူတို့၏ ခေါင်းဆောင်အဖြစ် ဦးဆောင်စေလိုသည်။ ဖါရောဘုရင်ထံ သွားရောက်ပြီး သူ့လူမျိုးများအတွက် တောင်းဆိုစေလိုသည်။ *ဖါရောဘုရင်ထံ ပြန်သွားရမည့်အရေးအတွက် မောရှေ မည်သို့ ခံစားနေရမည်ကို စဉ်းစားကြည့်ပါ။* ***(ထွက်မြောက်ရာ၊ ၃း၇-၁၀)***
- *သင်ခန်းစာ မိတ်ဆက်ခြင်း၌ကလေးများ၏ တုန့်ပြန်မှု နှင့် ခေါင်းဆောင်တစ်ဦး ဖြစ်ရမည့်အပေါ် ခံစားနေရမည့် မောရှေ၏ စိတ်ခံစားချက် ထိုနှစ်ခုတို့၏ ဆက်စပ်မှုကို နှိုင်းယှဉ်ကြည့်ပါ။ ကလေးများ၏ စိတ်ခံစားချက်များသည် မောရှေ၏ ခံစားချက် နှင့် ကိုက်ညီမှုရှိပါသလား။ ထို့နောက် ကျမ်းစာတွင် တွေ့ရသည့်အတိုင်း နှင့် အဆင့် ၂ သင်ခန်းစာရှိ စကားပြောကွက်တွင်*
- အကျွန်ုပ်သည် အဘယ်သို့သောသူဖြစ်၍ - အကယ်စင်စစ် ငါသည် သင့်ဘက်၌ရှိလိမ့်မည်။ ***(၃း ၁၁၊ ၁၂)*** နာမတော်က အဘယ်သို့နည်း။ - ငါဖြစ်သည့်အတိုင်း ငါဖြစ်၏။ (ဤအမည်နာမအားဖြင့် ဘုရားသခင်သည် ဘုန်းတန်ခိုးအလုံးစုံနှင့် ပြည့်စုံကြောင်း ဖော်ပြနေသည်။) ငါသည် သင်တို့ ဘိုးဘေးများ၏ ဘုရားသခင်၊ အာဗြဟံ၏ဘုရား။ ***(၃း ၁၃-၁၅)*** အကျွန်ုပ်စကားကို နားမထောင်ဘဲနေမည် - ငါ၏တန်ခိုးကို သက်သေပြရန် သင်အား နိမိတ်လက္ခဏာကို ငါပေးမည်။ ***(၄း ၁-၉)*** အကျွန်ုပ်သည် နှုတ်သတ္တိမရှိပါ။ - သင်၏ နှုတ်၌ ငါရှိ၍၊ သင်သည် အဘယ်သို့ ပြောရမည်ကို သွန်သင်မည်။ ***(၄း ၁၀- ၁၂)*** အလိုတော်ရှိသောသူ၏ လက်တွင် ပေးလိုက်တော်မူပါ။ (၄း ၁၃) အာရုန်သည် သင့်အား ကူညီပေးပြီး သင်၏ နှုတ်ကိုယ်စား ဖြစ်လိမ့်မည်။ ***(၄း ၁၅-၁၆)*** ဖော်ပြထားသည့်အတိုင်း မောရှေ၏ ငြင်းဆိုချက် နှင့် ဘုရားသခင်၏ တုန့်ပြန် လမ်းညွှန်ချက်တို့ကို ဆက်စပ်ကြည့်ပါ။
- *မောရှေသည် သင်မျှော်လင့်ထားသည့် ခေါင်းဆောင်မျိုး ဟုတ်ပါသလား။ ဘုရားသခင်သည် သူ၏ အကြောင်းပြချက်များအပေါ် အားရကျေနပ်လိမ့်မည်ဟု သင်ထင်ပါသလား။ ဘုရားသခင် အားရမည်မဟုတ်ပေ။* သို့သော် အမှားပြုလုပ်သော်ငြားလည်း ဘုရားသခင်သည် သူ့အား ခွင့်လွှတ်ပေးခဲ့သည်။ သူသည် ဘုရားရွေးကောက်သောသူ ဖြစ်သည်။ နောက်ဆုံးတွင် မောရှေသည် ဘုရားသခင်ကို နာခံရန် အမြဲအဆင်သင့်ရှိသောသူ ဖြစ်ကြောင်း နှင့် ဘုရားသခင်သည် သူ၏အလိုတော်အတိုင်း မောရှေအား ဆက်လက်အသုံးပြုသည့်အကြောင်းကို နောက်လာမည့်ပုံပြင်တွင် ကျွန်ုပ်တို့ လေ့လာသင်ယူသွားမည် ဖြစ်သည်။ ရှေ့တွင် ဖြစ်လာမည့် အရာအားလုံးအတွက် မောရှေသည် ဘုရားသခင်အပေါ် လုံးဝပုံအပ်လိုက်သည်။
- တစ်ခါတစ်ရံတွင် ဘုရားသခင်သည် ခက်ခဲသည့်ဟု ထင်ရသည့်အရာများကို သူ့အတွက် လုပ်ဆောင်ပေးရန် ကျွန်ုပ်တို့အား ခိုင်းစေသည်။ ထိုအခြေအနေတွင် ဘုရားသခင်သည် ကျွန်ုပ်တို့နှင့်အတူရှိကြောင်း နှင့် သူသည် ကျွန်ုပ်တို့ကို ကူညီပေးသွားလိမ့်မည် ဖြစ်ကြောင်း သတိရပါ။

**သင်ခန်းစာကို ပြီးမြောက်စေပါ။**
**ပြပါ။** FBI မောရှေ နှင့် မီးလောင်နေသည့်ချုံပုတ်

### သင်ယူစေပါ

အဓိကသော့ချက်ကျမ်းဖြစ်သော ***ထွက်မြောက်ရာ ၃း ၁၂က*** ၏ လိုအပ်သည့် နေရာကို ရှင်းပြပြီး၊ သင်ပေးပါ။ ဤကျမ်းချက်သည် တိုသောကျမ်းချက်တစ်ခုဖြစ်သည်။ ကလေးများသည် မိမိတို့၏ စာအုပ်များတွင် အမှတ်အသား ပြုလုပ်နိုင်သည်။ သို့မဟုတ် အဖွဲ့လိုက်စုပြီး ဖြတ်ညှပ်ကပ်များပြုလုပ်၍ စာလုံးအလှဆင်ခြင်း၊ စာလုံးပေါ်တွင် စက္ကူများထိုးစိုက်၍ ပုံဖော်ခြင်း စသည်တို့ကို ပြုလုပ်နိုင်သည်။

### သင်ခန်းစာကို မှတ်မိသတိရစေပါ။

- မောရှေ တွေ့သောချုံပုတ်သည် အဘယ်ကြောင့် ထူးဆန်းနေရခြင်း ဖြစ်သနည်း။
- မောရှေသည် သန့်ရှင်းသောမြေတွင် ရောက်ရှိနေစဉ် မည်သည့်အရာ လုပ်ဆောင်ခဲ့သနည်း။
- သန့်ရှင်းခြင်း ဆိုသည်မှာ အဘယ်နည်း။
- မောရှေအား ဘုရားသခင် ခိုင်းစေသည့်အလုပ်မှာ မည်သည့်အလုပ်ဖြစ်သနည်း။
- မိမိအကြောင်းကို မိမိဖော်ပြသည့် မောရှေ၏ အကြောင်းပြချက်အမျိုးမျိုးကို ဖော်ပြပါ။
- မောရှေသည် ဘုရားသခင်နှင့်ပတ်သက်၍ မည်သည့်အကြောင်းပြချက်မျိုးကို ပေးသနည်း။
- မောရှေနှင့်အတူသွားရန် ဘုရာသခင် ခွင့်ပြုသောသူမှာ မည်သူနည်း။
- ဘုရားသခင်သည် မောရှေအား လုံးဝလက်လွှတ်မခံခဲ့ပေ။ အဘယ်ကြောင့် လက်လွှတ်မခံရခြင်း ဖြစ်သနည်း။

<u>ခ ၉ ပုံပြင် ၄</u>

မောရှေသည် ဘုရားသခင်၏ သတင်းစကားကို သယ်ဆောင်လာသည်။ - ဤပုံပြင်သည် ဘုရားသခင်အတွက် အလုပ်လုပ်ရန်အဆင်သင့်ရှိခြင်း အကြောင်းဖြစ်သည်။

**ကျွန်ုပ်တို့ သင်ယူသွားမည့်အရာ။**

- နောက်ဆုံးတွင် မောရှေသည် ဘုရားသခင် သူ့အားစေခိုင်းသည့်အလုပ်ကို နာခံခဲ့သည်။
- ဘုရားသခင်သည် မောရှေထံပေးခဲ့သည့် သူ၏ကတိတော်အတိုင်း မောရှေ၏ အသက်တာတွင် သူ၏အစီအစဉ်ကို ဖော်ထုတ်ခဲ့သည်။

**အဓိကသော့ချက်ကျမ်း** ***ထွက်မြောက်ရာ၊ ၄း ၁၅***

**ဖတ်ရန်ကျမ်းညွှန်း** ***ထွက်မြောက်ရာ၊ ၄း ၁-၃၁***

**သင်ခန်းစာကို အစပြုမိတ်ဆက်ပေးပါ။**

ဥပမာ အိမ်ပြောင်းရွှေ့ခြင်း၊ ကျောင်းပြောင်းရွှေ့ရခြင်း၊ အိမ်ထောင်ပြုခြင်း စသည့်ဖြင့် ကျွန်ုပ်တို့ အသက်တာ၌အရေးကြီးသည့် ပြောင်းလဲမှုများအကြောင်း ပြောပါ။ သူ၏ လသားအရွယ် ကလေးငယ်ဘဝ၊ အသက် ၄၀ အရွယ်အထိ ဖါရော၏နန်းတော်တွင် နေထိုင်ကြီးပြင်းခဲ့ရသည့်ဘဝ၊ ထို့နောက် တောထဲတွင် သိုးကျောင်းသားအဖြင့် နှစ်ပေါင်း ၄၀ နေထိုင်ခဲ့ရသည့်ဘဝ စသည်ဖြင့် မောရှ၏ အသက်တာတွင် ပြောင်းလဲမှုများစွာ ဖြစ်ခဲ့သည်။ (စာသင်ခန်းတွင်း အပြင်အဆင်အနေဖြင့် (timeline of Moses' life) မောရှေဘဝ၏ အချိန်မျဉ်းပေါ်တွင် ဤအဖြစ်အပျက် တစ်ခုခြင်းစီ၏ ရုပ်ပုံများကို ကပ်ပေးခြင်းဖြင့် အသုံးပြုနိုင်သည်။) ယခုတွင် မောရှေသည် အကြီးမားဆုံး စိန်ခေါ်မှုကြီးနှင့် ရင်ဆိုင်နေရသည်။ သူ့အား ဘုရားသခင်စေခိုင်ခဲ့သည့်အလုပ်မှာ မည်သည့်အလုပ်ဖြစ်သနည်း။

**သင်ကြားပေးပါ။**

- ယခု မိဒျန်ပြည်၌ မောရှေတွင် ဇနီး၊ သားနှစ်ယောက် ရှိနေပြီး ဖြစ်သည်။ မောရှေသည် သူ၏ယောက္ခမ ယေသရောထံ အဲဂုတ္တုပြည်သို့ ပြန်ခွင့်ပြုရန် တောင်းဆိုခဲ့သည်။ ယေသရောသည် ခွင့်ပြုပေးခဲ့သည်။ မောရှေသည် ဇနီး၊ သားနှစ်ယောက်တို့အား မြည်းကိုစီးစေပြီး သူတို့နှင့်အတူ အဲဂုတ္တုသို့ ထွက်သွားလေသည်။ မောရှေသည် ထာဝရဘုရား သူ့အား အသုံးပြုစေသည့် ထူးခြားသည့် သူ၏လှံတံတော်ကိုလည်း ယူသွားလေသည်။ သူ၏အသက်ကို ရှာသောသူအပေါင်းတို့သည် သေကြပြီးဟု ထာဝရဘုရား မိန့်တော်မူခဲ့သည်။ စိုးရိမ်ကြောက်လန့်ခြင်း မရှိစေရန် ထာဝရဘုရားသည် မောရှေအား ကူညီပေးခဲ့သည်။ ထာဝရဘုရားသည် မောရှေထံ ပေးခဲ့သည့် ကတိတော်ကို စောင့်ထိန်းခဲ့သည်။ *ပြီးခဲ့သည့် သင်ခန်းစာမှ အဓိကသော့ချက်ကျမ်းကို သင်မှတ်မိပါသလား။* ***(ထွက်မြောက်ရာ၊ ၁၈-၂၀)***
- ထို့နောက် ဘုရားသခင်သည် မောရှေထံပေးခဲ့သည့် သူ၏အခြားသော ကတိတော်ကိုလည်း စောင့်ထိန်းခဲ့သည်။ မောရှေသည် လမ်း၌ခရီးသွားနေစဉ် သူ၏အစ်ကို အာရုန်သည် သူ့အား ခရီးဦးကြိုပြုခဲ့သည်။ *အာရုန်သည် မောရှေနှင့်အတူ ရှိနေရမည်မှာ အဘယ်ကြောင့်နည်း။* မောရှေသည် သူ၌အပ်ပေးသော နိမိတ်လက္ခဏာပြသည့် ထူးခြားသည့်လှံတံတော် အပါအဝင် မိမိအား စေလွှတ်သည့် ထာဝရဘုရား၏ စကားတော်အားလုံးကို အာရုန်ထံ ပြောပြခဲ့သည်။ *ထာဝရဘုရားသည် သူ၏ ကတိတော်များကို စောင့်ထိန်းရန် အမြဲသစ္စာရှိသည်။ ကျွန်ုပ်တို့သည် သူနှင့်ဆက်နွယ်လျှင် ကျွန်ုပ်တို့အတွက် ထိုကဲ့သို့ပင် သစ္စာရှိနေမည် ဖြစ်သည်။* ***(ထွက်မြောက်ရာ၊ ၄း ၂၇-၂၈)***
- သူတို့သည် အဲဂုတ္တုပြည်သို့ ရောက်ရှိပြီးနောက်တွင် မောရှေ နှင့် အာရုန်သည် ဣသရေလအသက်ကြီးသူ ခေါင်းဆောင်များနှင့်တွေ့ဆုံပြီး ဘုရားသခင်၏ အစီအစဉ်များကို ပြောပြကြသည်။ ထိုနောက် လူအားလုံးတို့သည် စုရုံးရောက်ရှိလာကြပြီး၊ မောရှေသည် သူ့၌ထာဝရဘုရား အပ်းပေးတော်မူသည့် နိမိတ်များကို လှံတံတော်အားဖြင့် ပြသခဲ့သည်။ မောရှေသည် သူ၏လှံတံအား မြေပေါ်သို့ ပစ်ချလိုက်သည့်အခါ လှံတံသည် မြွေဖြစ်သွားသည်။ ထို့နောက် မောရှေသည် မြွေ၏အမြီးကိုကိုင်ဖမ်းသည့်အခါ လှံတံပြန်ဖြစ်လေသည်။ မောရှေသည် သူ၏ လက်ကို အကျီအောက် ရင်ခွင်သို့သွင်းလိုက်ပြီး ပြန်ထုတ်လိုက်သည့်အခါ လက်သည် နူလေ၏။ *(နူနာအကြောင်း ရှင်းပြပါ။)* သို့သော် သူသည် လက်ကိုတဖန် ရင်ခွင်သို့ သွင်းပြီး ထုတ်ပြန်သည့်အခါ လက်သည် ပကတိအတိုင်း ဖြစ်လေသည်။ ***(ထွက်မြောက်ရာ၊ ၄း ၆-၉)*** လူများတို့သည် ဤနိမိတ်လက္ခဏာများကို မြင်ကြသည့်အခါ ဘုရားသခင်၏ တန်ခိုးတော်ကို မြင်ခဲ့ကြပြီး၊ မောရှေသည် အမှန်တကယ် ဘုရားသခင် စေလွှတ်သောသူဖြစ်သည်ဟု နားလည်ခဲ့ကြသည်။ လူများတို့သည် မည်သို့ခံစားနေကြမည်နည်း။ *သင် မည်သို့ ထင်ပါသနည်း။ (အံ့သြကြမည်။ / ဘုရားသခင်သည် သူတို့အား ကျွန်ဘဝမှ ကယ်လွှတ်မည်ဖြစ်သောကြောင့် အလွန်ပျော်ရွှင်နေကြမည်။)* ***(ထွက်မြောက်ရာ၊ ၄း ၂၉-၃၁)***
- မောရှေသည် အဲဂုတ္တုပြည်သို့ ရောက်ရှိလာသည့်အခါ သူ့အတွက် ဘုရားသခင် ပြင်ဆင်ပေးထားသည့်အရာများကို မြင်တွေ့ရသည့်အခါ စိတ်လှုပ်ရှား နေမည်ဖြစ်သည်။ ဘုရားသခင်၏ အစီအစဉ်များ ရှေ့ဆက်ရန် ဤပုံပြင်ထဲမှ အထောက်အကူပြုသော သူများဖြစ်ကြသည့် ယေသရော၊ အာရုန် နှင့် ဣသရေလအသက်ကြီးသူ ခေါင်းဆောင်များ အကြောင်း ပြန်ပြောပါ။ *အစီအစဉ်အား ရှေ့ဆက် အကောင်အထည်ဖော်ရန် မောရှေ နှင့် အာရုန်တို့အား တာဝန်ပေးအပ်သူမှာ မည်သူနည်း။* ထိုအလုပ်သည် လွယ်ကူသည့်အလုပ် မဟုတ်သော်လည်း ပြီးမြောက်စေရန်အတွက် သူတို့သည် ဘုရားသခင်အား မှီခိုအားထားနေရမည် ဖြစ်သည်။ ဘုရားသခင်သည် အရာအားလုံးကို ထိန်းချုပ်ထားသည်။

**သင်ခန်းစာကို ပြီးမြောက်စေပါ။**

**ပြပါ။** FBI မောရှေ နှင့် မီးလောင်နေသည့်ချုံပုတ် Slides ၂၁-၂၄

**သင်ယူစေပါ**

အဓိကသော့ချက်ကျမ်းဖြစ်သော ***ထွက်မြောက်ရာ၊ ၄း ၁၅*** ၏ လိုအပ်သောနေရာကို ရှင်းပြပြီး သင်ပေးပါ ။ မောရှေ နှင့် အာရုန်သည် အတူအလုပ်လုပ်ဆောင်ပြီး၊ ဘုရားသခင်သည် သူတို့နှင့်အတူ ပါရှိနေကြောင်းကို ရည်ညွှန်းဖော်ပြသည့် ဤကျမ်းချက်၏ ဆက်စပ်မှုကို ကလေးများအား ကောင်းစွာနားလည်သဘောပေါက်စေပါ။

**သင်ခန်းစာကို မှတ်မိသတိရစေပါ။**

ပြီးခဲ့သည့် ပုံပြင်တစ်ခုချင်းစီမှ မေးခွန်းများကို အသုံးပြုခြင်းဖြင့် မောရှေ၏ငယ်ဘဝအစပိုင်းကို ပြန်လည်စဉ်းစားပါ။ ထို့နောက် ပုံပြင် ၄ အတွက် မေးခွန်းများကို အောက်တွင် ပေးထားသည်။

- မောရှေသည် အဲဂုတ္တုပြည်သို့ပြန်သွားသည့်အခါ သူနှင့်အတူ မည်သူတို့ လိုက်ပါခဲ့ကြသနည်း။
- လမ်းတွင် မောရှေအား ခရီးဦးကြိုပြုခဲ့သောသူမှာ မည်သူနည်း။
- မောရှေသည် ထာဝရဘုရားစေလွှတ်သောသူဖြစ်ကြောင်းကို လူများတို့သည် မည်သို့ သိခဲ့ကြသနည်း။
- လူများရှေ့မှောက်တွင် မောရှေပြုသည် နိမိတ်လက္ခဏာ တစ်ခုကို ရှင်းပြပါ။

<u>**၁ ၁၀ ပုံပြင် ၁**</u>

မောရှေ နှင့် ပထမဦးဆုံးကပ်ရောဂါ - ဤပုံပြင်သည် ဘုရားသခင်ထံ နာခံခြင်း အကြောင်းဖြစ်သည်။

**ကျွန်ုပ်တို့ သင်ယူသွားမည့်အရာ။**

- ဘုရားသခင်၏ လမ်းညွှန်မှုများသည် နားထောင်ရန် နှင့် နာခံရန် ဖြစ်သည်။
- ဘုရားသခင်၏ လမ်းညွှန်မှုကို နားထောင်ရန် နှင့် နာခံရန် ငြင်းဆိုသည့်အခါ ဘုရားသခင်သည် ဆုံးမခြင်းဖြင့် အမြဲအဆုံးသတ်စေသည်။

**အဓိကသော့ချက်ကျမ်း** ***ထွက်မြောက်ရာ၊ ၇း ၁၆***

**ဖတ်ရန်ကျမ်းညွှန်း** ***ထွက်မြောက်ရာ၊ ၇း ၁-၂၄***

**သင်ခန်းစာကို အစပြုမိတ်ဆက်ပေးပါ။**

ကျောင်း သို့မဟုတ် လုပတ်ဝန်းကျင်တွင် ထားရှိသည် စည်းကမ်းများ၊ ဥပဒေများကို နာခံလိုက်နာသည့်အခါ နှင့် မနာခံမလိုက်လျောက်သည့်အခါ ဖြစ်ပေါ်တက်သည့် အခြေအနေများကို ကလေးများနှင့်အတူ ဆွေးနွေးပြောပြပါ။ ယနေ့ပုံပြင်ကို ဆက်စပ် အစပြုဖော်ပြနိုင်ရန် ၁၉ ပုံပြင် ၄ မှ မေးခွန်းအချို့ကို အသုံးပြုခြင်းဖြင့် ပြန်လှန်ပြောပြနိုင်သည်။

**သင်ကြားပေးပါ။**

- ယခုတွင် မောရှေ နှင့် အာရုန်အတွက် ဖါရောရှေ့မှောက်သို့ ဝင်ရောက်ပြီး ဣသရေလလူမျိုးများအား ထွက်ခွါခွင့်ပြုပေးရန် တောင်းဆိုရမည့်အချိန် ကျရောက်လာပြီး ဖြစ်သည်။ *သို့မှသာ ဣသရေလလူမျိုးတို့သည် တော၌ထာဝရဘုရားအား ကိုးကွယ်နိုင်မည် ဖြစ်သည်။ ဖါရောဘုရင် တုန့်ပြန်မည့် အချင်းအရာကို ကလေးများအား ခန့်မှန်းခိုင်းပါ။ သူ၏ငြင်းဆိုမှု နှင့် တုန့်ပြန်မှုသည် မူလရှိရင်းအခြေအနေကို ပိုမိုဆိုးရွားစေခဲ့ကြောင်း ကလေးများကို ရှင်းပြပါ။ ဖါရောသည် ဘုရားသခင်၏ စကားတော်ကို မနာခံခဲ့ကြောင်း ကလေးများ မြင်သာနိုင်အောင် ပြောပြပေးပါ။ အကယ်၍ သင်သည် ဣသရေလလူမျိုးတစ်ဦး ဖြစ်ခဲ့လျှင် မောရှေ၏ အကြောင်းကို သင်မည်သို့ စဉ်းစားမည်နည်း။* ***(ထွက်မြောက်ရာ၊ ၅း ၁-၂၁)***
- ဤသို့ ဖြစ်လာစေရန် ဘုရားသခင်သည် အဘယ်ကြောင့် ခွင့်ပြုခဲ့သည်ကို မောရှေလုံးဝ နားမလည်ခဲ့ပေ။ ထိုအကြောင်းနှင့်ပတ်သက်၍ မောရှေသည် ဘုရားသခင်ထံ မေးခွန်းမေးခဲ့သည်။ ဖါရောသည် လုံးဝ နာခံခြင်း မရှိသော်လည်း ဘုရားသခင်၏ တန်ခိုးတော်ကို မြင်ရလိမ့်မည်။ တောင်းဆိုသည့်အတိုင်း သူ၏လူမျိုးကို လွှတ်ရလိမ့်မည်ဟု ဘုရားသခင်သည် သူတို့အား ကတိပေးခဲ့သည်။ ကျွန်ုပ်တို့သည် ကတိပေးပြီး မေ့တက်ကြသည်။ သို့သော်လည်း ဘုရားသခင်၏ ကတိတော်များသည် အမြဲပြီးပြည့်စုံခဲ့သည်။ ***(ထွက်မြောက်ရာ၊ ၅း၂၂-၆း၂)***
- ဘုရားသခင်သည် မောရှေအား ဖါရောဘုရင်ထံသို့ ပြန်သွားစေခဲ့ပြီး၊ ဣသရေလလူမျိုးအား လွှတ်ပေးရန် တောင်းဆိုစေခဲ့သည်။ ***(ထွက်မြောက်ရာ၊ ၅း ၂၂- ၇း၅)***
- ဤတစ်ကြိမ်တွင် ဖါရောသည် နိမိတ်လက္ခဏာတောင်းဆိုသည့်အတွက် အာရုန်၏ လှံတံကို မြေသို့ ပစ်ချသည့်အခါ လှံတံသည် မြွေအဖြစ်သို့ ပြောင်းသွားခဲ့သည်။ ဖါရောမင်း၏ ဝိဇ္ဇာအတတ်ဆရာတို့သည်လည်း အာရုန်ပြုသကဲ့သို့ ပြုကြသည်။ သို့သော် သူတို့၏မြွေများအားလုံးကို အာရုန်၏မြွေက မျိုလိုက်သည်။ *ဤအချင်းအရာအားဖြင့် ဘုရားသခင်၏ အကြောင်းကို မည်သို့ ဖော်ပြနေသနည်း။ ဤတစ်ကြိမ်တွင်လည်း ဖါရောသည် ဘုရားသခင်၏ စကားတော်ကို နားမထောင်ခဲ့ပေ။* ***(ထွက်မြောက်ရာ၊ ၇း ၆-၁၂)***
- ထိုနောက် ထာဝရဘုရာသည် မောရှေ နှင့် အာရုန်အား နိုင်းမြစ်ကမ်းဘေးတွင် ဖါရောမင်းအား သွားရောက်တွေ့ဆုံရန် မိန့်တော်မူခဲ့သည်။ ထာဝရဘုရားသည် အမိန့်တော်တစ်ခုကို ထပ်မံ မိန့်တော်မူခဲ့သည်။ အကယ်၍ ဖါရောမင်းသည် တောင်းဆိုမှုကို မနာခံလျှင် နိုင်းမြစ်ရေသည် သွေးအဖြစ်သို့ ပြောင်းသွားမည်။ သန့်ရှင်းသောရေ လုံးဝမရှိတော့ဘဲ ငါးများသေကြလိမ့်မည်။ ဖါရောမင်းသည် နာခံရန် ငြင်းဆိုခဲ့သည်။ *ဖါရောသည် လှည့်၍ အိမ်သို့ ပြန်သွားခဲ့သည်ဟု ကျမ်းစာထဲတွင် ဖော်ပြထားသည်။ ဖါရော၏ စိတ်နေသဘောထားကို ဆွေးနွေးပါ။ မည်သည့်စကားလုံးကို ဖော်ပြနိုင်မည်နည်း။ ဖါရောမင်းသည် နှလုံးခိုင်မာသည် ဟု ကျမ်းစာထဲတွင် ဖော်ပြထားသည်။* ***(ထွက်မြောက်ရာ၊ ၇း ၁၄-၁၉)***
- ထိုကြောင့် အဲဂုတ္တုပြည်သားအားလုံးတို့သည် သောက်သုံးရေ ရရှိရေးအတွက် မြစ်ကမ်းနံဘေးတွင် တွင်းများတူးကြသည်။ အဘယ်ကြောင့်ဆိုသော် မြစ်ထဲမှ ရေကို သောက်သုံးနိုင်ခြင်း မရှိသောကြောင့် ဖြစ်သည်။ ဤကပ်ဘေးသည် ပထမဆုံးကပ်ဘေးဖြစ်ပြီး ၇ ရက်ကြာခဲ့သည်။ ***(ထွက်မြောက်ရာ၊ ၇း ၂၄-၂၅)***
- *မောရှေ နှင့် အာရုန်သည် ထာဝရဘုရား မိန့်တော်မူသည့်အတိုင်း အသေစိတ်နာခံခဲ့ကြပြီး အတိအကျ လိုက်နာခဲ့ကြသည်။ ဤအချက်သည် ကျွန်ုပ်တို့အမြဲ ကြိုးစားလုပ်ဆောင်သင့်သည့်အရာပင် ဖြစ်သည်။ ဘုရားသခင်သည် ကျွန်ုပ်တို့၏ နာခံခြင်းကို အားရကျေနပ်သည်ဟု ကျမ်းစာထဲတွင် ဖော်ပြထားသည်။ ဖါရောသည် ဘုရားသခင်၏ စကားတော်ကို မနာခံဘဲ ငြင်းဆိုခဲ့သည့်အတွက် ဒုက္ခနှင့် အဆုံးသတ်ပြီး ဘုရားသခင်၏ အပြစ်ပေးခြင်းကိုလည်း ခံခဲ့ရသည်။ ကျွန်ုပ်တို့၏ နေစဉ်အသက်တာတွင် နာခံလိုက်လျှောက်ရန် ကျွန်ုပ်တို့အား ဘုရားသခင် မိန့်ကြားသည့် အရာများကို ဆွေးနွေးပါ။*

**သင်ခန်းစာကို ပြီးမြောက်စေပါ။**

**ပြပါ။** FBI မောရှေသည် ဖါရောမင်းထံ ဝင်ရောက်တွေ့ဆုံခဲ့သည်။ မောရှေ နှင့် ကပ်ရောဂါ ပထမပိုင်း

**သင်ယူစေပါ**

အဓိကသော့ချက်ကျမ်းဖြစ်သော ***ထွက်မြောက်ရာ၊ ၇း ၁၆*** ၏ လိုအပ်သောနေရာကို ရှင်းပြပြီး၊ သင်ပေးပါ။

**သင်ခန်းစာကို မှတ်မိသတိရစေပါ။**

ပုံပြင်အား ပြန်လည်သုံးသပ်သည့်အနေဖြင့် ကလေးများထံ အောက်ပါမေးခွန်းများကို မေးပါ။

- မောရှေ နှင့် အာရုန်ထံ ထာဝရဘုရား ပေးတော်မူသော ကတိတော်မှာ အဘယ်နည်း။
- ပထမဦးဆုံး အာရုန် ပြုလုပ်သော နိမိတ်လက္ခဏာမှာ အဘယ်နည်း။
- ပထမဦးဆုံး ကပ်ဘေးအနေဖြင့် နိုင်းမြစ်အတွင်း မည်သည့်အရာ ဖြစ်ခဲ့သနည်း။
- အဲဂုတ္တုလူများ ၇ ရက်အတွင်း မရရှိကြသည့်အရာမှာ အဘယ်အရာနည်း။
- ကျွန်ုပ်တို့၏ နေစဉ်အသက်တာတွင် နာခံလိုက်လျှောက်ရန် ကျွန်ုပ်တို့အား ဘုရားသခင် မိန့်ကြားသည့် အရာမှာ အဘယ်နည်း။

<u>**ခ ၁၀ ပုံပြင် ၂**</u>

မောရှေ နှင့် နောက်ဆုံးကပ်ရောဂါ - ဤပုံပြင်သည် ဟေဗြဲလူမျိုးများအား ကယ်တင်ရန်အတွက် ဘုရားသခင်၏အစီအစဉ် အကြောင်းဖြစ်သည်။

**ကျွန်ုပ်တို့ သင်ယူသွားမည့်အရာ။**
- ဖာရောမင်း နှင့် အဲဂုတ္တုလူတို့သည် ဘုရားသခင်အား နာခံရန် ငြင်းပယ်ခဲ့ကြသောကြောင့် ဘုရားသခင်၏ အပြစ်ပေးခြင်းကို ခံခဲ့ကြရသည်။
- ဘုရားသခင်သည် အပြစ်တရားကို မနှစ်သက်ပေ။ သို့သော် ကယ်တင်ခြင်းလမ်းကို ပြင်ဆင်ပေးသည်။

**အဓိကသော့ချက်ကျမ်း** *ထွက်မြောက်ရာ၊ ၁၂း၁၃*
**ဖတ်ရန်ကျမ်းညွှန်း** *ထွက်မြောက်ရာ၊ ၁၁း ၁-၁၀၊ ၁၂း ၁-၁၃*

**သင်ခန်းစာကို အစပြုမိတ်ဆက်ပေးပါ။**

ကျွန်ုပ်တို့သည် အခြေအနေအရပ်ရပ်၌ဘုရားသခင်၏ ကွယ်ကာစောင့်ရှောက်ခြင်း ခံစားကြရသည့်အကြောင်းအရာများကို ဆွေးနွေးပါ။ ကလေးများ ဆက်စပ်နားလည်နိုင်သည့် ဥပမာများကို ရွေးချယ်ပြောပြပါ။ ဥပမာ၊ လူတို့သည် မိမိတို့၏ အရေပြားများအား နေ၏အန္တရာယ်မှ ကာကွယ်နိုင်ရန် နေဒဏ်ကာကွယ်သည့် အလှဆီများ (sun-cream) လိမ်းကြသည်။ ဖမ်းဆီးခံရရန် ကြောက်ရွံ့စရာမလိုဘဲ လွတ်လပ်စွာ တစ်နိုင်ငံမှတစ်နိုင်ငံသို့ ကူးသန်းသွားလာနိုင်ရန် လူတို့သည် နိုင်ငံကူးလက်မှတ် (passport) များကို ကိုင်ဆောင်ကြသည်။ ရောဂါကာကွယ်ရန်အတွက် ကာကွယ်ဆေးများ ထိုးနှံကြသည်။ ဘုရားသခင်၏ အပြစ်ဒဏ်ပေးခြင်းမှ ဣသရေလလူမျိုးများအား လွတ်မြောက်စေသည့် ဘုရားသခင်၏ ကွယ်ကာစောင့်ရှောက်ခြင်းကို သူတို့ကောင်းစွာ သိနိုင်ရန် ဘုရားသခင်သည် သူတို့ထံ အထူးနိမိတ်လက္ခဏာ ပေးခဲ့သည့်အကြောင်းကို ယနေ့ပုံပြင်တွင် ကျွန်ုပ်တို့ သင်ယူသွားမည် ဖြစ်သည်။

**သင်ကြားပေးပါ။**

- ကပ်ရောဂါကိုးခုကို ကြုံတွေ့ကြရပြီးဖြစ်သည်။ သို့သော် ကြုံတွေ့ရသည့်အချိန်တိုင်းတွင် ဖါရောသည် ဣသရေလလူမျိုးများအား ထွက်သွားခွင့်မပေးဘဲ အမြဲငြင်းပယ်ခဲ့သည်။ ဘုရားသခင်သည် မည်မျှကြီးမြတ်သည့်ဘုရားဖြစ်ကြောင်း ဖါရောမင်း သိသည့်တိုင်းအောင် ဘုရားသခင်သည် ဖါရော၏ နှလုံးသားကို ခိုင်မာစေခဲ့သည်။
- ယခုတွင် ဖါရောမင်းသည် မောရှေအား လုံးဝမတွေ့လိုသည့်အကြောင်းကို ပြောသည်။ ***(ထွက်မြောက်ရာ၊ ၁၀း ၂၇-၂၉)*** သို့သော် နောက်ဆုံး ကပ်ရောဂါသည် မည်သို့ဖြစ်မည့်အကြောင်း ဘုရားသခင်သည် မောရှေထံ ပြောပြခဲ့သည်။ မိသားစုတိုင်းအတွက် အလွန်ကြောက်ရွံ့စရာကောင်းသည့် အပြစ်ဒဏ်ဖြစ်လိမ့်မည်။ မိသားစုတိုင်း၏ သားဦးအားလုံး အသေသတ်ခြင်းခံရကြလိမ့်မည်။ ***(ထွက်မြောက်ရာ၊ ၁၁း၄-၆)*** သိုသော် ဘုရားသခင် တက်နိုင်တော်မူကြောင်းကို ဖါရောမင်း မယုံကြည်ခဲ့ပေ။ သို့မဟုတ် ဤမျှလောက် ကြောက်ရွံ့စရာကောင်းသည့် အပြစ်ဒဏ်ကို ဘုရားသခင်ပေးနိုင်လိမ့်မည်ဟု မယုံကြည်ခဲ့ပေ။ ***(ထွက်မြောက်ရာ၊ ၁၁း၁၀)***
- *ဘုရားသခင်မိန့်တော်မူသမျှ နှင့် ကျမ်းစာတွင် သွန်သင်ထားသမျှအားလုံးသည် မှန်ကန်ကြောင်း ကျွန်ုပ်တို့ သင်ယူရမည် ဖြစ်သည်။ ထို့ပြင် ဘုရားသခင်၏ ကတိတော်များအားလုံးသည် အမှန်ပင်ပြည့်စုံသည် ဖြစ်ကြောင်းကို ယုံကြည်ထားရမည်။*
- အဲဂုတ္တုပြည်မှ ထွက်ခွါရန်အတွက် ဣသရေလလူမျိုးများ အဆင်သင့် ပြင်ဆင်ထားကြရန် ထာဝရဘုရားသည် မောရှေထံ မိန့်တော်မူခဲ့သည်။ မိသားစုတိုင်းသည် သိုးတစ်ကောင်းကို သတ်ရမည်။ ထိုမိသားစုနေထိုင်သည့် အိမ်သည် ဣသရေလလူမျိုး၏ အိမ်ဖြစ်ကြောင်းသိနိုင်ရန် သိုး၏အသွေးဖြင့် အိမ်တံခါးဘောင်တို့ကို သုတ်လိမ်းရမည်။ ထို့နောက် ထိုသိုးကိုကင်၍ တဆေးမပါသောမုန့်၊ ခါးသော ဟင်းသီးဟင်းရွက် တို့နှင့်စားပြီး၊ မိသားစုစားသောက်ပွဲ ကျင်းပရမည်။ ထို့နောက် သူတို့သည် ခါးစည်းကိုစည်းလျက်(အဝတ်အစားအသင့်ဝတ်ဆင်လျက်) ခြေနင်းကိုစီးလျက် အလျှင်အမြန်စားသောက်ကြရမည်။ ဣသရေလ လူမျိုးများ၏ အိမ်တံခါးများတွင် သိုးအသွေးသုတ်လိမ်းထားလျှင် အဲဂုတ္တုပြည်သားများ၏ သားဦးများသေသည့်အခါ ဣသရေလသားဦးများသည် ဘေးလွတ်ကင်ကြလိမ့်မည်ဟု ထာဝရဘုရားသည် မောရှေထံရှင်းပြခဲ့သည်။ ***(ထွက်မြောက်ရာ၊ ၁၂း ၁၂-၁၃)*** *နောက်ဆုံးထွက်ခွါခါနီးအချိန်တွင် သူတို့ခံစားရမည့် စိတ်လှုပ်ရှားခြင်း၊ ကြိုတင်မျှော်လင့်ခြင်းများအကြောင်း နှင့် ဘုရားသခင်၏ လမ်းညွှန်မှုအတိုင်း သူတို့ မည်သို့တိတိကျကျ လိုက်နာကြသည့်အကြောင်းကို ဖော်ပြပါ။ ဣသရေလလူမျိုးများအတွက် အသွေးသည် မည်မျှအရေးကြီးကြောင်းနှင့် တန်ဖိုးရှိကြောင်း ဆွေးနွေးပါ။ မည်သည့်အတွက်ကြောင့် ထိုအသွေးသည် သူတို့လွတ်မြောက်ရန် အတွက် တစ်ခုတည်းသော နည်းလမ်းဖြစ်ရသနည်း။*
- *ကျွန်ုပ်တို့သည် ထာဝရဘုရားသခင် လုပ်ဆောင်သည့်နည်းလမ်းများကို အမြဲနားလည်ရန်မှာ ခက်ခဲသည်။ သို့သော် ဘုရားသခင်သည် ကျွန်ုပ်တို့အတွက် အမြဲအကောင်းဆုံးကို သိသောဘုရားဖြစ်ကြောင်း ကျွန်ုပ်တို့ နားလည်ထားရမည်။ ဣသရေလလူမျိုးများ မည်သို့ လွတ်မြောက်လာကြသနည်း။ ထို့နည်းတူစွာပင် လက်ဝါးကပ်တိုင်ပေါ်တွင်အသေခံသည့် သခင်ယေရှုကို ယုံကြည်သောသူအယောက်စီတိုင်းသည် မိမိတို့အပြစ်ကြောင့် ခံစားကြရမည့် အပြစ်ဒဏ်မှ လွတ်ကင်းခြင်း ခံစားကြရမည် ဖြစ်သည်။ ယေရှုသည် ဘုရားသခင်၏ သိုးသူငယ်ဖြစ်ကြောင်း ကျမ်းစာထဲတွင် ဖော်ပြထားသည်။ သခင်ယေရှုသည် ဣသရေလလူမျိုးများ အတွက်သာမက ကျွန်ုပ်တို့အပါအဝင် ကမ္ဘာပေါ်ရှိ လူသားတိုင်းအတွက်ဖြစ်သည်။ သခင်ယေရှု လက်ဝါးကပ်တိုင်ပေါ်တွင် အသေခံသည့်အချိန်တွင် ကျွန်ုပ်တို့အပြစ်အတွက် သွန်းခဲ့သည့် သူ၏အသွေးတော်ကို ကျွန်ုပ်တို့ ယုံကြည်ကိုးစားလျှင် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ အဖြစ်ဒဏ်မှ ကယ်လွတ်ခြင်းခံစားရမည် ဖြစ်သည်။*

**သင်ခန်းစာကို ပြီးမြောက်စေပါ။**
**ပြပါ။** FBI မောရှေ နှင့် ကပ်ရောဂါ ဒုတိယပိုင်း

**သင်ယူစေပါ**

အဓိကသော့ချက်ကျမ်းဖြစ်သော ***ထွက်မြောက်ရာ၊ ၁၂း ၁၃*** ၏ လိုအပ်သောအပိုင်းကို ရှင်းပြပြီး၊ သင်ပေးပါ။

**သင်ခန်းစာကို မှတ်မိသတိရစေပါ။**

ပုံပြင်အား ပြန်လည်သုံးသပ်သည့်အနေဖြင့် ကလေးများထံ အောက်ပါမေးခွန်းများကို မေးပါ။
- ဘုရားသခင်၏ အပြစ်ဒဏ် အဖြစ် အခြားအသုံးပြုနိုင်သည့် စကားလုံးမှာ အဘယ်နည်း။
- ဖါရောမင်း အတွက် နောက်ဆုံးအပြစ်ဒဏ်မှာ အဘယ်နည်း။
- ဣသရေလလူမျိုးများ ကယ်တင်ခြင်းခံစားစေဖို့ တိကျသေချာစေရန် သူတို့လုပ်ဆောင်ရမည့်အရာမှာ အဘယ်နည်း။
- သူတို့သည် မည်သည့်အရာကို စားရကြသနည်း။ မည်သို့ စားရကြသနည်း။
- ကျွန်ုပ်တို့အပြစ်မှ ကယ်တင်ခြင်း ခံစားရနိုင်ရန်အတွက် သခင်ယေရှုသည် မည်သို့ လုပ်ဆောင်ပေးခဲ့သနည်း။ ***(ရောမ၊ ၅း၈)***

<u>ခ ၁၀ ပုံပြင် ၃</u>

## မောရှေ နှင့် အဲဂုတ္တုပြည်မှ လွတ်မြောက်ခြင်း - ဤပုံပြင်သည် ဘုရားသခင်၏ အံ့ဖွယ်တန်းခိုးတော် အကြောင်းဖြစ်သည်။

**ကျွန်ုပ်တို့ သင်ယူသွားမည့်အရာ။**

- ဘုရားသခင်သည် မီးလောင်နေသော ချုံပုတ်၌မောရှေထံ မိန့်တော်မူသည့်အခါ ကတိထားတော်မူသည့်အတိုင်း ဣသရေလလူမျိုးများကို ကယ်တင်ခဲ့သည်။
- ဤအဖြစ်အပျက်သည် ကြီးမားသည့် ဘုရားသခင်၏ တန်ခိုးတော် တစ်ခုဖြစ်ကြောင်း သမ္မာကျမ်းစာထဲတွင် ဖော်ပြထားသည်။

**အဓိကသော့ချက်ကျမ်း** ***ထွက်မြောက်ရာ၊ ၁၄း ၃၀***
**ဖတ်ရန်ကျမ်းညွှန်း** ***ထွက်မြောက်ရာ၊ ၁၂း ၃၁-၃၉၊ ၁၄း ၁-၃၁***

### သင်ခန်းစာကို အစပြုမိတ်ဆက်ပေးပါ။

ကျွန်ုပ်တို့ လုပ်ဆောင်ရန် မဖြစ်နိုင်သည့် အရာအချို့အကြောင်း စဉ်းစားပါ။ လေယာဉ်ပျံ မရှိဘဲ ပျံသန်းခြင်း၊ သင်္ဘောမပါဘဲ ပင်လယ်ကို ဖြတ်ခြင်း၊ သံလိုက်အိမ်မြှောင်မပါဘဲ သဲကန္တာရတွင် လမ်းရှာဖွေခြင်း၊ စသည်ဖြင့်။ မည်သို့ပင် ဖြစ်သော်လည်း လူမတက်နိုင်သည့်အမှုကို ဘုရားသခင်တက်နိုင်တော်မူသည်။ သမ္မာကျမ်းစာတွင် မှတ်တမ်းတင်ထားသည့် သူ၏ကြီးမားသော တန်ခိုးတော်တစ်ခုအကြောင်းကို ဤပုံပြင်တွင် ကျွန်ုပ်တို့အား ဖော်ပြသွားမည် ဖြစ်သည်။

### သင်ကြားပေးပါ။

- ညအချိန်ရောက်သည့်အခါတွင် အဲဂုတ္တုပြည်သားတို့၏ သားဦးများ အားလုံးသေကြသည်။ ဖါရောမင်းသည် မောရှေ နှင့် အာရုန်တို့အား ဆင့်ခေါ်လိုက်သည်။ *ရှေ့ကကပ်ဘေးကိုးမျိုး ပြီးနောက် ဖါရောသည် မည်သို့တုန့်ပြန်ခဲ့သနည်း။ ဤတစ်ကြိမ်တွင် မည်မျှထူးခြားကြောင်း ဖော်ပြပါ။* ဣသရေလလူအားလုံးတို့သည် သူတို့၏ တိရိစ္ဆာန်များအားလုံးကို ယူ၍ အဲဂုတ္တုပြည်မှ ညတွင်းချင်း ထွက်သွားကြရန် ပြောခဲ့သည်။ ***(ထွက်မြောက်ရာ၊ ၁၂း ၃၁-၃၂)*** သူတို့အား ထွက်သွားကြရန် အခြား အဲဂုတ္တုပြည်သားများကလည်း တိုက်တွန်းကြသည်။ အဘယ်ကြောင့်ဆိုသော် ဣသရေလလူတို့သည် အဲဂုတ္တုပြည်တွင် ဆက်နေလျှင် သူတို့အားလုံး သေကြရမည်ကို ကြောက်ရွံ့နေကြသောကြောင့်ဖြစ်သည်။ ဣသရေလလူတို့သည် ငွေတန်ဆာ၊ ရွှေတန်ဆာ၊ အဝတ်တန်ဆာများကို အဲဂုတ္တုလူတို့ထံ တောင်းကြသည်။ တောင်းသည့်အတိုင်း ပေးချင်သော စေတနာစိတ်ကို ထာဝရဘုရားသည် အဲဂုတ္တုလူတို့၏စိတ်ထဲတွင် ဖြစ်ပေါ်စေခဲ့သည်။ ***(ထွက်မြောက်ရာ၊ ၁၂း ၃၅-၃၆)*** မိန်းမ နှင့် သူငယ်ကို မဆိုဘဲ ယောကျ်ားအရေအတွက်အားဖြင့် ခြောက်သိန်းခန့်မျှရှိသော လူအရေအတွက်တို့သည် ထိုနေ့ချင်းတွင် အဲဂုတ္တုပြည်မှ ထွက်လာခဲ့ကြသည်။ *ကလေးအကြီးများအတွက်မူ သင့်လျော်သည့် တစ်နေရာရာမှ တူညီသည့် လူဦးရေ အရေအတွက် နှင့် ထိုလူအရေအတွက်ကို နှိုင်းယှဉ် ဖော်ပြနိုင်သည်။*
- နောက်ဆုံးတွင် ဖါရောမင်းသည် ဘုရားသခင်၏ စကားတော်ကို နာခံခဲ့ရသည်။ ဖါရောမင်းသည် ဘုရားသခင်၏ စကားတော်ကို ကြားစကပင် နာခံခဲ့လျှင် ဝေဒနာများစွာခံစားရခြင်းမှ ရှောင်ရှားနိုင်ခဲ့မည် ဖြစ်သည်။ မိဘများ၊ ဆရာသမားများထံ နာခံခြင်းသည် အရေးကြီးကြောင်း အလေးထားပြောပြပါ။ *အထူးသဖြင့် ဘုရားသခင်ထံ နာခံခြင်းသည် မည်မျှအရေးကြီးကြောင်း အထူးအလေးပေး ပြောပြပါ။*
- ဣသရေလလူတို့သည် မောရှေ၏ ဦးဆောင်မှုဖြင့် ပင်လယ်နီသို့ ရွေ့ရှသွားခဲ့ကြသည်။ *သူတို့ မည်သို့ ခံစားနေကြမည်ကို စဉ်းစားကြည့်ပါ။* သို့သော် ထိုအချိန်သည် ဖါရောမင်း နှင့် နောက်ဆုံး တွေ့ဆုံခဲ့ခြင်း မဟုတ်ပေ။ တဖန် ဘုရားသခင်သည် ဖါရောမင်း၏ နှလုံးကို ခိုင်မာစေတော်မူသဖြင့်၊ ဘုရားသခင်သည် မည်မျှကြီးမြတ်သည့် ဘုရားဖြစ်ကြောင်းကို ဆက်လက်သင်ယူခဲ့ရသည်။ ဖါရောမင်းသည် သူ၏ ဆောက်လုပ်ရေးသမားများ ဆုံးရှုံးလိုက်ရပြီးဖြစ်ကြောင်း သိလိုက်ရသောအခါ ရထားခြောက်ရာ၊ စစ်သူရဲအလုံးအရင်းဖြင့် ဣသရေလလူတို့နောက် လိုက်ရန် ဆုံးဖြတ်ခဲ့သည်။ ***(ထွက်မြောက်ရာ၊ ၁၄း ၃-၇)***
- ဣသရေလလူတို့သည် ခရီး ဆက်ကြခဲ့ရာ ဖါရောမင်း နှင့် စစ်သည်တို့သည် အလုံးအရင်းနှင့် သူတို့နောက်မှ လိုက်လာကြပြီး၊ သူတို့၏ ရှေ့တွင်လည်း ပင်လယ်နီကြီး ရှိနေသည်။ *ယခုတွင် သူတို့ မည်သို့ခံစားနေကြမည်ဟု သင်ထင်ပါသနည်း။ သူတို့၏ ကြောက်လန့်မှု နှင့် မောရှေအပေါ် ပြစ်တင်ဝေဖန်မှုများကို ဖော်ပြပါ။* သို့သော် မောရှေသည် သူတို့ထံ ကြောက်လန့်စိုးရိမ်ခြင်းမရှိရန် နှင့် ဘုရားသခင်၏ ကယ်တင်ခြင်းကို မြင်တွေ့ကြရမည်ဖြစ်ကြောင်း ပြောပြခဲ့သည်။ ***(ထွက်မြောက်ရာ၊ ၁၄း ၁၀-၁၄)***
- ထာဝရဘုရားသည် မောရှေအား သင်၏လှံတံကို ချီပြီးလျှင် ပင်လယ်ပေါ်မှာ လက်ကိုဆန့်လော့ ဟု မိန့်တော်မူခဲ့သည်။ မောရှေသည် ထာဝရဘုရား၏ စကားတော်ကို နာခံပြီး လုပ်ဆောင်သည့်အခါ ပင်လယ်ရေသည် နှစ်ခြမ်းကွဲသွားပြီး ပင်လယ်အလယ်တွင် ကုန်းမြေပေါ်လာသည်။ ဣသရေလလူတို့သည် ပင်လယ်အလယ်၌ မြေပေါ်တွင် လမ်းလျှောက်သွားကြသည်။
- *အဲဂုတ္တုလူတို့သည် သူတို့နောက်မှ ကြိုးစား၍ လိုက်လာခဲ့ကြသည့်အခါ မည်သည့်အရာ ဖြစ်ပျက်ခဲ့သည်ကို ရှင်းပြပါ။* မောရှေသည် တဖန် သူ၏လှံတံကို ချီမြောက်ပြီး ပင်လယ်ပေါ်သို့ လက်ကိုဆန့်လိုက်သည့်အခါ ပင်လယ်ရေသည် အားကြီး၍ ပြန်လာခဲ့သည်။ ဖါရောမင်း၏ စစ်သားတို့သည် ရေလွှမ်းမိုးသဖြင့် တစုံတယောက်မျှ မကျန်ရစ်ကြောင်း သမ္မာကျမ်းစာထဲတွင် ဖော်ပြထားသည်။ ***(ထွက်မြောက်ရာ၊ ၁၄း ၂၈)*** *သင်သည် ဣသရေလတစ်ဦး ဖြစ်ခဲ့လျှင် ဘုရားသခင်အကြောင်းကို သင်မည်သို့ စဉ်းစားမည်နည်း။ ဘုရားသခင်၏ ကြီးမားသော တန်ခိုးတော်အတွက် သူတို့၏ တုန့်ပြန်မှုအကြောင်း ဖော်ပြပါ။ သူတို့သည် ဘုရားသခင်ကို ကြောက်ရွံ့ကြပြီး (ရှင်းပြပါ)၊ ဘုရားသခင် နှင့် မောရှေအပေါ် ယုံကြည်ကိုးစားခဲ့ကြသည်။* ***(ထွက်မြောက်ရာ၊ ၁၄း ၃၁)***
- ကျွန်ုပ်တို့သည် ထာဝရဘုရားအား အမြဲကိုးစားနိုင်ကြောင်း သင်ယူနိုင်သည်။ အဘယ်ကြောင့်ဆိုသော် ထာဝရဘုရား၏ ကြီးမားသောတန်ခိုးကြောင့် ဖြစ်သည်။ ကျွန်ုပ်တို့သည် ဣသရေလလူမျိုးများကဲ့သို့ပင် ထာဝရဘုရားအား ကိုးစားနိုင်ပြီး၊ ဘုရားသခင် ကျွန်ုပ်တို့အား ကယ်မတော်မူပါ ဟု တောင်းလျှောက်နိုင်သည်။

**သင်ခန်းစာကို ပြီးမြောက်စေပါ။**
**ပြပါ။** FBI မောရှေ နှင့် ကပ်ရောဂါ ဒုတိယပိုင်း နှင့် မောရှေ ပင်လယ်နီဖြတ်ခြင်း

### သင်ယူစေပါ

အဓိကသော့ချက်ကျမ်းဖြစ်သော ***ထွက်မြောက်ရာ၊ ၁၄း ၃၀*** ၏ လိုအပ်သည့်အပိုင်းကို ရှင်းပြပြီး၊ သင်ပေးပါ။

### သင်ခန်းစာကို မှတ်မိသတိရစေပါ။

ပုံပြင်အား ပြန်လည်သုံးသပ်သည့်အနေဖြင့် ကလေးများထံ အောက်ပါမေးခွန်းများကို မေးပါ။

- ဖါရောမင်းသည် ဣသရေလလူမျိုးများအား ထွက်သွားခွင့် ပြုခဲ့ရခြင်းမှာ အဘယ်ကြောင့်နည်း။
- သူတို့တောင်းသမျှကို အဲဂုတ္တုလူတို့ ပေးရခြင်းမှာ အဘယ်ကြောင့်နည်း။
- ဖါရောသည် သူတို့နောက်လိုက်ရန် ဆုံးဖြတ်ရခြင်းမှာ အဘယ်ကြောင့်နည်း။
- ဣသရေလလူမျိုးများ ကြောက်လန့်ရခြင်းမှာ အဘယ်ကြောင့်နည်း။
- သူတို့အားလုံး ကယ်တင်ခြင်း ခံစားရရန်အတွက် မောရှေအား ဘုရားသခင် လုပ်ဆောင်စေသည့်အရာမှာ အဘယ်နည်း။
- အဲဂုတ္တုစစ်သားများ မည်သို့ ဖြစ်သွားကြသနည်း။
- ဘုရားသခင်၏ တန်ခိုးတော်ကို မြင်ကြသည့်အခါ ဣသရေလလူမျိုးတို့သည် မည်သည့်အရာ လုပ်ဆောင်ခဲ့ကြသနည်း။

## ခ ၁၀ ပုံပြင် ၄

မောရှေသည် ဘုရားသခင်၏ ဂုဏ်တော်ကို ချီးမွမ်းသည်။ - ဤပုံပြင်သည် ဘုရားသခင်ထံ ဂုဏ်တော်ချီးမွမ်းခြင်း အကြောင်းဖြစ်သည်။

**ကျွန်ုပ်တို့ သင်ယူသွားမည့်အရာ။**

- ဘုရားသခင် ပြုတော်မူသော ကယ်တင်ခြင်း နှင့် ကျွန်ဘဝမှ လွတ်မြောက်ခြင်းအတွက် ဣသရေလလူမျိုးတို့သည် ဘုရားသခင်၏ ကျေးဇူးတော်ကို ချီးမွမ်းခဲ့ကြသည်။
- ကျွန်ုပ်တို့၏ အသက်တာများကို ပြန်လည်ဆင်ခြင်ပြီး၊ ကျွန်ုပ်တို့အသက်တာတွင် ဘုရားပြုသည့်အမှုအရာတိုင်းအတွက် ကျေးဇူးတော် ချီးမွမ်းသင့်သည်။

**အဓိကသော့ချက်ကျမ်း** *ဆာလံ၊ ၁၀၆း ၁*

**ဖတ်ရန်ကျမ်းညွှန်း** *ထွက်မြောက်ရာ၊ ၁၅း ၁-၂၂*

**သင်ခန်းစာကို အစပြုမိတ်ဆက်ပေးပါ။**

သမ္မာကျမ်းစာထဲရှိ အံ့ဩဖွယ်အဖြစ်အပျက်အချို့ကို ပြန်လည်ဖော်ထုတ်ရန် သဲလွန်စ စကားလုံးများကို အသုံးပြုပါ။ ဥပမာ၊ ခြင်္သေ့တွင်းမှ လွတ်မြောက်ခဲ့သည့် ဒံယေလ၊ ဂေါလျက်ကို သတ်သည့် ဒါဝိဒ်၊ ပြီးခဲ့သည့် ပုံပြင်မှ ပင်လယ်နီဖြတ်ခြင်းအကြောင်းအပါအဝင် စသည် အံ့ဩဖွယ်အဖြစ်အပျက်အချို့ကို ပြောပါ။ သင်၌သမ္မာကျမ်းစာ အချိန်ကာလအပိုင်းအခြားဇယား တစ်ခုရှိလျှင် အဖြစ်အပျက်များကို ရှာပါ။ ဤအဖြစ်အပျက် တစ်ခုချင်းစီကို ရှင်းပြပါ။ သမ္မာကျမ်းစာ၏ ဝိသေသလက္ခဏာများသည် အခြားနည်းလမ်း မရှိပေ။ သို့သော် ဘုရားသခင်၏ ကြီးမားသောတန်ခိုးတော်အပေါ် အားကိုးမှီခိုလိုက်ပါ။ ဘုရားသခင်သည် ဣသရေလူတို့အား ကယ်တင်ပြီးနောက်တွင် သူတို့ လုပ်ဆောင်ခဲ့ကြသည့်အရာကို ကျွန်ုပ်တို့ မြင်တွေ့ခဲ့ကြပြီးဖြစ်သည်။ ကျွန်ုပ်တို့၌ဘုရားသခင် ပြုတော်မူသည့် ကျေးဇူးတော်များအတွက် ကျွန်ုပ်တို့သည် မည်သို့ တုန့်ပြန်သင့်သနည်း။

**သင်ကြားပေးပါ။**

- နောက်ဆုံးတွင် ဣသရေလလူတို့သည် ကျွန်ဘဝမှ လွတ်မြောက်လာကြပြီး၊ သူတို့၏ ရန်သူအားလုံးတို့သည် ရေတွင်နစ်မြုပ်သွားခဲ့သည်။ *သူတို့ မည်သို့ ခံစားကြမည်ကို ရှင်းပြပါ။* သူတို့အား ကယ်တင်သောသူမှာ ဘုရားသခင်ဖြစ်ကြောင်း သူတို့ သိကြသည်။ သူတို့သည် အလွန်ကျေးဇူးတင်သည့် အတွက် ပြုတော်မူသည့် ဘုရားသခင်၏ ကျေးဇူးတော်ကို သူတို့ချီးမွမ်းကြသည်။ ***(ထွက်မြောက်ရာ၊ ၁၅း ၁)*** ဘုရားသခင်သည် မည်မျှကြီးမြတ်သည့်ဘုရား ဖြစ်တော်မူကြောင်းကို သူတို့ ကောင်းစွာ သိလာကြသည်။ သူတို့သည် ဘုရားသခင်၏ ဘုန်းတန်ခိုးကြီးခြင်းကို သီချင်းဖွဲ့၍ သီဆိုကြသည်။ အဘယ်ကြောင့်ဆိုသော် ထိုကဲ့သို့သော တန်ခိုးတော်သည် ထာဝရဘုရားမှအပ အခြားသောဘုရားများတွင် မရှိကြောင်းကို သူတို့ သိမြင်ကြသောကြောင့် ဖြစ်သည်။ ***(ထွက်မြောက်ရာ၊ ၁၅း ၁၁)*** ဣသရေလလူတို့သည် သူတို့အတွက် ဘုရားသခင်ပြုတော်မူသော အမှုအလုံးစုံအတွက် ဘုရားသခင်၏ ဂုဏ်တော်ကို ချီးမွမ်းကြသည်။
- *ထာဝရဘုရားသည် မည်မျှကြီးမြတ်သည့်ဘုရားဖြစ်ကြောင်း ကလေးများ ကောင်းစွာ နားလည်ထားရမည် ဖြစ်သည်။ ဘုရားသခင်၏ ဖန်ဆင်းခြင်းလက်ရာများ၊ ကျွန်ုပ်တို့၏ နေ့စဉ်လိုအပ်ချက်များအတွက် သူ၏ထောက်ပံ့ပေးမှု၊ ကျွန်ုပ်တို့အပြစ်အတွက် လက်ဝါးကပ်တိုင်ပေါ်တွင် အသေခံပေးရန် သူ၏တစ်ပါးတည်းသော သားတော်ကို စွန့်တော်မူသည့် သူ၏ချစ်ခြင်းမေတ္တာအကြောင်းကိုလည်း ကလေးများ ကောင်းစွာသိထားကြရမည် ဖြစ်သည်။*
- ဣသရေလလူမျိုးတို့သည် ဘုရားသခင်၏ ကောင်းမြတ်ခြင်းအကြောင်းကို သီချင်းဆိုသည်သမက၊ ဘုရားသခင်နှင့် ရင်းနှီးသည့်ဆက်ဆံရေး ရှိကြသည့်အတွက် သူတို့သည် ဘုရားသခင်အား "အကျွန်ုပ်၏ဘုရား" "အကျွန်ုပ်၏ခွန်အားဗလ" "အကျွန်ုပ်ကို ကယ်တင်သောအရှင်" ဟု မြွက်ဆိုကြသည်။ ***(ထွက်မြောက်ရာ၊ ၁၅း ၂)***
- *ကလေးများသည် ဘုရားသခင်၏ အကြောင်းကို သိရုံမျှသာသိသောသူများလား။ သို့မဟုတ် သခင်ဘုရားကို မိမိတို့၏ ကယ်တင်ပိုင်ရှင်သခင်အဖြစ် လက်ခံထားသူများလား။ ကလေးတို့၏ ခံယူချက်များကို သေသေချာချာ သိနိုင်နိုင်ရန် စိန်ခေါ်မှုပြုလုပ်၍ တိုက်တွန်းနိုးဆော်နိုင်သည်။*
- ဣသရေလလူမျိုးတို့သည် ယခုပစ္စုပ္ပန်အတွက် သာမက၊ အနာဂတ် ကတိတော်နယ်မြေရောက်သည့်တိုင်အောင် ခရီးဆက်ကြသည့်အခါ လမ်းခရီးတွင် ရန်သူများနှင့် တွေ့ကြုံသည့်အချိန်တွင်လည်း ဘုရားသခင်ကို ကိုးစားနိုင်ကြကြောင်းကိုလည်း သိထားကြသည်။ *ဘုရားသခင်သည် မပြောင်းလဲသော ဘုရားဖြစ်ပြီး၊ ကျွန်ုပ်တို့သည် သူ့အား ယခုပစ္စုပ္ပန်အတွက် သာမက၊ အနာဂတ်အတွက်ပါ အမြဲကိုးစားနိုင်ကြောင်းကို ကျွန်ုပ်တို့ သင်ယူနိုင်သည်။*
- အာရုန်၏ အစ်မမိရိအံသည် သီချင်းဆိုလျက်၊ ကလျက်နှင့် အခြားအမျိုးသမီးများကို ဦးဆောင်ခဲ့သည်။ သူတို့အပေါ်၌ပြုတော်မူသော ဘုရားသခင်၏ ကျေးဇူးတော်ကို ချီးမွမ်းကြသည့်အခါ သူတို့သည် အလွန် စိတ်လှုပ်ရှားကြသည်။

**သင်ခန်းစာကို ပြီးမြောက်စေပါ။**

ပြပါ။ FBI မောရှေ ၊ ပင်လယ်နီဖြတ်ခြင်း

**သင်ယူစေပါ**

အဓိကသော့ချက်ကျမ်း ဖြစ်သည့် ***ဆာလံ၊ ၁၀၆း ၁*** ၏ လိုအပ်သောအပိုင်းကို ရှင်းပြပြီး၊ သင်ပေးပါ။ ဤကျမ်းချက်သည် ဘုရားသခင်ထံ ကျေးဇူးတော်ချီးမွမ်းခြင်း အကြောင်းကို သွန်သင်ထားသည်။ ထို့ကြောင့် သူတို့အတွက် ဘုရားသခင်ပြုတော်မူသော အရာများအတွက် ကျေးဇူးတော် ချီးမွမ်းသည့် ဆုတောင်းတင်ပြချက်များ တင်ပြရန် ကလေးများကို ခွန်အားပေးနိုင်သည်။

**သင်ခန်းစာကို မှတ်မိသတိရစေပါ။**

ပုံပြင်အား ပြန်လည်သုံးသပ်သည့်အနေဖြင့် ကလေးများထံ အောက်ပါမေးခွန်းများကို မေးပါ။ သို့မဟုတ် ခ ၁၀ သင်ခန်းစာအားလုံးမှ မေးခွန်းများကို အခြေခံ၍လည်း မေးနိုင်သည်။

- ဣသရေလလူမျိုးတို့သည် ဘေးဒုက္ခမှ လွတ်မြောက်ကြောင်းကို သိကြသည့်အခါ မည်သည့်အရာ လုပ်ဆောင်ခဲ့ကြသနည်း။
- သူတို့ သီဆိုသည့် သီချင်းထဲတွင် သူတို့သည် ဘုရားသခင်အား မည်သို့ ချီးမွမ်းမြွက်ဆိုကြသနည်း။
- ဣသရေလလူမျိုးတို့သည် အနာဂတ်အတွက်လည်း ဘုရားသခင်ကို ယုံကြည်ကိုးစားကြကြောင်းကို သင်မည်သို့ သိသနည်း။
- သီချင်းဆိုခြင်း၊ ကခြင်း၌ အမျိုးသမီးများကို ဦးဆောင်သောသူမှာ မည်သူနည်း။
- ဣသရေလလူမျိုးတို့သည် စိုးရိမ်ကြောက်ရွံ့ခြင်းမှ ချီးမွမ်းသီချင်းဆိုခြင်းအဖြစ်သို့ ပြောင်းလဲသွားနိုင်ရခြင်းမှာ အဘယ်ကြောင့် ဟု သင်ထင်ပါသနည်း။

<u>ခ ၁၁ ပုံပြင် ၁</u>

ဘုရားသခင်သည် အစားအစာကို ပြင်ဆင်ပေးသည် - ဤပုံပြင်သည် ဣသရေလလူမျိုးများအတွက် အစားအစာကို ဘုရားသခင် ပြင်ဆင်ပေးသည့် အကြောင်းဖြစ်သည်။

**ကျွန်ုပ်တို့ သင်ယူသွားမည့်အရာ။**

- ဣသရေလလူမျိုးများ တောထဲတွင် နှစ်ပေါင်းလေးဆယ် စားသောက်နိုင်ရန်အတွက် ဘုရားသခင်သည် အစားအစာများကို ပြင်ဆင် ထောက်ပံ့ပေးခဲ့သည်။
- သခင်ယေရှုသည် “အသက်မုန့် ” ဖြစ်သည်။ ကျွန်ုပ်တို့၏ လိုအပ်ချက်ကို သူသိသည်။

**အဓိကသော့ချက်ကျမ်း** ***ရှင်ယောဟန်၊ ၆း ၃၅***
**ဖတ်ရန်ကျမ်းညွှန်း** ***ထွက်မြောက်ရာ၊ ၁၆း ၁-၃၂***

**သင်ခန်းစာကို အစပြုမိတ်ဆက်ပေးပါ။**

ခ၉ နှင့် ခ၁၀ မှ သင်ခန်းစာများကို အကျဉ်းချုံး၍ ပြန်လည် ပြောပြပါ။ ဘုရားသခင်သည် ဣသရေလလူမျိုးများကို အဲဂုတ္တုပြည်ကျွန်ဘဝမှ ထုတ်ဆောင်ခဲ့ခြင်းဖြင့် သူ၏ တန်ခိုးတော်ကို ဖော်ပြခဲ့သည်။ ယခုတွင် ဘုရားသခင်သည် သူတို့အား နယ်မြေအသစ်သို့ ပို့ဆောင်မည့်အကြောင်းကိုလည်း ကတိပေးခဲ့သည်။ သူတို့သည် ခရီးသွားပြီး များမကြာမီမှာပင် လူတို့သည် ဆာလောင်လာကြသည်။ ဆာလောင်ကြသည့်အတွက် မောရှေအား စတင်အပြစ်တင်လာကြတော့သည်။ သူတို့ သယ်ဆောင်လာသည့် အစားအစာများမှာ မရှိကြတော့သည့်အတွက် အဲဂုတ္တုပြည်တွင် သူတို့ စားသောက်ခဲ့ရသည့် အစားအစာများနှင့် နေထိုင်ခဲ့ကြသည်များကို ပြန်သတိရတမ်းတကြသည်။ ***(ထွက်မြောက်ရာ၊ ၁၆း ၂-၃)*** ဘုရားသခင်သည် အရာအားလုံး ထိန်းချုပ်ထားသည့်အကြောင်းကို သူတို့ မေ့လျော့သွားကြသည်။ သူတို့လမ်းခရီး၏ လိုအပ်ချက်အားလုံးကို ဘုရားသခင် သိထားပြီး ဖြစ်သည်။
*အဲဂုတ္တုပြည်ကို ပြန်တမ်းတသည့် သူတို့၏ စိတ်နေသဘောထားများသည် မှားယွင်းကြောင်းကို နှင့် အကယ်၍ သက်ဆိုင်ပါက၊ ကလေးများလည်း ထိုသို့သော စိတ်နေသဘောထား မရှိကြရန် ပြောပြပါ။ ဘုရားသခင်၌ ဝမ်းမြောက်တက်ရန် ဘုရားသခင် အလိုတော်ရှိကြောင်း ကလေးများကို ပြောပြပါ။*

**သင်ကြားပေးပါ။**

- လူတို့သည် ဘုရားသခင်အား ယုံကြည်ကိုးစားရန် အားနည်းသော်လည်း ဘုရားသခင်သည် သူတို့အား ဆက်လက်စောင့်ရှောက်နေကြောင်းကို ဖော်ပြခဲ့သည်။ အမြဲအစားအစာ ရရှိနိုင်ရန် သူတို့အတွက် ဘုရာသခင်၌ ကောင်းမွန်စိတ်ချသည့် အစီအစဉ်ရှိသည်။ ဘုရားသခင်သည် ကောင်းကင်မှ မုန့်ကို ချပေးပြီး သူတို့သည် နံနက်တိုင်း မိသားစုအလိုက် စုသိမ်းကောက်ယူကြရသည်။ သူတို့သည် ခြောက်ရက်မြောက်သောနေ့တွင် ဥပုဒ်နေ့တွင် စားရန်အတွက်ပါ နှစ်ရက်စာ ကောင်းသိမ်းကြရသည်။ (ဘုရားသခင်အတွက် အထူးနေ့) ညနေတိုင်းတွင် သူတို့သည် အသားကို ရကြသည်။ ***(ထွက်မြောက်ရာ၊ ၁၆း ၄-၁၂)***
- *နံနက်တွင် ဣသရေလလူတို့သည် သူတို့၏ တဲများအတွင်းမှ ထွက်လာကြပြီး၊ တဲအပြင်တွင် တွေ့ရသည် အရာအတွက် သူတို့၏အမူအရာများကို ပုံဖော်စဉ်းစားကြည့်ပါ။* ဤအရာသည် ကောင်းကင်မှ ဘုရားသခင် ချပေးသည့် မုန့်ဖြစ်ကြောင်း မောရှေသည် လူများထံ ရှင်းပြခဲ့သည်။ လူတိုင်း မိမိတို့၏ တဲများအတွင်း နေထိုင်သည့် လူအရေအတွက်အလိုက် လုံလောက်စွာ ကောက်ယူနိုင်ကြသည်။ မည်သူမျှ နောက်တစ်နေ့စာအတွက် အပိုကောက်ယူခွင့် မရှိပေ။ သို့သော် အချို့သောသူတို့သည် မနာခံကြဘဲ နောက်တစ်နေ့စာအတွက် အပိုကောက်ယူကြမိသည့်အခါ ထိုမုန့်များသည် နောက်တစ်နေ့နံနက်တွင် ပုပ်သိုးပျက်စီးကုန်သည်။ ***(ထွက်မြောက်ရာ၊ ၁၆း ၁၅-၂၀)*** *ကျွန်ုပ်တို့၏ စိတ်ထင်သည့်အတိုင်း လုပ်ဆောင်ခြင်းထက် ဘုရားသခင်၏ စကားတော်အတိုင်း အတိအကျ လုပ်ဆောင်ခြင်းသည် မည်မျှအရေးကြီးကြောင်း ရည်ညွှန်းပြောပြပါ။*
- လူတို့သည် ထိုကောင်းကင်မှ ကျလာသည့်မုန့်ကို မန္န ဟု အမည်ခေါ်တွင်ခဲ့ကြသည်။ ထိုမုန့်၏ အရသာသည် ပျားရည်ကဲ့သို့ ချိုသည်။ ဣသရေလလူတို့၏ နောက်ဆုံး ခရီးစဉ် ရောက်သည့်တိုင်အောင် ဘုရားသခင်သည် ထိုမန္နမုန့်ကို သူတို့အား ကျွေးမွေးတော်မူခဲ့သည်။ ထာဝရဘုရားသည် သူတို့၏ဘုရားဖြစ်ကြောင်း သက်သေပြရန်အတွက် သူတို့အား ပိုမိုကြည့်ရှုစောင့်ရှောက်တော်မူခဲ့သည်။ ***(ထွက်မြောက်ရာ၊ ၁၆း၃၁)***
- ပုံပြင်ထဲတွင် ဣသရေလလူတို့သည် မန္နမုန့်ကို စုသိမ်းကောက်ယူပြီး စားသုံးကြသည့်အခါ သူတို့၏ ဆာလောင်မှုများအတွက် ကျေနပ်မှုရရှိခဲ့ကြသည်။ တောထဲတွင် သူတို့သည် ထိုမုန့်အားဖြင့် နေ့စဉ် အသက်ရှင်နိုင်ခဲ့ကြသည်။ သို့သော် သူတို့သည် မန္နမုန့်များကို ပိုမိုလိုအပ်နေသည်။ နောက်ဆုံးတွင် သူတို့ သေကြရသည်။
- *နှစ်ပေါင်းများစွာ ကြာပြီးနောက်တွင် သခင်ယေရှုသည် ကျွန်ုပ်တို့အပြစ်အတွက် အသေခံရန် ကောင်းကင် မှ ဤလောကသို့ ဆင်းသက်လာခဲ့သည်။ သခင်ယေရှုက “ငါသည် အသက်မုန့် ဖြစ်၏” ဟု သူကိုယ်သူ ပြောခဲ့သည်။ ကျွန်ုပ်တို့၏အသက်တာတွင် သခင်ယေရှုအား (အသက်မုန့်) လက်ခံယုံကြည်လျှင် သူသည် ကျွန်ုပ်တို့အား ထာဝရအသက်ကို ပေးမည် ဖြစ်သည်။ ယခုဘဝတွင်လည်း ပျော်ရွှင်နိုင်ပြီး ကောင်းကင်တွင် ထာဝရနေထိုင်ရမည် ဖြစ်သည်။ ကောင်းကင်မှကျလာသည့် မန္နမုန့်သည် ဣသရေလလူတို့အတွက် အံ့သြဖွယ်နိမိတ်လက္ခဏာ ဖြစ်သည်။ သို့သော် သခင်ယေရှုကို ယုံကြည်လက်ခံခြင်းအားဖြင့် ပိုမိုကောင်းမွန်သည့်အရာတစ်ခုကို ကျွန်ုပ်တို့ ရရှိမည် ဖြစ်သည်။ (ဘော သို့မဟုတ် ကဒ်ထူပြားကို အသုံးပြုကာ မန္နမုန့် နှင့် အသက်မုန့် တို့အား ကော်လံနှစ်ခုပေါ်တွင် နှိုင်းယှဉ်ရေးသားခြင်းဖြင့် ပိုမိုရှင်းလင်းအောင် သင်ကြားပေးနိုင်မည် ဖြစ်သည်။)*

**သင်ခန်းစာကို ပြီးမြောက်စေပါ။**
ပြပါ။ FBI မောရှေ နှင့် ဘုရားသခင်သည် တောထဲ၌ အစားအစာ ထောက်ပံ့ကျွေးမွေးခြင်း

**သင်ယူစေပါ**

အဓိကသော့ချက်ကျမ်းဖြစ်သော ***ရှင်ယောဟန်၊ ၆း ၃၅***၏ လိုအပ်သောအပိုင်ကို ရှင်းပြပြီး၊ သင်ပေးပါ။ အထက် ဖော်ပြချက်များကို ထည့်သွင်းပြောပြပါ။

**သင်ခန်းစာကို မှတ်မိသတိရစေပါ။**

နှုတ်မေးနှုတ်ဖြေ မေးခွန်းများအဖြစ် အောက်ပါမေးခွန်များကို အသုံးပြုပါ။

- လူတို့သည် အဘယ်ကြောင့် ငြီးတွားလာကြသနည်း။
- သူတို့သည် မည်သူအား ပြစ်တင်ဝေဖန်ကြသနည်း။
- သူတို့သည် ပြစ်တင်ဝေဖန်မည့်အစား မည်သည့်အရာ လုပ်ဆောင်သင့်သနည်း။
- မန္နမုန့်သည် ကောင်းကင်မှ မြေပေါ်သို့ တစ်ပတ်တွင် ရက်ပေါင်း မည်မျှကျခဲ့သနည်း။
- သူတို့သည် ညနေတိုင်းတွင် မည်သည့်အရာကို ရှာတွေ့ကြသနည်း။
- သူတို့သည် မန္နမုန့်ကို မည်သည့်အချိန်အထိ ကောက်သိမ်းစားသောက်ခဲ့ကြသနည်း။
- ယေရှုသည် သူ့ကိုယ်သူ မည်သို့ ခေါ်ဆိုသနည်း။
- ယေရှုသည် မန္နမုန့်ထက် ကြီးမြတ်ကြောင်း မည်သည့်နည်းလမ်းဖြင့် သိနိုင်သနည်း။

## ခ ၁၁ ပုံပြင် ၂

ဘုရားသခင်သည် အောင်မြင်ခြင်းအခွင့် ပေးသည် - ဤပုံပြင်သည် ဘုရားသခင်၌ ယုံကြည်ကိုးစားသူများကို ဘုရားသခင် ကူညီပေးသည့် အကြောင်းဖြစ်သည်။

**ကျွန်ုပ်တို့ သင်ယူသွားမည့်အရာ။**

- ဣသရေလလူတို့သည် ဘုရားသခင်အား ယုံကြည်အားထားသည့်အခါ ဘုရားသခင်သည် သူတို့အား ကူညီမစတော်မူသည်။
- ကျွန်ုပ်တို့၏ အသက်တာတွင် အောင်မြင်ခြင်းအခွင့်ကို ခံစားရရှိနိုင်စေရန် ဘုရားသခင်သည် ကျွန်ုပ်တို့အား သူ့ထံ ဆုတောင်းစေလိုသည်။

**အဓိကသော့ချက်ကျမ်း** *ထွက်မြောက်ရာ၊ ၁၇း ၁၅*
**ဖတ်ရန်ကျမ်းညွှန်း** *ထွက်မြောက်ရာ၊ ၁၇း ၈- ၁၅*

### သင်ခန်းစာကို အစပြုမိတ်ဆက်ပေးပါ။

များမကြာမီအချိန်တွင် ဣသရေလလူတို့သည် အခြားပြဿနာတစ်ခုနှင့် ကြုံတွေ့ကြရသည်။ ရန်သူ အာမလက်လူတို့၏ တိုက်ခိုက်ခြင်းကို ခံခဲ့ကြရသည်။ ***(ထွက်မြောက်ရာ၊ ၁၇း ၈)***
*ထိုတိုက်ခိုက်ခြင်း အခြေအနေအကြောင်း စဉ်းစားရာ၌ကလေးများ ဆက်စပ်နားလည်နိုင်ရန် အောက်ပါမေးခွန်းများကို အသုံးပြုပါ။*

- *ဣသရေလလူတို့သည် မည်သည့်အရာ လုပ်ဆောင်သင့်သနည်း။ (ပြန်လည်တိုက်ခိုက်ရမည်)*
- *သူတို့ တိုက်ခိုက်ဖူးပါသလား။ သူတို့သည် အဲဂုတ္တုပြည်တွင် စစ်သားမဟုတ်ဘဲ၊ ကျွန်အဖြစ်နေထိုင်ခဲ့ကြရသည့်အကြောင်းကို ကလေးများထံ ပြန်လည်သတိပေး ပြောပြပါ။*
- *သူတို့ မည်သို့ ခံစားနေကြမည်နည်း။*
- *သူတို့သည် ဘုရားသခင်၏ ကူညီမစမှုကို ကိုးစားနိုင်ပါသလား။ ဘုရားသခင်သည် သူတို့အား အဲဂုတ္တုပြည်မှ ထုတ်ဆောင်လာပြီး နယ်မြေသစ်သို့ ပို့ဆောင်မည်ဖြစ်ကြောင်း ကလေးများကို ထပ်မံသတိပေးပြောပြပါ။ ဘုရားသခင်သည် သူ၏ ကတိတော်ကို သူစောင့်ထိန်းလိမ့်မည် ဖြစ်သည်။*

### သင်ကြားပေးပါ။

- မောရှေသည် ပညာရှိသောခေါင်းဆောင်ဖြစ်သည်။ မည်သည့်အရာ လုပ်ဆောင်ရမည်ကို သူသိသည်။ သူ၏လက်ထောက် ယောရှုအား စစ်တိုက်နိုင်မည်သူများကို ရွေးချယ်ရန် အမိန့်ပေးလိုက်သည်။ စစ်သားများသည် ဘုရားသခင်၏ ကူညီမစမှုလိုအပ်ကြောင်းကို မောရှေသိထားသည်။ ထို့ကြောင့် မောရှေသည် အာရုန် နှင့် ဟုရ ကိုခေါ်ပြီး တိုက်ပွဲ တိုက်နေသည်ကို မြင်နိုင်သည့် တောင်ထိပ်ပေါ်သို့ တက်သွားခဲ့သည်။ မောရှေသည် သူ၏လှံတံကို ကိုင်မြှောက်ထားသည်။ (သူတောထဲတွင် သိုးကျောင်းသည့်အခါတွင် အသုံးပြုခဲ့သည့် ရှည်လျားသည့် လှံတံဖြစ်သည်။) မောရှေသည် ထိုလှံတံကို လက်နှစ်ဘက်နှင့် ကိုင်မြှောက်ထားသည်။ *ထိုသို့ ကိုင်မြှောက်ထားခြင်းမှာ ဣသရေလလူတို့သည် မိမိတို့ အနိုင်ရရန် ထာဝရဘုရားအား ကိုးစားနေသည်ကို ဖော်ပြနေခြင်း ဖြစ်ကြောင်း ရှင်းပြပါ။* ***(ထွက်မြောက်ရာ၊ ၁၇း၉)***
- မောရှေသည် သူ၏လက်ကို ကိုင်မြှောက်ထားသည့်အချိန်တွင် ဣသရေလလူတို့သည် အနိုင်ရကြသည်။ *လက်ကို ခေါင်းအပေါ်သို့ မြှောက်ထားသည့် အခြေအနေအကြောင်း ကလေးများကို မေးပါ။ ထိုကဲ့သို့ လက်ကို အချိန်ကြာကြာ အပေါ်သို့ မြှောက်ထားလျှင် သင်၏လက်မောင်းမည်သို့ ခံစားနေရမည်နည်း။* အချိန်ကြာလာသည်နှင့်အမျှ မောရှေ၏ လက်မောင်းများမှာ ညောင်းလာသည့်အတွက် သူသည် လက်ကို အောက်သို့ ခဏချလိုက်သည်။ ထို့အခါ တစ်ဘက်ရန်သူများက အနိုင်ရကြသည်။ *အာရုန် နှင့် ဟုရသည် မောရှေအား မည်သို့ ကူညီနိုင်ကြောင်း ကလေးများ၏ အကြံဉာဏ်ကို မေးပါ။ ထို့နောက် သူတို့ မည်သည့်အရာ လုပ်ဆောင်ကြောင်း ရှင်းပြပါ။* ထို့နောက် မောရှေသည် သူ၏လက်ကို နေဝင်သည့်တိုင်အောင် မြှောက်ထားနိုင်ခဲ့သည်။ ထိုအချိန်တွင် ဣသရေလလူတို့သည် အနိုင်ရကြသည်။ မောရှေသည် ထိုအောင်မြင်ခြင်းအတွက် ဘုရားသခင်၏ ကျေးဇူးတော်ကို ချီးမွမ်းလိုသည်။ ထို့ကြောင့် သူသည် ကျောက်တုံးများနှင့် ယဇ်ပလ္လင်ကို တည်၍ "ယေဟောဝါနိဿိ" "ထာဝရဘုရားသည် ကျွန်ုပ်၏ အောင်မြင်ခြင်းအရှင်" ဟု သမုတ်လေသည်။ မောရှေသည် *အောင်မြင်မှုအားလုံးအတွက် ဘုရားသခင်ကို ချီးမြှောက်လိုကြောင်း ရှင်းပြပါ။* ***(ထွက်မြောက်ရာ၊ ၁၇း ၁၀-၁၃၊ ၁၅)***
- *တိုက်ပွဲအောင်မြင်ခြင်းတွင် မည်သူအဓိကကျသည်ဟု ထင်ပါသနည်း။ မောရှေသည် မိမိလက်အား မြှောက်ပင့်ပြီး ထာဝရဘုရားအား ကိုးစားခြင်းမရှိလျှင် ယောရှု နှင့် စစ်သားများသည် ဤတိုက်ပွဲကို အောင်နိုင်မည် မဟုတ်ပေ။ ကျွန်ုပ်တို့သည် သခင်ယေရှုအား မိမိတို့၏ ကယ်တင်ရှင်သခင်အဖြင့် ယုံကြည်လက်ခံလျှင် ကျွန်ုပ်တို့တွင်လည်း ရန်သူ (စာတန်) ရှိသည်။ ကျွန်ုပ်တို့အသက်တာတွင် ကြောက်ရွံ့စေရန် နှင့် ပျော်ရွှင်ခြင်းများ ဆုံးရှုံးစေရန် သူဖန်တီးလိုသည်။ သခင်ယေရှု နှင့် စာတန် မည်သူသည် ပို၍တန်ခိုးကြီးသနည်း။ ယေရှုသည် ပို၍ တန်ခိုးကြီးသည့်အတွက် ကျွန်ုပ်တို့သည် အောင်မြင်ခြင်းကို ရရှိခံစားနိုင်သည်။ ကျွန်ုပ်တို့သည် အချိန်တိုင်း ဘုရားသခင်ကို မှီခိုအားထားရမည် ဖြစ်သည်။*

**သင်ခန်းစာကို ပြီးမြောက်စေပါ။**
**ပြပါ။** FBI မောရှေ ဆုတောင်းသကဲ့သို့ ဣသရေလလူတို့သည် ရန်သူ အာမလက်လူတို့ကို တိုက်ခိုက်သည်။

### သင်ယူစေပါ

အဓိကသော့ချက်ကျမ်းဖြစ်သော ***ထွက်မြောက်ရာ၊ ၁၇း ၁၅*** ၏ လိုအပ်သောအပိုင်းကို ရှင်းပြပြီး၊ သင်ပေးပါ။

### သင်ခန်းစာကို မှတ်မိသတိရစေပါ။

"ထာဝရဘုရားသည် ကျွန်ုပ်၏ အောင်မြင်ခြင်း" ဆိုသော စာတန်းကို ကလေးများ အောင်လံတံခွန်ထူ၍ အလှဆင်နိုင်သည်။
မေးခွန်းအဖြစ် အောက်ပါမေးခွန်းများကို အသုံးပြုနိုင်သည်။

- ဣသရေလ စစ်တပ်၏ ခေါင်းဆောင်မှာ မည်သူနည်း။
- မောရှေသည် မည်သည့် အရပ်သို့ သွားခဲ့သနည်း။
- မောရှေ နှင့်အတူ မည်သူတို့ ပါသွားခဲ့သနည်း။
- မောရှေသည် သူ၏လက်ကို မြှောက်ထားသည်အခါ တိုက်ပွဲသည် မည်သို့ ဖြစ်သနည်း။
- မောရှေသည် သူ၏လက်ကို အချိန်မည်မျှကြာကြာ မြှောက်ထားခဲ့သနည်း။
- အောင်မြင်ခြင်းအခွင့်ကို ပေးသောသူမှာ မည်သူနည်း။

<u>ခ ၁၁ ပုံပြင် ၃</u>

ဘုရားသခင်သည် ပညတ်တော်ကို ပေးသည် - ဤပုံပြင်သည် ဘုရားသခင်၏ နည်းဥပဒေ အကြောင်းဖြစ်သည်။

**ကျွန်ုပ်တို့ သင်ယူသွားမည့်အရာ။**

- ထာဝရဘုရားသည် သန့်ရှင်းသောဘုရား ဖြစ်သည်။
- ကျွန်ုပ်တို့သည် ထာဝရဘုရား၏ ပညတ်တော်များကို မစောင့်ရှောက်နိုင်ပေ။

**အဓိကသော့ချက်ကျမ်း** ***ထွက်မြောက်ရာ၊ ၂၀း ၁ သို့မဟုတ် ရောမ၊ ၃း ၂၃***
**ဖတ်ရန်ကျမ်းညွှန်း** ***ထွက်မြောက်ရာ၊ ၁၉ -၂၀***

**သင်ခန်းစာကို အစပြုမိတ်ဆက်ပေးပါ။**

အိမ် သို့မဟုတ် ကျောင်းတွင် ထားရှိသည့် စည်းကမ်းများအကြောင်း ပြောပါ။ မည်သည့် စည်းကမ်းများ ဖြစ်သနည်း။ ကျွန်ုပ်တို့သည် အဘယ်ကြောင့် စည်းကမ်း လိုအပ်ရခြင်း ဖြစ်သနည်း။ စည်းကမ်းလိုက်နာခြင်းသည် အမြဲလွယ်ကူသောအရာ ဟုတ်ပါသလား။ ဘုရားသခင်သည် သူ၏ ဣသရေလ လူမျိုးများထံ ဥပဒေ စည်းမျဉ်းစည်းကမ်း ပေးခဲ့သည့်အကြောင်းကို ယနေ့ သင်ခန်းစာတွင် ကျွန်ုပ်တို့ သင်ယူသွားမည် ဖြစ်သည်။

**သင်ကြားပေးပါ။**

- ဣသရေလလူတို့သည် သိနအမည်ရှိသော တောင်ပေါ်သို့ ရောက်သည့်အခါ ထိုနေရာတွင် စခန်းချကြသည်။ ဘုရားသခင်သည် ထူထပ်သည့် မိုးတိမ်ဖြင့် တောင်ထိပ်ပေါ်သို့ ဆင်းလာမည့်အကြောင်း မောရှေထံ ရှင်းပြခဲ့သည်။ မည်သူ တစ်ဦးတစ်ယောက်မျှ တောင်ပေါ်သို့ မတက်နိုင်ရန် မောရှေသည် လူတို့မကျော်ရသော အဆီးအကာတို့ကို တောင်ပတ်လည်၌စီရင်မှုသည်။ ထို့ပြင် ဘုရားသခင်ထံ ချဉ်းကပ်ရာတွင် အပြစ်ရောက်မည်ကို စိုးရိမ်ရသည့်အတွက် လူတို့သည် မိမိတို့ကိုယ်မိမိတို့ သန့်ရှင်းစေလျှက် အဝတ်အစားများကို လျှော်ကြရသည်။ ***(ထွက်မြောက်ရာ၊ ၁၉း ၁-၁၄)***
- သုံးရက်မြောက်သောနေ့တွင် ဣသရေလလူတို့သည် တောင်ခြေရင်းတွင် ရပ်နေကြသည်။ မိုးတိမ်သည် တောင်းတစ်ခုလုံးကို လွှမ်းမိုးပြီး၊ လျှပ်ခါခဲ့သည်။ *ထာဝရဘုရားသည် မည်မျှကြီးမြတ်သည့် ဘုရားဖြစ်ကြောင်းကို ဤအမှုအရာအားဖြင့် လူများအား ပြခဲ့သည်။ လူများတို့သည် မည်သို့ ခံစားနေကြမည်ကို စဉ်းစားကြည့်ပါ။* ထိုနောက် ဘုရားသခင်သည် မောရှေအား ဒုတိယအကြိမ် တောင်ပေါ်သို့ တက်ရန် ခေါ်ခဲ့သည်။ တာဝရဘုရားက မောရှေအား လူများတို့သည် အဆီးအကာကို ကျော်ဝင်ပြီး သေကြမည်ကို စိုးရိမ်သောကြောင့် တောင်ခြေတွင်သာ နေကြရန် ဆင်း၍ သတိပေးစေသည်။ ***(ထွက်မြောက်ရာ၊ ၁၉း ၁၆-၂၂)*** *ထာဝရဘုရားသည် သန့်ရှင်းတော်မူသောကြောင့် (အပြစ်လုံးဝမရှိ) လူများတို့သည် ထာဝရဘုရားထံတော်သို့ မချဉ်းကပ်နိုင်ကြောင်းကို ရှင်းပြပါ။ သို့သော် သူတို့၏ အသက်တာတွင် အပြစ်များရှိသည်။ ယနေ့ပင်လျှင် ကျွန်ုပ်တို့၏ အပြစ်များသည် ဘုရားသခင်၏ ခွင့်လွှတ်ခြင်းကို မခံစားရသ၍ အပြစ်တရားသည် ဘုရားသခင်နှင့် ကျွန်ုပ်တို့ကို ကွာဝေးစေသည်။*
- နောက်ဆုံးတွင် မောရှေသည် ကျောက်ပြားကြီးပေါ်တွင် အက္ခရာတင်ထားသည့် ပညတ်တော် ဆယ်ပါးကို ဘုရားသခင်ထံမှ လက်ခံရရှိခဲ့သည်။ ပညတ်တော်များသည် ဘုရားသခင်၏ ဥပဒေ သို့မဟုတ် စည်းကမ်းများ ဖြစ်သည်။ ဘုရားသခင်သည် သူတို့အား မည်ကဲ့သို့ အသက်ရှင်နေထိုင်စေလိုကြောင်း ထိုပညတ်များအားဖြင့် ဖော်ပြနေသည်။ သူတို့သည် အရာရာထက် ထာဝရဘုရားအား ပို၍ ချစ်ရမည်။ အချင်းချင်းလည်း ချစ်ကြရမည်။ *အဆင့် ၂ ကလေးများအတွက်မူ ဤပညတ်တော်များကို ကလေးများနှင့်အတူဖတ်ပြီး၊ တစ်ခုချင်းစီးကို အတိုချုပ်ရှင်းပြပါ။ ထိုအရာများကို ကျွန်ုပ်တို့ မလိုက်လျှောက်နိုင်ကြောင်း ကလေးများ နားလည်စေရန် ကူညီပေးပါ။* ***(ထွက်မြောက်ရာ၊ ၂၀)***
- *ဝမ်းနည်းစရာပင် ဣသရေလလူတို့သည် ဘုရားသခင်၏ ပညတ်တော်များကို မစောင့်ရှောက်နိုင်ကြပေ။ ကျွန်ုပ်တို့လည်း မစောင့်ရှောက်နိုင်ပေ။ ဘုရားသခင် မျှော်လင့်သောအရာကို ကျွန်ုပ်တို့အားလုံး မလိုက်လျှောက်နိုင်ပဲ ကျရှုံးကြသည်။ ကျွန်ုပ်တို့သည် အပြစ်သားများ ဖြစ်ကြသည်။ ဤလောကတွင် သခင်ယေရှု တစ်ပါးတည်းသာ ပြီးပြည့်စုံသောသူ ဖြစ်သည်။ ဤသို့ ဖြစ်ရခြင်းမှာ သူသည် ကျွန်ုပ်တို့၏ ကယ်တင်ရှင် ဖြစ်သောကြောင့် ဖြစ်သည်။ ဘုရားသခင်သည် ကျွန်ုပ်တို့၏ အပြစ်ကို ခွင့်လွှတ်ပေးနိုင်ရန် သခင်ယေရှုသည် ကျွန်ုပ်တို့ အပြစ်အတွက် အသေခံခဲ့သည်။ ထို့နောက် ကျွန်ုပ်တို့သည် ဘုရားသခင်၏ မိသားစုဝင် ဖြစ်လာပြီး ဣသရေလလူမျိုးများ ကဲ့သို့ပင် သူနှင့် နီးနီးနေနိုင်မည် ဖြစ်သည်။*

**သင်ခန်းစာကို ပြီးမြောက်စေပါ။**

**ပြပါ။** FBI သိနတောင်ပေါ်တွင် မောရှေသည် ပညတ်တော် ၁၀ ပါး လက်ခံရယူသည်။

**သင်ယူစေပါ**

အဓိကသော့ချက်ကျမ်းဖြစ်သည့် ***ထွက်မြောက်ရာ၊ ၂၀း၁ သို့မဟုတ် ရောမ၊ ၃း၂၃*** ၏ လိုအပ်သောအပိုင်းကို ရှင်းပြပြီး၊ သင်ပေးပါ။

**သင်ခန်းစာကို မှတ်မိသတိရစေပါ။**

မေးခွန်းတိုများအနေဖြင့် အဆင့်၂ သင်ခန်းစာတွင် ရေးထားသည့် တကယ့်ပညတ်တော်များကို ရည်ညွှန်းအသုံးပြုနိုင်သည်။ အကယ်၍ဖြစ်နိုင်လျှင် ပညတ်တော်များကို ဘော သို့မဟုတ် ကပ်ထူကဒ်ပေါ်တွင် ရေးသားခြင်းဖြင့် ကလေးများ မြင်နိုင်၊ ကြားနိုင်မည် ဖြစ်သည်။ ပညတ်တော် အားလုံးကို ဖတ်ပြီးသွားသည့်နောက်တွင် ထိုအရာကို ဘေးဖယ်လိုက်ပါ။ ပညတ်တစ်ခုစီမှ အဓိက စကားလုံးများကို ဖျက်လိုက်ပါ။ ဥပမာ၊ ငါမှတပါး အခြား __________ မရှိ။ __________ ကို ဦးမချ ဝတ်မပြုရ။ ကလေးများသည် လိုနေသော စကားလုံးကို သိပါက သူတို့အဖွဲ့အတွက် သူတို့ အမှတ်ရမည် ဖြစ်သည်။

# ခ ၁၁ ပုံပြင် ၄

ဘုရားသခင်သည် ကယ်တင်ခြင်းကို ပေးသည် - ဤပုံပြင်သည် လူသားများကို သေခြင်းမှကယ်တင်ပေးသည့် ဘုရားသခင်၏ နည်းလမ်းအကြောင်းဖြစ်သည်။

**ကျွန်ုပ်တို့ သင်ယူသွားမည့်အရာ။**

- ဣသရေလလူမျိုးများသည် သူတို့နှင့် ထိုက်တန်သည့် သေဘေးဒဏ်မှ လွတ်မြောက်နိုင်ရန်အတွက် ဘုရားသခင်သည် နည်းလမ်း ပြင်ဆင်ပေးခဲ့သည်။
- ကျွန်ုပ်တို့ ကယ်တင်ခြင်း ခံစားရနိုင်အတွက် ဘုရားသခင်သည် နည်းလမ်းပြင်ဆင်ပေးခဲ့သည်။

**အဓိကသော့ချက်ကျမ်း** ***ရှင်ယောဟန်၊ ၃း၁၄***
**ဖတ်ရန်ကျမ်းညွှန်း** ***တောလည်ရာ၊ ၂၁း ၄-၉***

## သင်ခန်းစာကို အစပြုမိတ်ဆက်ပေးပါ။

ကျွန်ုပ်တို့သည် တခါတရံတွင် တူညီသည့်အမှားများကို ထပ်ခါထပ်ခါ ပြုလုပ်တက်ကြသည်။ ဣသရေလလူတို့သည် အဲဂုတ္တုမှ သယ်ဆောင်လာသည့် စားစရာများ ကုန်သွားသည့်အခါ မည်သည့်အရာ လုပ်ဆောင်ခဲ့ကြသည်ကို သင်မှတ်မိပါသလား။ မှန်ပါသည် သူတို့ငြီးတွားပြီး၊ ပြစ်တင်ဝေဖန်ခဲ့ကြပါသည်။ ယနေ့ ပုံပြင်တွင်လည်း သူတို့ ငြီးတွားပြီး၊ ပြစ်တင်ကြပြန်သည်။ အဘယ်ကြောင့် ထိုသို့ ဖြစ်ရသည်ကို ဆက်လက်လေ့လာကြပါစို့။

**သို့မဟုတ်**

မြွေကိုက်ခံရပါက ဆေးရုံသို့ အချိန်မီရောက်ရှိရန် လိုအပ်ပြီး၊ မြွေဆိပ်ဖြေဆေး ထိုးရမည်။ အချိန်မီမရောက်ရှိပါက အလွန်အန္တရာယ်ရှိသည့်အကြောင်းကို ပြောပါ။ ယနေ့ပုံပြင်တွင် မြွေကိုက်ခံရသည် သူများအတွက် အလွန်ထူးခြားသည့်နည်းလမ်းဖြင့် ဘုရားသခင် ကယ်တင်ခဲ့သည့် အကြောင်းကို တွေ့မည် ဖြစ်သည်။

## သင်ကြားပေးပါ။

- ဝမ်းနည်းစရာပင် ဣသရေလလူတို့သည် ဘုရားသခင် ပြင်ဆင်ပေးသည့် မန္နမုန့်ကို မနှစ်သက်ကြကြောင်း နှင့် အဲဂုတ္တုပြည်တွင် နေထိုင်ခြင်းသည် ပိုကောင်းကြောင်း ပြောပြီး ဘုရားသခင် နှင့် မောရှေကို ပြစ်တင်ဆန့်ကျင်ကြသည်။ သူတို့သည် မည်မျှမကောင်းသောသူများ ဖြစ်ကြပါသနည်း။ ***(တောလည်ရာ၊ ၂၁း၅)***
- ဤတစ်ကြိမ်တွင် ဘုရားသခင်သည် သူတို့အား စိတ်ဆိုးပြီး၊ အပြစ်ပေးရန် ဆုံးဖြတ်ခဲ့သည်။ မကြာမီအချိန်အတွင်းတွင် တပ်စခန်းအတွင်းသို့ အဆိပ်ပြင်းသည့် မြွေများ ကျူးကျော် ဝင်ရောက်လာခဲ့သည်။ *လူတို့တွင် မည်သည့်အရာ ဖြစ်မည်နည်း။* မှန်ပါသည် လူများအကိုက်ခံရပြီး၊ အများစု သေဆုံးခဲ့ကြရသည်။ ထိုသို့ ဖြစ်ရခြင်းမှာ သူတို့၏အမှားကြောင့် ဖြစ်သည်ကို ရှင်းလင်းစွာ သိလိုက်ကြသည်။ လူများတို့က မိမိတို့သည် အပြစ်ပြုမိကြောင်း နှင့် မြွေများအတွက် ဘုရားသခင်ထံ ဆုတောင်းပေးရန် မောရှေထံသို့ လာရောက်တောင်းဆိုခဲ့ကြသည်။ ***(တောလည်ရာ၊ ၂၁း ၆-၇)*** *ကျွန်ုပ်တို့သည် မှားယွင်းသည့်အခါ အပြစ်ဝန်ချ တောင်းပန်ခြင်းသည် မှန်ကန်သော စိတ်နေသဘောထားဖြစ်ကြောင်း ကလေးများ ကောင်းစွာနားလည်ရန် ကူညီပေးပါ။ ကျွန်ုပ်တို့၏ အပြစ်များကို ဝန်ချရန် လိုအပ်သည်။ ဘုရားသခင်၏ ကူညီမစမှုကို ကျွန်ုပ်တို့ တောင်းခံရမည် ဖြစ်သည်။*
- မောရှေသည် ဘုရားသခင်ထံ ဆုတောင်းပြီး နောက်တွင် ဘုရားသခင်သည် မောရှေအား ထူးဆန်းသည့်အရာတစ်ခုကို ပြုလုပ်ခိုင်းသည်။ မောရှေသည် ကြေးဝါဖြင့် မြွေရုပ်ကို ပြုလုပ်ပြီး တိုင်ပေါ်တွင် မြှောက်ထားကာ တပ်စခန်းတွင် ထောင်ထားရမည် ဖြစ်သည်။ တောက်ပနေသည့် မြွေရုပ်ကို လူတိုင်း မြင်နိုင်ရန် ဖြစ်သည်။ မီးမြွေကိုက်ခံရသောသူ မည်သူမဆို မြှောက်ထားသည့် ထိုကြေးဝါမြွေရုပ်အား ကြည့်လျှင် မသေဘဲ အသက်ချမ်းသာရမည် ဟု ဘုရားသခင်ကတိပေးခဲ့သည်။ ဘုရားသခင်၏ ကတိစကားကို ယုံကြည်ပြီး ကြည့်သောသူတို့သည် အသက်ချမ်းသာရကြသည်။ သေခြင်းမှ လွတ်မြောက်ရန် အတွက် မည်မျှ လွယ်ကူသည့် နည်းလမ်းဖြစ်ပါသနည်း။ ***(တောလည်ရာ၊ ၂၁း၈-၉)*** *(သင်ခန်းစာ မိတ်ဆက်ခြင်းတွင် သင်သည် ဒုတိယအကြံပြုခြင်းကို အသုံးပြုခဲ့လျှင် ယခုအဖြစ်အပျက်နှင့် သင် နှိုင်းယှဉ်ပြောပြနိုင်သည်။) ဣသရေလလူတို့သည် ဘုရားသခင်၏ လမ်းညွှန်မှုကို နာခံကြသည်ဟု သင်ထင်ပါသလား။ အဘယ်ကြောင့်နည်း။ သူတို့ အသက်ရှင်ရန် ဤနည်းလမ်းသည် တစ်ခုတည်းသော နည်းလမ်းဖြစ်သည်။ အခြားမည်သည့် နည်းလမ်းမဆို ကြိုးစား၍ မရနိုင်ပေ။*
- နှစ်ပေါင်းများစွာကြာပြီးနောက် ဤလောကတွင် သခင်ယေရှု အသက်ရှင်ခဲ့စဉ်အခါက အရေးကြီးသည့် သင်ခန်းစာကို လူတိုင်းထံ သင်ကြားရာတွင် ဤအဖြစ်အပျက်ကို သူ အသုံးပြုခဲ့သည်။ ကျွန်ုပ်တို့သည် ဣသရေလလူများကဲ့သို့ပင် ဖြစ်ကြသည်။ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်တို့သည် အပြစ်သားများ ဖြစ်ကြပြီး ဘုရားသခင်ကို ဆန့်ကျင်နေကြသည့်အတွက် အပြစ်ဒဏ်ခံရမည့်သူများ ဖြစ်သည်။ သို့သော် ထိုအပြစ်ဒဏ်မှ လွတ်မြောက်နိုင်သည့် လမ်းကို ဘုရားသခင် ပြင်ဆင်ပေးခဲ့သည်။ ကျွန်ုပ်တို့၏ အပြစ်အတွက် သခင်ယေရှု အသေခံသည့်အခါတွင်လည်း ထိုကဲ့သို့ပင် “မြှောက်ထားခြင်း” ကို ခံရမည်ဖြစ်ကြောင်း သခင်ယေရှုသည် ထိုအချိန်၌ရှင်းပြခဲ့သည်။ ကျွန်ုပ်တို့အပြစ်အတွက် သခင်ယေရှု ပေးဆက်ခဲ့သည့်အရာကို ကျွန်ုပ်တို့ ယုံကြည်ကိုးစားလျှင် ဘုရားသခင်သည် ကျွန်ုပ်တို့ကို ကယ်တင်ပြီး ထာဝရအသက်ကို ပေးမည် ဖြစ်သည်။ ကျွန်ုပ်တို့ ကယ်တင်ခြင်း ခံစားရနိုင်ရန် တစ်ခုတည်းသောနည်းလမ်းမှာ သခင်ယေရှုအားဖြင့်သာ ဖြစ်ကြောင်း ရည်ညွှန်းပြောပြပါ။ *သခင်ယေရှုကို ယုံကြည်လက်ခံရန် လိုအပ်ကြောင်း ကလေးများကို တိုက်တွန်းခွန်အားပေးပါ။*

**သင်ခန်းစာကို ပြီးမြောက်စေပါ။**

**ပြပါ။** FBI မောရှေ နှင့် ကြေးဝါမြွေရုပ်

## သင်ယူစေပါ

အဓိကသော့ချက်ကျမ်းဖြစ်သော ***ရှင်ယောဟန်၊ ၃း ၁၄*** ၏ လိုအပ်သောအပိုင်းကို ရှင်းပြပြီး၊ သင်ပေးပါ။ ဤစကားများသည် သခင်ယေရှု၏ စကားတော်များ ဖြစ်ကြောင်း ဖော်ပြပါ။ သူသည် လက်ဝါးကပ်တိုင်ပေါ်၌ မြှောက်ထားခြင်းခံသည့်အချိန်တွင် ကျွန်ုပ်တို့ကို မည်သို့ ကယ်တင်သွားမည်ဖြစ်ကြောင်း သူရှင်းပြခဲ့သည်။

## သင်ခန်းစာကို မှတ်မိသတိရစေပါ။

ကလေးများသည် အဖွဲ့ငယ်နှစ်ဖွဲ့ခွဲ၍ တစ်ဖွဲ့သည် စက္ကူဖြင့် တိုင်တွင်ထောင်ထားသည့် ကြေးဝါမြွေရုပ် ပြုလုပ်ပြီး၊ ကျန်တစ်ဖွဲ့သည် လက်ဝါးကပ်တိုင် ပြုလုပ်နိုင်သည်။ လက်မှုပြီးမြောက်သည့်အခါ ကျမ်းချက်ပါ ဖော်ပြနိုင်သည်။

**သို့မဟုတ်** ခ၁၁ ပုံပြင်များမှ မေးခွန်းများကို အခြေခံပြီး နှုတ်ဖြေမေးခွန်းများ သင်မေးနိုင်သည်။

ခ၁၁ ပုံပြင်တွင် ဤမေးခွန်းများကို ထည့်သွင်းမေးမြန်နိုင်သည်။

- ဤတစ်ကြိမ်တွင် ဣသရေလလူတို့သည် မည်သည့်အတွက် ငြီးတွားပြစ်တင်ကြသနည်း။
- ဘုရားသခင်သည် သူတို့အား မည်သို့ အပြစ်ပေးသနည်း။
- လူများတို့သည့် မြွေဆိပ်ပြေရန်အတွက် မည်သည့်အရာ လုပ်ဆောင်ရန် လိုအပ်သနည်း။
- ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ အပြစ်ဒဏ်များမှ မည်သို့ လွတ်မြောက်နိုင်သနည်း။

## ခ ၁၂ ပုံပြင် ၁

ယောသပ် နှင့် ကောင်းကင်တမန် - ဤပုံပြင်သည် ခက်ခဲသည့်အချိန်မှာပင် ဘုရားသခင်၏စကားကို ယောသပ် နားထောင်သည့် အကြောင်းဖြစ်သည်။

**ကျွန်ုပ်တို့ သင်ယူသွားမည့်အရာ။**

- ‘ယေရှု’ အမည်၏ အဓိပ္ပာယ်မှာ ‘ကယ်တင်ရှင်’ ဖြစ်သည်။
- ယောသပ်ကဲ့သို့ပင် ကျွန်ုပ်တို့သည် ဘုရားသခင်၏ စကားကို အမြဲနားထောင်၊ နာခံရမည်ဖြစ်သည်။

**အဓိကသော့ချက်ကျမ်း** ***ရှင်မဿဲ၊ ၁း ၂၁***
**ဖတ်ရန်ကျမ်းညွှန်း** ***ရှင်မဿဲ၊ ၁း ၁၈-၂၅***

### သင်ခန်းစာကို အစပြုမိတ်ဆက်ပေးပါ။

အမည်နာမများ အကြောင်း ပြောပါ။ ကလေးများသည် သူတို့အမည်များ၏ အဓိပ္ပာယ်ကို သိမသိ မေးပါ။ အဘယ်ကြောင့် အမည်ပေးရသည့် အကြောင်းအရင်းကိုလည်း မေးပါ။ ယနေ့တွင် သမ္မာကျမ်းစာထဲတွင် ဖော်ပြထားသည့် ထူးခြားသည့်အမည်ကို ပေးထားသည် ထူးခြားသည့် ကလေးငယ်တစ်ဦးအကြောင်းကို သင်ယူလေ့လာ သွားမည်ဖြစ်ကြောင်း ကလေးများကို ရှင်းပြပါ။ ထိုပုံပြင်သည် မည်သူ၏အကြောင်း ဖြစ်ကြောင်း ကလေးများကို ခန့်မှန်းခိုင်းပါ။

### သင်ကြားပေးပါ။

- ယောသပ် နှင့် မာရိတို့သည် လက်ထပ်ရန် ရည်ရွယ်ထားသည့် သူများ ဖြစ်ကြသည်။ သို့သော် မာရိသည် မိမိတွင် ကိုယ်ဝန်ရှိနေပြီးဖြစ်ကြောင်း ယောသပ်ထံ ပြောပြခဲ့သည်။ ယောသပ်သည် မိမိမှာ ကလေးအဖေ မဟုတ်ကြောင်းကို သိသည်။ ထို့အတွက်ကြောင့် သူသည် မာရိအား လက်မထပ်ရန် ဆုံးဖြတ်ခဲ့သည်။ ***(ရှင်မဿဲ၊ ၁း ၁၈-၁၉)***
- တစ်ညတွင် ယောသပ် အိပ်မက်မြင်မက်ခဲ့သည်။ ကောင်းကင်တမန်သည် ပေါ်လာပြီး သူထံ စကားပြောခဲ့သည်။ ကောင်းကင်တမန်ကလည်း “သင်၏ခင်ပွန်း မာရိကို ထိန်းသိမ်းရမည့်အခွင့်ကို မစိုးရိမ်နှင့်။ ဤပဋိသန္ဓေသည် သန့်ရှင်းသောဝိညာဉ်တော်ကြောင့် ဖြစ်၏။” ***(ရှင်မဿဲ၊ ၁း၂၀)*** *ဤအဓိပ္ပာယ်မှာ ထိုကလေးသည် ဘုရားသခင်၏ သားတော်ဖြစ်သည်ဟု ဆိုလိုခြင်းဖြစ်ကြောင်း ရှင်းပြပါ။*
- ထိုသားသည် မိမိလူတို့ကို အပြစ်မှ ကယ်ချွတ်မည့်သူ ဖြစ်သောကြောင့် သူ၏ အမည်ကို ‘ယေရှု’ ဟူသောအမည်ဖြင့် မှည့်ခေါ်ရမည်ဟု ကောင်းကင်တမန် ဆိုသည်။ ***(ရှင်မဿဲ၊ ၁း၂၁)*** *ယေရှုအမည်၏ အဓိပ္ပာယ်မှာ “ကယ်တင်ရှင်” ဖြစ်ကြောင်း ကလေးများကို ရှင်းပြပါ။ ကယ်တင်ရှင် ဆိုသည်မှာ မည်သို့သောသူ ဖြစ်ကြောင်း ဆွေးနွေးပါ။ (နေ့စဉ်အသက်တာ အသက်ရှင်လှုပ်ရှားသည့်အခါ -ဥပမာ အန္တရာယ်နှင့် ကြုံတွေ့နေရသောသူတစ်ဦးသည် သူ့အားကယ်တင်မည့်သူ လိုအပ်သည်။) ကျွန်ုပ်တို့သည် အဘယ်ကြောင့် ကယ်တင်ရှင် လိုအပ်ရခြင်း ဖြစ်သနည်း။ ကလေးများကို မေးပါ။ (ဥပမာ-ကျွန်ုပ်တို့သည် အပြစ်သားများ ဖြစ်သောကြောင့် ဖြစ်သည်။) ကျွန်ုပ်တို့၏ ကယ်တင်ရှင် ဖြစ်ရန်အတွက် သခင်ယေရှုသည် မည်သည့်အရာ လုပ်ဆောင်ခဲ့သည်ကို ကလေးများထံ မေးပါ။ (ဥပမာ - ယေရှုသည် ကောင်းကင်မှ ဆင်းကြွလာခဲ့သည်။ ကျွန်ုပ်တို့အပြစ်အတွက် လက်ဝါးကပ်တိုင်ပေါ်တွင် အသေခံခဲ့သည်။)*
- ယောသပ်သည် အိပ်မက်မှ နိုးထလာသည့်အခါ၊ သူထံ ကောင်းကင်တမန် မိန့်တော်မူသည့်အတိုင်း မာရိအား သူ လက်ထပ်လိုက်သည်။ အချိန်တန်သည့်အခါ သားယောက်ျားလေး မွေးဖွားလာပြီး၊ ယောသပ်သည် ‘ယေရှု’ ဟူသောအမည်ဖြင့် မှည့်ခေါ်ခဲ့သည်။ ***(ရှင်မဿဲ၊ ၁း ၂၄-၂၅)*** *ယောသပ် လက်ခံရရှိသည့် လမ်းညွှန်မှုမှာ မည်သို့သော လမ်းညွှန်မှုဖြစ်ကြောင်း ကလေးများထံ မေးပါ။ ထို့နောက် ယောသပ် မည်သို့ နာခံခဲ့သည့်အကြောင်း ဆွေးနွေးပါ။ ကျွန်ုပ်တို့သည် သမ္မာကျမ်းစာထဲရှိ လမ်းညွှန်မှုများကို နားထောင်ပြီး နာခံလိုက်လျှောက်ရန် မည်မျှအရေးကြီးကြောင်း ကလေးများကို ရှင်းပြပါ။ ကျွန်ုပ်တို့ နာခံလိုက်နာရန် ကျမ်းစာထဲတွင် လမ်းညွှန်ထားသည့် နည်းလမ်းအချို့ကို အတူတကွ စာရင်း ပြုစုပါ။*

**သင်ခန်းစာကို ပြီးမြောက်စေပါ။**
**ပြပါ။** FBI ကောင်းကင်တမန်သည် ယောသပ်ထံ ထင်ရှားခဲ့သည်။

### သင်ယူစေပါ

အဓိကသော့ချက်ကျမ်းဖြစ်သော ***ရှင်မဿဲ၊ ၁း ၂၁*** ၏ လိုအပ်သောအပိုင်းကို ရှင်းပြပြီး၊ သင်ပေးပါ။

### သင်ခန်းစာကို မှတ်မိသတိရစေပါ။

ပုံပြင်အား ပြန်လည်သုံးသပ်သည့်အနေဖြင့် ကလေးများထံ အောက်ပါမေးခွန်းများကို မေးပါ။

- ယောသပ် လက်ထပ်မည့်သူမှာ မည်သူနည်း။
- မာရိသည် ယောသပ်ထံ မည်သည့်သတင်းစကားကို ပြောခဲ့သနည်း။
- ဘုရားသခင်သည် ယောသပ်ထံ မည်သို့ စကားပြောခဲ့သနည်း။
- ကလေးငယ်၏ ဖခင်မှာ မည်သူနည်း။
- ကလေးငယ်၏ အမည်ကို မည်သို့ မှည့်ခေါ်ရမည်နည်း။
- ‘ယေရှု’ ၏ အဓိပ္ပာယ်မှာ အဘယ်နည်း။
- ယောသပ်သည် အိပ်မက်မှ နိုးထလာသည့်အခါ မည်သည့်အရာ လုပ်ဆောင်ခဲ့သနည်း။
- ကျွန်ုပ်တို့ နာခံလိုက်နာရန် ကျမ်းစာထဲတွင် လမ်းညွှန်ထားသည့် နည်းလမ်းတစ်ခုကို ပြောပါ။

<u>ခ ၁၂ ပုံပြင် ၂</u>

ဟေရုဒ်မင်း နှင့် ပညာရှိများ - ဤပုံပြင်သည်   ယေရှုအား ပညာရှိများ ကြိုးစားရှာဖွေသည့် အကြောင်းဖြစ်သည်။

**ကျွန်ုပ်တို့ သင်ယူသွားမည့်အရာ။**

- ယေရှုသည် ဘုရင်တကာ၏ ဘုရင် ဖြစ်သည်။
- ယေရှုသည် ကိုးကွယ်ရန် ထိုက်တန်သောသူ ဖြစ်သည်။

**အဓိကသော့ချက်ကျမ်း** ***ရှင်မဿဲ ၂း ၂***
**ဖတ်ရန်ကျမ်းညွှန်း** ***ရှင်မဿဲ ၂း ၁-၈***

**သင်ခန်းစာကို အစပြုမိတ်ဆက်ပေးပါ။**

အရေးပါသည့် ပုဂ္ဂိုလ်များအကြောင်း ကလေးများကို မေးပါ။ ထိုသူတို့ကို စာရင်းပြုစုပါ။
ဆွေးနွေးပါ။ - ထိုသူများထဲမှ တစ်ဦးဦးကို သင်မြင်တွေ့လိုပါသလား။ အကယ်၍ မြင်တွေ့ရပါက သင်ဘာပြောမည်နည်း။ သင်ဘာလုပ်မည်နည်း။ ထိုသူတို့အား သင် မည်သို့ ဆက်ဆံ မည်နည်း။
ထာဝရအသက်ရှင်သည့် အရေးပါသည့် ပုဂ္ဂိုလ်တစ်ဦးအား ရှာဖွေရန် ခရီးထွက်ခဲ့သည့် လူအချို့အကြောင်းကို ကျွန်ုပ်တို့ လေ့လာသွားမည် ဖြစ်ကြောင်း ကလေးများထံ ပြောပြပါ။

**သင်ကြားပေးပါ။**

- ကြယ်အသစ်တစ်လုံးသည် ကောင်းကင်တွင် ပေါ်ထွန်းလာသည်။ ထိုကြယ်အသစ် ပေါ်ထွန်းခြင်းသည် ရှင်ဘုရင်အသစ် ပေါ်ထွန်းမည့် လက္ခဏာဖြစ်သည် ဟု အရှေ့ပြည်တွင် နေထိုင်ကြသည့် ပညာရှိများက သိကြသည်။ ရှင်ဘုရင် အသစ်ကို ရှာဖွေရန်အတွက် သူတို့သည် ယေရုရှလင်သို့ ခရီးထွက်ခဲ့ကြသည်။ သူတို့သည် ဟေရုဒ်မင်းထံသို့ဝင်ပြီး "ယခုဖွားမြင်သော ယုဒရှင်ဘုရင်သည် အဘယ်မှာ ရှိတော်မူသနည်း။ အရှေ့ပြည်၌ သူ၏ကြယ်ကို ငါတို့မြင်ရသည်ဖြစ်၍ ဖူးတွေ့ပူဇော်ခြင်းငှါ ရောက်လာပြီးဟု မေးမြန်းပြောဆိုကြ၏" ***(ရှင်မဿဲ ၂း ၁-၂)*** *သူတို့မေးသည့် ယုဒရှင်ဘုရင်အသစ်မှာ ဘုရားသခင်၏ သားတော် ယေရှု ဖြစ်ကြောင်း ကလေးများထံ ရှင်းပြပေးပါ။ ယေရှုသည် အခြားသော ရှင်ဘုရင်များနှင့်သာ၍ ကြီးမြတ်သော ဘုရင်ဖြစ်သည်။ ပြီးခဲ့သည့် ပုံပြင်မှာ ယေရှုအမည်၏ အဓိပ္ပာယ်ကို ကလေးများမှတ်မိပါက ပြန်ပြောစေပါ။ ပညာရှိများသည် ရှင်ဘုရင်အား ဖူးတွေ့ပူဇော်လိုသည် ဟု ပြောသည့်အချိန်တွင် ပညာရှိများသည် မည်သည့်အဓိပ္ပာယ်ကို ဆိုလိုခြင်းဖြစ်ကြောင်း ဆွေးနွေးပါ။*
- ဟေရုဒ်မင်းသည် ရှင်ဘုရင်အသစ်သတင်းကို ကြားသည့်အခါ အလွန်တုန်လှုပ်ခဲ့သည်။ သူသည် မည်သူတစ်ဦးတစ်ယောက်မျှ သူ၏နေရာတွင် ရှင်ဘုရင်အဖြစ် အစားမထိုးလိုပေ။ သူ၏ အကြံပေးပုဂ္ဂိုလ်အချို့ကို ခေါ်လိုက်ပြီး၊ ရှင်ဘုရင်အသစ်သည် မည်သည့်နေရာတွင် မွေးဖွားကြောင်း မေးမြန်းခဲ့သည်။ သူတို့သည် ကျမ်းစာတွင် ရှာဖွေကြသည့်အခါ ဗက်လင်မြို့ ရှင်ဘုရင်မွေးဖွားလာမည့်အရာကို ရှာဖွေတွေ့ရှိခဲ့ကြသည်။ ***(ရှင်မဿဲ ၂း ၃-၆)***
- ဟေရုဒ်မင်းသည် ပညာရှိများ ခေါ်ပြီး၊ "သင်တို့သွား၍ ထိုသူငယ်ကို ကြိုးစား ရှာကြပါ။ တွေ့လျှင် ငါ့ထံသို့ပြန်လာ၍ ငါလည်း ထိုသူငယ်ကို ဖူးတွေ့ပူဇော်ရအောင် ကြားပြောကြပါဟု မှာထားတော်မူလျက်၊ ဗက်လင်မြို့သို့ စေလွှတ်လေ၏။" ***(ရှင်မဿဲ ၂း ၇-၈)*** *ဟေရုဒ်မင်းသည် အမှန်တကယ် ယေရှုအား ဖူးတွေ့ပူဇော်လိုခြင်း မဟုတ်ပေ။ ယေရှုအား သတ်လိုခြင်းသာ ဖြစ်ကြောင်း ရှင်းပြပါ။ ဟေရုဒ်မင်းသည် ရှင်ဘုရင်အသစ်ကို အဘယ်ကြောင့် သတ်လိုရခြင်းဖြစ်သနည်း။ ကလေးများ၏ အမြင်ကို မေးပါ။ ယနေ့တွင်ပင် လူများစွာတို့သည် ယေရှုအား ကောင်းမွန်စွာ ဆက်ဆံသင့်သည့်အတိုင်း မဆက်ဆံကြပေ။ သို့သော် ကျွန်ုပ်တို့သည် ပညာရှိများကဲ့သို့ ယေရှုအား ချစ်ရန် နှင့် ကိုးကွယ်ရန် ဘုရားသခင် အလိုတော်ရှိသည်။*

**သင်ခန်းစာကို ပြီးမြောက်စေပါ။**
**ပြပါ။** FBI ပညာရှိများ ယေရှုအား ကိုးကွယ်သည်။

**သင်ယူစေပါ**

အဓိကသော့ချက်ကျမ်းဖြစ်သော ***ရှင်မဿဲ ၂း၂*** ၏ လိုအပ်သောအပိုင်းကို ရှင်းပြပြီး၊ သင်ပေးပါ။

**သင်ခန်းစာကို မှတ်မိသတိရစေပါ။**

ပုံပြင်အား ပြန်လည်သုံးသပ်သည့်အနေဖြင့် ကလေးများထံ အောက်ပါမေးခွန်းများကို မေးပါ။

- ကောင်းကင်တွင် မည်သည့်အရာ ပေါ်ထွန်းခဲ့သနည်း။
- ပညာရှိများသည် မည်သည့်အရပ်မှာ ရောက်ရှိလာကြသနည်း။
- ပညာရှိများသည် ရှင်ဘုရင်အသစ်ကို ရှာဖွေရန် မည်သည့်နေရာသို့ သွားခဲ့ကြသနည်း။
- ပညာရှိများ သွားရောက်တွေ့ဆုံခဲ့သည့် ရှင်ဘုရင်မှာ မည်သူနည်း။
- ရှင်ဘုရင်အသစ်ပေါ်ထွန်းသည့် သတင်းကိုကြားသည့်အခါ ဟေရုဒ်မင်း မည်သို့ခံစားခဲ့သနည်း။
- ရှင်ဘုရင်အသစ်သည် မည်သည့်မြို့တွင် မွေးဖွားလာသည်ဟု ရှာဖွေဖော်ထုတ်နိုင်ခဲ့သနည်း။
- ဟေရုဒ်မင်းသည် ပညာရှိများထံ မည်သည့်စကား မှာကြားလိုက်သနည်း။
- အခြားသော ရှင်ဘုရင်အပေါင်းထက် သာ၍ကြီးမြတ်သော ရှင်ဘုရင်မှာ မည်သူနည်း။

## <u>၁ ၁၂ ပုံပြင် ၃</u>

ပညာရှိများ နှင့် ယေရှု - ဤပုံပြင်သည် ပညာရှိများ ကြယ်နောက်သို့လိုက်ခြင်းဖြင့် ယေရှုအား ရှာဖွေတွေ့ရှိသည့် အကြောင်းဖြစ်သည်။

**ကျွန်ုပ်တို့ သင်ယူသွားမည့်အရာ။**

- ပညာရှိများသည် ယေရှုအား ဖူးတွေ့ကိုးကွယ်ကြပြီး အထူးကောင်းမွန်သည့် လက်ဆောင်များ ဆက်သခဲ့ကြသည်။ အဘယ်ကြောင့်ဆိုသော် ယေရှုသည် မွေးဖွားသမျှကလေးအားလုံးထဲတွင် အလွန်အရေးပါသည့် ကလေးဖြစ်သောကြောင့် ဖြစ်သည်။
- ယနေ့ပင်လျှင် ကျွန်ုပ်တို့သည် သူပြုခဲ့သမျှအရာများကို ပြန်လည်ရေတွက်ခြင်း၊ နှင့် သူ၏အလိုတော်ကို ဆောင်ခြင်းအားဖြင့် ယေရှုအား ကိုးကွယ်နိုင်သည်။

**အဓိကသော့ချက်ကျမ်း** *ရှင်မဿဲ ၂း ၁၁*

**ဖတ်ရန်ကျမ်းညွှန်း** *ရှင်မဿဲ ၂း ၉ - ၁၂*

### သင်ခန်းစာကို အစပြုမိတ်ဆက်ပေးပါ။

ဆွေးနွေးပါ။ - သင်လက်ခံရရှိဘူးသည့် အကောင်းဆုံးလက်ဆောင်မှာ မည်သည့်အရာ ဖြစ်သနည်း။ (ကလေးများအား သူတို့ရရှိဘူးသည့် လက်ဆောင်များကို ရေးဆွဲစေခြင်းဖြင့် ဖော်ပြစေနိုင်သည်။) သင်သည် မွေးကင်းစ ကလေးလေးအား သွားရောက်ဂုဏ်ပြုမည် ဆိုပါက မည်သည့်လက်ဆောင်မျိုး ပြင်ဆင်သွားမည်နည်း။

ယနေ့တွင် ပညာရှိများ ယေရှုထံ ဆက်ကပ်ပူဇော်ခဲ့သည့် လက်ဆောင်များအကြောင်းကို သင်ယူလေ့လာသွားမည် ဖြစ်ကြောင်း ကလေးများထံ ရှင်းပြပါ။ ပြီးခဲ့သည့် ပုံပြင်တွင် ကလေးများသင်ယူခဲ့ရသည့် ပညာရှိများ အကြောင်းကို ပြန်မေးပါ။

### သင်ကြားပေးပါ။

- ပညာရှိများသည် ဟေရုဒ်မင်ကြီးကို ထားခဲ့ပြီး မိမိတို့၏ခရီးကို ရှေ့ဆက်ခဲ့ကြသည်။ သူတို့သည် ကြယ်ကို တဖန် မြင်ခဲ့ကြပြီး၊ ထိုကြယ်သည် ယေရှု ရှိသည့်နေရာကို ရှာတွေ့ရန် လမ်းညွှန်ပေးသည့် ကြယ်ဖြစ်သည်။ ကြယ်ကို မြင်ပြန်သောအခါ ပညာရှိများသည် အလွန်ဝမ်းမြောက်ဝမ်းသာ ဖြစ်ခဲ့ရပြီး၊ စိတ်လှုပ်ရှာခဲ့ကြသည်။ ***(ရှင်မဿဲ ၂း ၉-၁၀)*** *ဆွေးနွေးပါ။ - ပညာရှိများသည် ကြယ်ကို မြင်ပြန်သောအခါ ဝမ်းမြောက်ပြီး၊ စိတ်လှုပ်ရှာခဲ့ရခြင်းမှာ အဘယ်ကြောင့်နည်း။ သင်မည်သို့ထင်ပါသနည်း။*
- ယောသပ်၊ မာရိ နှင့် သူငယ်တော် ယေရှု တို့နေထိုင်သည့် ဗက်လင်မြို့ရှိ အိမ်သို့ ပညာရှိများ ရောက်ရှိလာကြသည်။ သူတို့သည် အိမ်အတွင်းသို့ ဝင်ခဲ့ကြပြီး၊ ယေရှုအား တွေ့သည့်အခါ ပြပ်ဝပ်ကိုးကွယ်ကြသည်။ သူတို့သည် ယေရှုအား ရွှေ၊ လောဗန်၊ မုရန် စသည့် လက်ဆောင် သုံးခုကို ဆက်သခဲ့ကြသည်။ ***(ရှင်မဿဲ ၂း ၁၁)*** *ကလေးငယ်များထံ သူတို့ပေးလေ့ရှိသော လက်ဆောင်များ နှင့် ဤလက်ဆောင်များသည် တူညီမှုရှိပါသလား ဟု ကျောင်းသားများထံမေးပါ။ ဤလက်ဆောင် သုံးခုသည် အင်မတန်မှ တန်ဖိုးကြီးလှပါသည်။ ဤလက်ဆောင်များသည် ရှင်ဘုရင်များကိုသာ ပေးလေ့ရှိသော လက်ဆောင်များ ဖြစ်ကြောင်း ရှင်းပြပါ။ ဆွေးနွေးပါ - ပညာရှိများသည် ဤလက်ဆောင်များကို အဘယ်ကြောင့် ပေးရခြင်းဖြစ်သနည်း။ ပညာရှိများပေးသည့် လက်ဆောင်ကဲ့သို့ ကျွန်ုပ်တို့မပေးနိုင်ပါ။ သို့သော် ကျွန်ုပ်တို့အတွက် ဘုရားသခင်ပြုသည့် အရာများအတွက် ကျေးဇူးတော်ချီးမွမ်းခြင်းဖြင့် ဘုရားသခင်ကို ကျွန်ုပ်တို့ ကိုးကွယ်နိုင်ပါသည်။ ဘုရားသခင်၏ အလိုတော်အတိုင်း အသက်ရှင်နေထိုင်ခြင်းဖြင့် ဘုရားသခင်ကို ကျွန်ုပ်တို့ ကိုးကွယ်နိုင်ပါသည်။*
- အချိန်အနည်း ကြာပြီးနောက်တွင် ပညာရှိများ အိမ်သို့ပြန်ရန် အချိန်ကျရောက်လာပြီး ဖြစ်သည်။ သူငယ်တော်အား တွေ့ရှိသည့်နေရာကို ပြန်လာပြီး ပြောပြရန် ဟေရုဒ်မင်းသည် သူတို့အား မှာလိုက်သည်။ သို့သော် ဘုရားသခင်သည် သူတို့အား ဟေရုဒ်မင်းထံ ပြန်မသွားရန် အိပ်မက်အားဖြင့် သတိပေးခဲ့သည်။ ထို့ကြောင့် သူတို့သည် အခြားသောလမ်းဖြင့် မိမိတို့အိမ်သို့ ပြန်သွားခဲ့ကြသည်။ ***(ရှင်မဿဲ ၂း ၁၂)*** *ဆွေးနွေးပါ - ပညာရှိများသည် အိမ်အပြန်လမ်းခရီးတွင် မည်သို့ ခံစားနေကြမည်နည်း။ သူတို့သည် မိမိတို့အိမ်သို့ ပြန်ရောက်သည့်အခါ လူများကို မည်သည့်အရာများ ပြောပြကြမည်နည်း။ သင်မည်သို့ ထင်မြင်ပါသနည်း။*

**သင်ခန်းစာကို ပြီးမြောက်စေပါ။**

**ပြပါ။** FBI ပညာရှိများ ယေရှုအား ကိုးကွယ်သည်။

### သင်ယူစေပါ

အဓိကသော့ချက်ကျမ်းဖြစ်သော ***ရှင်မဿဲ ၂း ၁၁*** ၏ လိုအပ်သည့်အပိုင်းကို ရှင်းပြပြီး၊ သင်ပြပေးပါ။.

### သင်ခန်းစာကို မှတ်မိသတိရစေပါ။

ပုံပြင်အား ပြန်လည်သုံးသပ်သည့်အနေဖြင့် ကလေးများထံ အောက်ပါမေးခွန်းများကို မေးပါ။

- ပညာရှိများသည် ကောင်းကင်တွင် မည်သည့်အရာကို တဖန်မြင်ပြန်ခဲ့သနည်း။
- သူတို့သည် ကြယ်ကို မြင်ပြန်သောအခါ မည်သို့ ခံစားခဲ့ကြသနည်း။
- ကြယ်သည် သူတို့အား မည်သည့်အရပ်သို့ ခေါ်ဆောင်သွားခဲ့သနည်း။
- အိမ်ထဲတွင် မည်သူ ရှိသနည်း။
- ပညာရှိများသည် ယေရှုအား တွေ့ကြသည့်အခါ မည်သည့်အရာ လုပ်ဆောင်ခဲ့ကြသနည်း။
- သူတို့သည် ယေရှုအား လက်ဆောင် မည်မျှ ပေးခဲ့ကြသနည်း။
- ထိုလက်ဆောင်များထဲမှ တစ်ခုအမည်ကို ဖော်ပြပါ။
- ပညာရှိများသည် မိမိတို့အိမ်သို့ အခြားသောလမ်းဖြင့် ပြန်ရမည်ကို မည်သို့ သိကြသနည်း။

## <u>ခ ၁၂ ပုံပြင် ၄</u>

အဲဂုတ္တုသို့ ထွက်ပြေး လွတ်မြောက်ခြင်း - ဤပုံပြင်သည်  သူ၏သားတော်ကို ဘုရားသခင် ကွယ်ကာစောင့်ရှောက်သည့် အကြောင်းဖြစ်သည်။

**ကျွန်ုပ်တို့ သင်ယူသွားမည့်အရာ။**

- ဘုရားသခင်သည် သူ၏ သားတော်ကို စောင့်ရှောက်တော်မူသည်။
- ကျွန်ုပ်တို့သည် ယောသပ်၊ မာရိ၊ ယေရှုတို့ကဲ့သို့ပင် ဘုရားသခင်၏ အလိုတော်ကို ဆောင်သင့်သည်။

**အဓိကသော့ချက်ကျမ်း** ***ရှင်မဿဲ၊ ၂း ၁၅***
**ဖတ်ရန်ကျမ်းညွှန်း** ***ရှင်မဿဲ၊ ၂း ၁၃- ၂၃***

**သင်ခန်းစာကို အစပြုမိတ်ဆက်ပေးပါ။**

သူတို့ မြင်မက်ဘူးသည့် အိပ်မက်များအကြောင်း ကလေးများကို မေးပါ။
သမ္မာကျမ်းစာအချိန်ကာလတွင် ဘုရားသခင်၏ လူများမြင်မက်သည့် အိပ်မက်များသည် အထူးအဓိပ္ပာယ်ရှိသည်။ ကလေးများ သင်ယူလေ့လာခဲ့ပြီးဖြစ်သည့် ပုံပြင်များမှ အိပ်မက်များအကြောင်း ပြန်မေးပါ။ (ယောသပ်၏ အိပ်မက်၊ ပညာရှိများ၏ အိပ်မက်) ယနေ့တွင် အခြားသောအိပ်မက်အကြောင်းကို သင်ယူလေ့လာသွားမည် ဖြစ်သည်။

**သင်ကြားပေးပါ။**

- ပညာရှိများ ထွက်ခွါသွားပြီးနောက်တွင် ယောသပ်သည် အခြားသောအိပ်မက်တစ်ခုကို မြင်မက်ခဲ့သည်။ ဟေရုဒ်မင်းသည် အလွန်စိတ်ဆိုးနေပြီး၊ ယေရှုအား သတ်ရန် ကြိုးစားနေသည့်အကြောင်းကို ဘုရားသခင်သည် အိပ်မက်အားဖြင့် ယောသပ်ထံ ပြောပြခဲ့သည်။ ဘေးကင်းလုံခြုံရန်အတွက် ယေရှု နှင့် မာရိအား အဲဂုတ္တုပြည်သို့ ခေါ်ဆောင်သွားရန် လိုအပ်ကြောင်း ဘုရားသခင်သည် ယောသပ်ထံ ပြောခဲ့သည်။ ***(ရှင်မဿဲ၊ ၂း၁၃)*** *ဆွေးနွေးပါ။ - ဤအိပ်မက်ကို မြင်မက်သည့်အခါ ယောသပ် မည်သို့ ခံစားနေမည်နည်း။ သင်အဘယ်သို့ ထင်ပါသနည်း။*
- ထို့နောက် ယောသပ်သည် ဘုရားသခင်၏ စကားတော်အတိုင်း သူ၏မိသားစုကို အဲဂုတ္တုပြည်သို့ ခေါ်ဆောင်သွားခဲ့သည်။ သူတို့သည် ဟေရုဒ်မင်း အနိစ္စရောက်သည့်တိုင်အောင် အဲဂုတ္တုပြည်တွင် နေထိုင်ခဲ့ကြသည်။ ***(ရှင်မဿဲ၊ ၂း ၁၄-၁၅)*** *ဆွေးနွေးပါ - အကယ်၍ ယောသပ်သည် အိပ်မက်အားဖြင့် ဘုရားသခင်၏ သတိပေးစကားကို နားမထောင်ခဲ့ပါက မည်သည့်အရာ ဖြစ်လာလိမ့်မည်ဟု သင်ထင်ပါသနည်း။ ဘုရားသခင်၏ အလိုတော်အတိုင်း ယောသပ် လုပ်ဆောင်သည့်အလုပ်သည် အလွန်အရေးကြီးသည့် အလုပ်ဖြစ်သည်။ သခင်ယေရှု မမွေးဖွားမီ ရာစုနှစ်များစွာက ယေရှုနှင့် ပတ်သက်သည့် ကြိုတင် ပရောဖက်ပြုချက်များ အကြောင်းကို ကလေးများထံ ပြောပြပေးပါ။ အဲဂုတ္တုပြည်တွင် သွားရောက်နေထိုင်ခဲ့သည့်အကြောင်း ဖော်ပြသည့် သော့ချက်ကျမ်း ကို ရှင်းပြပါ။ ဟေရုဒ်သည် ယေရှုအား မည်သို့ ကြိုးစားနှောက်ယှက်မည်ကို ဘုရားသခင် သိထားသည်။ ဖြစ်ပျက်ခဲ့သည့် အခြေအနေအရပ်ရပ်၌ဘုရားသခင်သည် သူ၏ သားတော်ကို ကာကွယ်စောင့်ရှောက်ခဲ့သည်။*
- ဟေရုဒ်မင်း အနိစ္စရောက်ပြီးနောက်တွင် ယောသပ်၊ မာရိ နှင့် ယေရှုတို့သည် ပြန်လာကြပြီး နာဇရက် အမည်ရှိသောမြို့တွင် နေထိုင်ခဲ့ကြသည်။ ***(ရှင်မဿဲ၊ ၂း ၁၉-၂၃)*** *ယေရှုသည် နာဇရက်တွင် ကြီးပြင်းခဲ့စဉ်အခါက မိဘများ၏ စကားကိုနားထောင်ခဲ့ပြီး မိသားစု အိမ်နီးနားချင်း များကို အကျိုးပြုသောသူ၊ အထူးသဖြင့် ခမည်းတော် ဘုရားသခင်၏ အလိုတော်ကို ဆောင်သောသူတစ်ဦး ဖြစ်ကြောင်း ကလေးများကို ပြောပြပါ။ ဘုရားသခင်သည် ကျွန်ုပ်တို့အားလည်း သူ၏အလိုတော်အတိုင်း အသက်ရှင်သောသူများ ဖြစ်စေလိုသည့်အကြောင်း ကလေးများကို တိုက်တွန်းပါ။ ဘုရားသခင်၏ အလိုတော်ကို ဆောင်နိုင်သည့် အကောင်းဆုံးသော နည်းလမ်းမှာ ကျွန်ုပ်တို့အပြစ်များကို နောင်တရပြီး သားတော်သခင်ယေရှုခရစ်တော်အား မိမိ၏ ကယ်တင်ပိုင်ရှင်သခင်အဖြစ် ယုံကြည် လက်ခံခြင်းပင် ဖြစ်သည်။*

**သင်ခန်းစာကို ပြီးမြောက်စေပါ။**
**ပြပါ။** FBI ကောင်းကင်တမန်သည် ယောသပ်ထံ ထင်ရှားသည်။

**သင်ယူစေပါ**

အဓိကသော့ချက်ကျမ်းဖြစ်သော ***ရှင်မဿဲ၊ ၂း ၁၅*** ၏ လိုအပ်သောအပိုင်းကို ရှင်းပြပြီး သင်ပေးပါ။

**သင်ခန်းစာကို မှတ်မိသတိရစေပါ။**

ပုံပြင်အား ပြန်လည်သုံးသပ်သည့်အနေဖြင့် ကလေးများထံ အောက်ပါမေးခွန်းများကို မေးပါ။

- ပညာရှိများ ပြန်ထွက်သွားပြီးနောက်တွင် ယောသပ်တွင် မည်သည့်အရာ ဖြစ်ခဲ့သနည်း။
- ဘုရားသခင်သည် ယောသပ်အား မည်သည့်အရပ်သို့ သွားရန် ပြောခဲ့သနည်း။
- သူတို့သည် အဘယ်ကြောင့် ထိုအရပ်သို့ သွားရခြင်းဖြစ်သနည်း။
- အဲဂုတ္တုသို့ သွားသောအခါ ယောသပ်သည် သူနှင့်အတူ မည်သူတို့ကို ခေါ်သွားခဲ့သနည်း။
- သူတို့သည် မည်သည့်အချိန်တွင် အိမ်ပြန်လာကြသနည်း။
- သူတို့သည် မည်သည့်မြို့တွင် နေထိုင်ခဲ့ကြသနည်း။
- ယေရှုသည် နာဇရက်တွင် နေထိုင်ခဲ့သည့် အချိန်တွင် မည်သို့ ရှင်သန်ကြီးပြင်းလာခဲ့သနည်း။
- ကျွန်ုပ်တို့သည် ဘုရားသခင်၏ အလိုတော်ကို ဆောင်ရန် မည်သည့်အရာ လုပ်ဆောင်နိုင်သနည်း။

# ဆရာများအတွက် သင်ခန်းစာအမှတ်ပေး လမ်းညွှန်

**အဆင့် (၁) သင်ခန်းစာများ**
- အဓိကပါဝင်သည့် ရောင်စုံခြယ်ခြင်း၊ စကားလုံးအနည်းငယ်စီ ဖြည့်ခြင်းများကို အပတ်တိုင်းအတွက် စာမျက်နှာ (၁)သို့မဟုတ် (၂) မျက်နှာ စာအုပ်ထဲတွင်ရှိသည်။
- ၁လစာ အမှတ် ၄၀ မှ ၁၀ မှတ်အား ၁ပတ်စာ အတွက် ခွဲဝေ သက်မှတ်ထားသည်။
- အဆင့် (၁)သင်ခန်းစာကို သင်ယူသောကလေးများသည် စာကို ကောင်းစွာဖတ်နိုင်လိမ့်မည်မဟုတ်ပေ။ သို့အတွက်ကြောင့် မိဘ၊ အုပ်ထိန်းသူ၊ ခေါင်းဆောင်မှ ကူညီပေးစေလိုသည်။ သင်ခန်းစာ တစ်ခုစီတိုင်းအတွက် ရောင်စုံခြယ်အမှတ် (၁၀)မှတ်နှင့် အဖြေတစ်ခုစီအတွက် ၂ မှတ်စီ ခွဲပေးထားသည်။

**အဆင့် (၂) သင်ခန်းစာများ**
- တစ်ပတ်စာအတွက် စာမျက်နှာ (စာအုပ်ငယ်ထဲ၌ ၄ မျက်နှာ)
- ပုံပြင်တွင် သင်ခန်းစာများ ပါဝင်သည်။ သင်ခန်းစာမှ စကားလုံးအမျိုးမျိုးကို ကျောင်းသားများမှ ရှာဖွေရမည်။ ရောင်စုံခြယ်ခြင်းအချို့ ပြုလုပ်ပါ။ အဓိကသော့ချက်ကျမ်းကို ပြည့်စုံစွာ ရေးပါ စသည်ဖြင့် ပြုလုပ်ပါ။
- သင်ခန်းစာများ အားလုံးပြီးဆုံးသည့်အခါ ၁လစာ ရမှတ် ၈၀ မှ ရမှတ် ၂၀ အား ၁ပတ်စာ အတွက် ခွဲဝေ သတ်မှတ်ပေးထားသည်။

**သမ္မာကျမ်းစာလေ့လာချိန် သင်ခန်းစာအား အမှတ်ပေးခြင်း**

**အမှတ်ပေးစည်းမျဉ်း အရိပ်အမြွက်**
ဆရာများသည် ဤအရာကိုလုပ်ဆောင်ရမည်။ ပထမတွင်
- သင်ခန်းစာများကိုစစ်ဆေးပြီး အဖြေများကို အမှားအမှန်အရ အမှတ်ပေးပါ။
- သင်ကြားပေးသည့်အတိုင်းဖြစ်ပါက သဘောကျသည့် အချက်များအတွက် ဆုပေးပါ။
- ခြားနားသော အရောင်များနှင့် အမြဲအမှတ်ခြစ်ပါ ။အဖြေမှန်များကို ခြစ်ပါ။
- မဖြစ်မနေ လိုအပ်ပါက မှားသော နေရာတွင် အဖြေမှန်ကိုပြင်ပေးပါ။ စာလုံးပေါင်း သတ်ပုံအမှားများကို ပြင်ပေးပါ။ ဤအရာများအတွက် အမှတ်မနုတ်ပါနှင့်။
- တဝက်တပြတ် ဖြေထားသော အဖြေများကို အမှတ် နည်းနည်း ပေးပါ။
- ၁လစာအတွက် အမှတ်များကို ပေါင်းထည့်ပါ။ ကျောဘက်ရှိ အမှတ်ပေးစည်းမျဉ်းဇယားတွင် ပေါင်းထည့်ပါ။

သဘောထားကြီးပြီး တရားမျှတမှုရှိရန် လိုအပ်သည်။ သူတို့၏ ကျမ်းစာလေ့လာခြင်း နှင့် ကျောင်းသားများအား ခွန်အားပေးတိုက်တွန်းရန် အားလုံးကို အကောင်းဆုံး လုပ်ဆောင်ပေးရန် လိုအပ်သည်။ ကျောင်းသားများထံ ခွန်အားပေးသော စကားကို လစဉ် ရေးပေးခြင်းသည် ဆရာများအတွက် အကောင်းဆုံးဖြစ်ပြီး အထောက်အကူပြုပေလိမ့်မည်။ ဤအရာကို လုပ်ဆောင်နိုင်ရန်အတွက် သင်ခန်းစာ စာရွက်တွင် နေရာလပ် ပြင်ဆင်ပေးထားသည်။ ဝေဖန်ချက်များကို ဖော်ပြရာတွင် ရောင်စုံကောင်းကောင်းခြယ်နိုင်တယ်၊ သေသပ်တယ်၊ ကြိုးစားမှုရှိတယ် စသည်ဖြင့် ကလေးများ သင်ခန်းစာအပေါ် နားလည်မှုကို ကြည့်၍ ဖော်ပြသွားရမည်။

အတက်နိုင်ဆုံး မတူညီသည့် ဝေဖန်ချက်များကို ပေးသွားရမည်ဖြစ်သည်။ မေးခွန်းများ၊ ဖော်ပြချက်များ၊ ရှာဖွေတွေ့ရှိချက်များ၊ ခွန်အားပေးနှိုးဆော်မှုများ စသည်ဖြင့် ကွဲကွဲပြားပြား ဖြစ်အောင် ကျွန်ုပ်တို့ အသုံးပြုနိုင်သည်။ စဉ်းစားတွေးတောရန် တောင်းဆိုထားသော်လည်း ကျောင်းသားများ၏ အသက်တာတွင် စိတ်ဝင်တစားလုပ်ဆောင်ရန် အလွန်အရေးကြီးသည်။ တူညီသည့် အကြောင်းအရာ သို့မဟုတ် မေးခွန်းများလစဉ် ထပ်နေပါက အကျိုးသက်ရောက်မှုကို ဆုံးရှုံးစေမည်ဖြစ်သည်။

**အဆင့် (၁)**
**ယေဘူယျဝေဖန်ချက်**
"အေမီ - ဤသင်ခန်းစာကို လာရောက်သင်ကြားသည့်အတွက် အလွန်ဝမ်းသာပါတယ်။ ဤသင်ခန်းစာကို သင်ယူရသည့်အတွက် သမီးပျော်ရွှင်လိမ့်မည် လို့ ဆရာမမျှော်လင့်ပါတယ်။ သမီးရောင်စုံခြယ်ထားတာလှတယ် ။ သမီးကျောင်းတက်နေပြီးလာ ။ဆရာမကို ပြောပြပါဦး။ မြန်မြန်ပြောပါ ဆရာမစောင့်နေတယ်။"
"အန်ဒရူး - မင်းကောင်းကောင်း လုပ်နိုင်တာပဲ။ အို- ထူးထူးခြားခြား အရောင်ခြယ်ထားတာပဲ။ မျဉ်းအတွင်းထဲမှာရေးဖို့ ဘာကြောင့် ခက်ခဲတာလဲ။ နောက်ဆုံး သင်ခန်းစာ အတွက် ရောင်စုံ ခြယ်သည့်အခါ အစက်သေးသေးလေးကို မင်းကျန်ခဲ့တယ် စသည်ဖြင့် ဝေဖန်နိုင်သည်။"

**ဝိညာဉ်ရေးဆိုင်ရာ ဝေဖန်ချက်။**
"စာရာ - မင်းကောင်းစွာလုပ်ထားတာပဲ ။ယေရှုသည် သူအား ကူညီပေးခဲ့သည့်အတွက် တပ်မှူးသည် မည်မျှပျော်ရွှင်သောသူ ဖြစ်ရပါသနည်း။ ကောင်းသောအဖြေပဲ ། သခင်ယေရှု ပုံပြင်ထဲ၌ သေခြင်းသည် ဝမ်းနည်းစရာဖြစ်သော်လည်း သူ၏ရှင်ပြန်ထမြောက်ခြင်းသည် အလွန်ဝမ်းမြောက်စရာပင်ဖြစ်သည်။"
"အိုး -အကောင်းဆုံးအဖြေပဲ။ ဖိလိပ္ပုနှင့် တောထဲတွင် တွေ့သောသူသည် ဝမ်းမြောက်လျှက် ထွက်သွားခဲ့သည်။သခင်ယေရှု အကြောင်းကို သူကြားပြီး ယုံကြည်ခဲ့သည်။"

**အဆင့် (၂)**
**ယေဘူယျဝေဖန်ချက်**
" ကောင်းသောအဖြေပဲ ဂျိုအဲနာ ကျောင်း၌သမီး၏ဆရာက သမီးရဲ့အဖြေကို အားရကျေနပ်လိမ့်မယ်လို့ ဆရာမ ယုံတယ်။"
"သားရဲ့ မွေးနေ့ မကြာခင် ရောက်တော့မယ်မဟုတ်လား။ ကောနာ ။တခုခုကို သား ပြင်ဆင်ထားပါသလား။ သား ဘာပဲလုပ်လုပ် ကောင်းသောနေ့ ဖြစ်ပါစေကွယ်။"

**ဝိညာဉ်ရေးဆိုင်ရာ ဝေဖန်ချက်**
"နွားစာခွက်ထဲ၌ နေသော သူငယ်တော် ယေရှုပုံကို သား ရောင်စုံခြယ်ထားတာ ဆရာမ သဘောကျတယ်။"
"သူ၏သားတော်ကို လောကသားအတွက် ပေးဆက်ခြင်းသည် ဘုရားသခင်၏ ကောင်းမြတ်ခြင်းပဲ မဟုတ်ဘူးလာ။"
"သမီးရောင်စုံခြယ်ထားတာ ဆရာ သဘောကျတယ်။ ဘုရားသခင်၏ စကားတော်ကို နားမထောင်သည့်အတွက် ဇာခရိ အဖိုးအခ ပေးခဲ့ရတယ်။ နောက်အခါ ဘုရားသခင်ရဲ့စကားတော်ကို သူသံသရ မရှိတော့ဘူး။"
"မင်းတော်တော် ကြိုးစားထားတာပဲ။ အမှားနည်းနည်းလေးပဲ ရှိတယ်။အချိန်တိုင်း မင်းရဲ့အဖြေကို စစ်ဖို့မမေ့နဲ့နော။"

© Bible Educational Services 2019

www.besweb.com

Registered Charity UK 1186004

01/2022
MY-Burmese